ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 September 2021 ၁၀၄၉၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့တာဝန်ထမ်းဆောင်သည့် တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ကောင်းမွန်တိုးတက်အောင် မိမိတို့ တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး လိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်သဖြင့် စည်းကမ်းသေဝပ်၍ အမိန့်နာခံမှု ကောင်းစွာဖြင့် လုပ်ဆောင်ကြစေလိုကြောင်းနှင့် မိမိတို့ တာဝန်ထမ်းဆောင်သည့် တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ကောင်းမွန်တိုးတက်အောင် မိမိတို့ တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိက အရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာ ဆရာမများ၊ သင်္ဘေအရာရှိ၊ စစ်သည်၊ မိသားစုများအား စစ်တက္ကသိုလ်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**

## ကြေးမုံ ယနေ့ ဖတ်စရာ

**NUG ရဲ့ တော်လှန်ရေး ... ဘာလဲ၊ ဘယ်လဲ** စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ရောဂါအတွက် ဆေးခါးကြီး (ငရုတ်ခါး) အစွမ်း** စာမျက်နှာ » ၁၉



**ဂရုဗမ္မ အခါတော်နေ့နှင့် လှေသဘင်ပွဲတော်** စာမျက်နှာ » ၉




**ကိုဗစ် တတိယလှိုင်းနှင့် လေကြောင်း စီးပွားရေး** စာမျက်နှာ » ၁၁

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါကို မျက်ခြည်မပြတ်စောင့်ကြည့်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ တဖြည်းဖြည်းကျဆင်းလာပြီဖြစ်သည်။ ရက်အလိုက်စောင့်ကြည့်မှုအရ စက်တင်ဘာ ၅ ရက်မှ ၁၂ ရက်အတွင်း ရောဂါတွေ့ရှိမှုမှာ ၁၀ ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကိုတွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု၊ ပိုးတွေ့ရှိမှုရာခိုင်နှုန်း ထက်ဝက်ကျဆင်းရေး ရည်မှန်းကာ မျက်ခြည်မပြတ်အလေးထား၍ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခဲ့သောကြောင့် တိုးတက်မှုများရရှိနေသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီသည် အရေးပေါ် တုံ့ပြန်ရေးကော်မတီအစည်းအဝေးကို တစ်ပတ်လျှင်နှစ်ကြိမ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၏ စေတနာရှေ့ထား၍ နိုးကြားတက်ကြွစွာဆောင်ရွက်ပေးမှု၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြီးခဲ့သည့်ဇူလိုင်လက ကိုဗစ်ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း ၄၀ ဝန်းကျင်မှ ယခုအပတ်အတွင်း ရှစ်ရာခိုင်နှုန်းအထိ ကျဆင်းလာပြီဖြစ်သည်။ သို့သော် ကျန်းမာရေးဝန်ကြီးဌာန၏ သုံးသပ်ချက်၊ နိုင်ငံတကာကျန်းမာရေးစံနှုန်းတို့အရ စိတ်ချရသည့်အနေအထားဖြစ်သည့် ငါးရာခိုင်နှုန်းအောက်ရောက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရုံးပိတ်ရက်ရှည် နှစ်လတာကာလ သတ်မှတ်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်နိုင်ခဲ့ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ကုသဆေးနှင့် အထောက်အကူပြုပစ္စည်းတင်သွင်းမှုများနှင့်ပတ်သက်၍ ကန့်သတ်ချက်များအား ဖြေလျှော့ပေးခြင်း၊ ပယ်ဖျက်ပေးခြင်း၊ ပြည်သူလူထုအားလုံး၊ ဝန်ထမ်းများအားလုံးတို့ ပူးပေါင်းဆောင်ရွက်ခြင်းများနှင့် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ကုသဆေးနှင့် အထောက်အကူပြုပစ္စည်းများ ကူညီပံ့ပိုးရောင်းချပေးသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်လအချိန်ကာလအတွင်း ကူးစက်မှုရာခိုင်နှုန်း ကျဆင်းလာခြင်းဖြစ်သည်။

ထိုသို့ ပြည်သူလူထု ရောဂါကင်းဝေးကျန်းမာရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်နေချိန်တွင် အချို့သောပြည်တွင်း၊ ပြည်ပမှ မလိုလားသူများက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ကုသရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးရေးလုပ်ငန်းများအား နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို ဝမ်းနည်းဖွယ်တွေ့ရသည်။ နိုင်ငံတော်က ထိုးနှံပေးသည့်ကာကွယ်ဆေးများ၏ ထိရောက်မှုများအပေါ် ယုံကြည်မှုကင်းမဲ့စေရန် မဟုတ်မမှန်ပြောဆိုမှုများအပြင် မြေပြင်တွင် ဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်း နှောင့်ယှက်ဖျက်ဆီးနေကြသည်ကိုတွေ့ရသည်။ နိုင်ငံတကာက အသိအမှတ်ပြုထားသော လူသားချင်းစာနာထောက်ထားမှုနှင့် ကျန်းမာရေးဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်တို့ကို ဖောက်ဖျက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေးထိုးနှံသူများ မလာရဲအောင်၊ မလုပ်ရဲအောင်၊ ကြောက်ရွံ့အောင်၊ လုပ်ငန်းပျက်အောင် ဗုံးခွဲတိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ၎င်းလုပ်ရပ်များသည် မဖြစ်သင့်မဖြစ်ထိုက်သော ကျန်းမာရေးဆိုင်ရာအကြမ်းဖက်မှုဖြစ်ပြီး လူတစ်ဦးချင်းဆိုင်ရာ လူ့အခွင့်အရေးကို အကြမ်းဖက်ခြင်းလည်းဖြစ်သည်။ ထိုလုပ်ရပ်များအား မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့မည်သည့်နိုင်ငံကမျှ လက်ခံကြမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းလက်တွဲဆောင်ရွက်မှုကြောင့် အနှောင့်အယှက်များကြားမှ အောင်မြင်မှုများ ရရှိလာပြီဖြစ်သည်။ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းအပေါ် နှောင့်ယှက်ဖျက်ဆီးကြသော အဖျက်သမားများကိုလည်း ထိထိရောက်ရောက်တုံ့ပြန်ကာကွယ်လျက်ရှိသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသရသည့်လူနာများ လျော့ကျလာသဖြင့် အခြားရောဂါများကုသရေးနှင့် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်ကုသရေးဆိုင်ရာတို့ကို ဆေးရုံများတွင် အသင့်ဆောင်ရွက်နိုင်မှုအခြေအနေကောင်းများ ရှိလာပြီဖြစ်သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု လျော့ကျလာသော်လည်း ပြည်သူများအနေဖြင့် ကိုဗစ်ဆိုင်ရာစည်းကမ်းများကို လိုက်နာမှုအားနည်းလာပါက ရောဂါဖြစ်ပွားမှု ဆက်လက်မကျဆင်းဘဲ ဖြစ်ပွားနှုန်းပြန်တက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိပေးချက်တို့ကို သက်ဆိုင်ရာတို့က အဆက်မပြတ်ပြုလုပ်ပေးကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနှုန်းမှာ ရှစ်ရာခိုင်နှုန်းရှိပြီး ရောဂါတစ်ဝက် ဆက်လက်ကျဆင်းစေရန်အတွက် ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဆက်လက်လိုက်နာကာ ကိုဗစ်-၁၉ ရောဂါကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေကြရမည်ဖြစ်ပါကြောင်း။ ။

## နေပြည်တော် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြေယာရှုခင်းလုပ်ငန်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အဝင် ဆိုင်းဘုတ်အနီး ပန်းအလှပင်များ လဲလှယ်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ နေပြည်တော်မြို့အဝင် လမ်းဘေးဝဲယာရှိ မြေယာရှုခင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရာဇဌာနီလမ်းနှင့် ရာဇသင်္ဂဟလမ်းဆုံရှိ ကုမုဒြာကြာပန်းအဝိုင်းတွင် ပန်းအလှပြုပြင်ခြင်းနှင့် မြေယာရှုခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## လှည်းကူးမြို့နယ် ဝါးနက်ကုန်း(ရွာမကွက်သစ်) ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်

**လှည်းကူး စက်တင်ဘာ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးနက်ကုန်း(ရွာမကွက်သစ်) ကျေးရွာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုနှင့် ရေသန့်စင်စနစ်ဖြင့် ပိုးမွှားကင်းစင်သော သောက်သုံးရေရရှိမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရေသန့်စင်စက်နှင့် ရေသန့်စင်စနစ် တပ်ဆင်ပြီးစီးမှုကြောင့် ယင်းကျေးရွာရှိ အိမ်ထောင်စု ၂၅၅ စုမှ ဒေသခံပြည်သူ ၁၀၅၅ ဦးတို့ သန့်ရှင်းပြီး ပိုးမွှားကင်းစင်သော သောက်သုံးရေများ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးမှ သိရသည်။

ဉာဏ်ဟိန်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၂,၃၄၇ | ၂၀,၈၈၈,၄၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁၄,၈၄၄ | ၄၆,၀၁၆,၄၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၂၃၅ | ၄,၈၁၇,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၀၁ | ၂၇၇,၇၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၉၀ | ၂၇၉,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၉ | ၄၃,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၆၉.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၁.၅၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၁၉၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၂၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၅၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၅.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၃.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၀.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၅၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်းသတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်

**တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက် လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှုသည် ဇွန်လနှင့် ဇူလိုင်လတို့တွင် အဆိုးဆုံးအခြေအနေဖြစ်ပေါ် ခဲ့ပြီး သေဆုံးမှုနှုန်းလည်း မြင့်မားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာမှုကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရန် မိမိကိုယ်တိုင်ဦးဆောင်၍ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို တက်ညီလက်ညီဖြင့် ဆောင်ရွက်ခဲ့**

❒ ရှေ့ဖုံးမှ

ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြား စဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ကျောင်းအုပ်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိက အရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာ ဆရာမများ၊ သန္ဒေအရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**အဓမ္မနည်းဖြင့်ရယူရန်ကြံစည်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်အတွက် တပ်မတော်၏ အရေးပါမှုအခန်းကဏ္ဍကို အရာရှိ၊ စစ်သည် မိသားစုများသိရှိစေရန် အနည်းငယ် ပြောကြားလိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမို ကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့ သည့် မဲမသမာမှုဖြစ်ပွားနိုင်သော မဲစာရင်းကြီးမားစွာ မှားယွင်းမှုများကို စိစစ်တွေ့ရှိရသဖြင့် တာဝန်ရှိသူ အဖွဲ့အစည်း အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေး နိုင်ရေး တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့် အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့်ရယူရန်ကြံစည် ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေအဖြစ်ကြေညာကာ ယာယီ သမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်း ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေ သည့် အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံ့အတွက် အရေး ကြီးလှသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်မသွားစေရန် လုပ်သင့်လုပ်ထိုက်၊ ပြောသင့် ပြောထိုက်သည်များကို ရွေးကောက်ပွဲမတိုင်မီကာလ များကပင် ထောက်ပြပြောဆိုခဲ့သော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့် ရွေးကောက်ပွဲဥပဒေ များကို ကျော်လွန်လုပ်ဆောင်ခဲ့သည့် အခြေအနေ များကို တွေ့ရှိရသောကြောင့် ယခုကဲ့သို့ အခြေအနေ များအထိ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် တပ်မတော်အနေ ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း။

**နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များ ကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန် တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုသည် ဇွန်လနှင့် ဇူလိုင်လ တို့တွင် အဆိုးဆုံးအခြေအနေဖြစ်ပေါ်ခဲ့ပြီး သေဆုံးမှု နှုန်းလည်း မြင့်မားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန် လာမှုကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ပိုမိုထိရောက် စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင် ဦးဆောင်၍ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တက်ညီလက်ညီဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါ ခံစားနေရသူများအတွက် အဓိကလိုအပ်ချက် ဖြစ်သည့် အောက်ဆီဂျင်လိုအပ်ချက်များကို အမြန်ဆုံးရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက် ပေးခဲ့ကြောင်း၊ ထို့ပြင် ကာကွယ်ဆေးများရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ရရှိလာသည့် ကာကွယ် ဆေးများကို ဒေသအလိုက် ဦးစားပေးအုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိကြောင်း၊ လက်ရှိ အချိန်တွင် ကူးစက်ဖြစ်ပွားနှုန်း လျော့ကျလာလျက် ရှိသည်ကို တွေ့ရှိရပြီး တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူတို့၏ ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ ကူးစက်ဖြစ်ပွားမှု နှုန်းကို ထိရောက်စွာ ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**ကြိုးပမ်းလုပ်ဆောင်**

ထို့ပြင် ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံး ကုစားပေး နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း အလုပ် သမားရှားပါးခြင်း၊ လုပ်အားခစရိတ်၊ သယ်ယူ ပို့ဆောင်မှုစရိတ်မြင့်မားမှုများကြောင့် စီးပွားရေးတွင် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရ ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အဓိကထုတ်လုပ်သည့် နိုင်ငံဖြစ် သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆက်မပြတ် စေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုမြင့်မား ပါက ထုတ်လုပ်သူ၊ အလုပ်သမား၊ ဆက်စပ်လုပ်ငန်း များသာမက ပို့ကုန်ပမာဏကိုပါ မြှင့်တင်နိုင်မည် ဖြစ်သဖြင့် နိုင်ငံ၏ စီးပွားရေးကိုလည်း မြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆန်နှင့် ရေထွက် ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရလျက် ရှိသော်လည်း ဆီနှင့် အချို့သော ကုန်ပစ္စည်းများ ကို တင်သွင်းနေရသောကြောင့် ပြည်တွင်းကုန် ထုတ်လုပ်မှုမြင့်တက်လာစေရေးကြိုးပမ်းလုပ်ဆောင် လျက်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့်ပတ်သက် ၍ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်ခွင့်ပြုထားပြီး အခြားပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်**

တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိ ပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ပြီး အခြေခံ မှာ အတန်းပညာတတ်မြောက်ရန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် ကျောင်းများကို နိုင်ငံတော်၊ မိဘနှင့် ကာယကံရှင် ကျောင်းသား ကျောင်းသူများတွင် နစ်နာမှုများ ဖြစ်ပေါ်မှုမရှိစေရေး ပြန်လည်ဖွင့်လှစ်သင်ကြား စေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းများ ယာယီ ပိတ်ထားခဲ့ရပြီး ကောင်းမွန်စွာ ထိန်းချုပ်နိုင်သည့် အချိန်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အထက်တန်း ပညာ မသင်ကြားဖူးသူနှင့် စာလုံးဝမတတ်မြောက်သူ ဦးရေသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိ ရသဖြင့် ပညာရေးနှင့်ပတ်သက်ပါက အလေးထားဆောင်ရွက် သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်း တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ တွင် လွတ်လပ်ရေးရရှိသည့် အချိန်ကတည်းကပင် နိုင်ငံရေးအရ၊ တိုင်းရင်း သားရေးအရ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရသဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရ ငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပပေး သွားမည်**

**ပြန်လည်ကျင်းပပေးသွားမည်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိသည့် အချိန်ကတည်းကပင် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေး အရ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရသဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ဖြစ်ပြီး လိုအပ်ချက်အရ နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူ ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်နှင့် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် ဆောင်ပုဒ် အတိုင်း မိမိထမ်းဆောင်ရသည့် တာဝန်များကို ကျွမ်းကျင်မှုရှိအောင် အမြဲမပြတ် လေ့လာရန်၊ လေ့ကျင့်ရန်နှင့် စစ်စည်းကမ်းကို တိကျစွာ လိုက်နာ ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်ပြီး စည်းကမ်းသေဝပ် ၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ကြစေလို ကြောင်း၊ မိမိတို့သင်ကြားခဲ့ရသည့် စစ်နည်းဗျူဟာ များကို ပိုင်နိုင်ကျွမ်းကျင်မှုရှိအောင် လေ့လာလေ့ကျင့် ရုံသာမက လက်တွေ့စစ်မြေပြင်တွင်လည်း ထိရောက် စွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အခြေခံစစ်နည်း ဗျူဟာနှင့် စစ်ပညာများကို လိုက်နာမှုမရှိပါက စစ်မြေပြင်တွင် ပေးဆပ်မှုများ ကြီးမားနိုင်သည် ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်းအနေဖြင့် ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်နေရမည် ဖြစ်ကာ စစ်စည်းကမ်းနှင့် အမိန့်နာခံမှုကောင်းမွန် ရမည်ဖြစ်ကြောင်း။

**လေ့ကျင့်သင်ကြားပေးရမည်**

ပြင်ဦးလွင်တွင် တပ်မတော်လေ့ကျင့်ရေး သင်တန်းကျောင်းများစွာရှိပြီး လေ့ကျင့်ရေး၏ အခြေခံဘူမိနက်သန်ပင်ဖြစ်သည့်အတွက် အရည် အချင်းပြည့်ဝပြီး အရည်အသွေး ထက်မြက်ကောင်း မွန်သည့် အရာရှိ၊ စစ်သည်များ ထွက်ပေါ်လာအောင် နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ကြောင်း၊ သင်တန်းသားများ၏ အရည်အသွေး မြှင့်တင်နိုင်ရေး အမြဲမပြတ် လေ့လာဖော်ထုတ်နေရ မည်ဖြစ်ကာ သင်တန်းဆင်းလာပါက ၎င်း၏ အရည် အချင်းနှင့်ကိုက်ညီသည့် လူမှန်နေရာမှန် တာဝန် ပေးအပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အရေ အတွက်ထက် အရည်အချင်းကို ဦးစားပေးဆောင်ရွက် ကြစေလိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိ၊ စစ်သည်များကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်စေရေး အတွက် တပ်မတော်စွမ်းရည်ထက်မြက်ရေး၊ စွမ်းပကားမြင့်မားရေးကို အလေးထားဆောင်ရွက် ပေးခဲ့ပြီး စစ်သည်များ ပညာရည်မြင့်မားရေး၊ မိသားစု များ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့မှုရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊

**စာမျက်နှာ ၄ သို့ ❒**

# အခြေခံနေထိုင်သွားလာစားသောက်မှုပုံစံများမှ အစပြု၍ အရာရှိတစ်ဦးနှင့် လျော်ညီစွာ နေထိုင်သွားလာပြုမူတတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်လောင်းအိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်တို့အား ကြည့်ရှုစစ်ဆေးစဉ် မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၄** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၆၄) စစ်လက်ရုံးရွေးချယ်ပွဲသို့ဆက်လက် တက်ရောက် စိစစ်ရွေးချယ်သည်။

**စိစစ်ရွေးချယ်ပေး**

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်လောင်းအိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်တို့အား လိုက်လံကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထိုသို့ လိုက်လံကြည့်ရှု စစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ်သည် အနာဂတ် ခေါင်းဆောင်များကို မွေးထုတ်ပေးရာ ကျောင်းတော်ကြီးတစ်ခုဖြစ်သဖြင့် အရည်အချင်းပြည့်ဝပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသည့် ဗိုလ်လောင်းများ ထွက်ပေါ်လာစေရန် စနစ်တကျ ကြပ်မတ်မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ အခြေခံ နေထိုင်သွားလာစားသောက်မှုပုံစံများမှ အစပြု၍ အရာရှိတစ်ဦးနှင့် လျော်ညီစွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဗိုလ်လောင်းအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။

နေထိုင်သွားလာပြုမူတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းတစ်ဦးအနေဖြင့် ရသင့်ရထိုက်သည့် စစ်ဝတ်အသုံးအဆောင် ပစ္စည်းများကို သတ်မှတ်ကာလများအတိုင်း ထုတ်ပေးသွားရန်လိုပြီး မိမိတို့ နေထိုင်ရသည့် အိပ်ဆောင်တွင် စည်းကမ်းစနစ်တကျ နေထိုင်တတ်စေရန်နှင့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြင့် အသုံးပြုတတ်စေရန် ကြပ်မတ်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ စားရိပ်သာများအနေဖြင့် တစ်နေ့တာ ရသင့်ရထိုက်သည့် အချိုးအစားအတိုင်း စနစ်တကျ တွက်ချက်ချက်ပြုတ်ကျွေးမွေးရန်နှင့် စားရိပ်သာများ၊ စားချက်ဆောင်များ သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ကိုက်ညီမှုရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ဇေယျတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အောင်ဇေယျတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြစဉ်။

---

❐ စာမျက်နှာ ၃ မှ

ထို့ပြင် မိမိတို့နိုင်ငံ လူဦးရေ၏ ၅၂ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သောကြောင့် အမျိုးသမီး အရာရှိ၊ စစ်သည်များ ထွက်ပေါ်လာအောင် လုပ်ဆောင်ပေးခဲ့ကာ နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

**ရိုးသားကြိုးစားစွာ ဆောင်ရွက်**

ထို့ကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့၏ ကိုယ်စီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ မိမိဘဝတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ လုပ်ဆောင်ကြရာတွင်လည်း ရောင့်ရဲတင်းတိမ်သည့် စိတ်ဖြင့် ရိုးသားကြိုးစားစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိ ဝင်ငွေနှင့် ထွက်ငွေ မျှတအောင် နေထိုင်သွားကြရန်တိုက်တွန်းလိုပြီး မိမိတို့၏ ကြိုးစားမှု၊ စည်းကမ်းလိုက်နာမှု၊ ကျန်းမာရေးကောင်းမွန်အောင် နေထိုင်စားသောက်မှုများအလိုက် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အသိတရား၊ သတိတရား လက်ကိုင်ထား၍ မိမိတို့၏ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကို အသုံးချကာ ဘဝကို တည်ဆောက်ကြစေလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သည့် တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ကောင်းမွန်တိုးတက်အောင် မိမိတို့ တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ကြစေလိုကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးကေ ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးကေ နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးကေ ၁၅ သန်းတွင် တစ်ကေ တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ကေ စပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီမှ တင်ပြချက်များနှင့် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်မှုတို့အပေါ် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက် ၇ နာရီမှစတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်တို့ အစည်းအဝေး၊ (၅)ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်)စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယစီးပွားရေးဝန်ကြီးများအစည်းအဝေး၊ (၁၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေးကော်မရှင်နာတို့ အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။




### တက်ရောက်

အဆိုပါအစည်းအဝေးများတွင် အာဆီယံစီးပွားရေးဝန်ကြီးများ၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်(ဝန်ကြီး)၊ ဟောင်ကောင်(တရုတ်)၊ အိန္ဒိယ၊ ရုရှားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အီးယူကုန်သွယ်ရေးကော်မရှင်နာ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးများတွင် ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် သက်ဆိုင်ရာဆွေးနွေးဖက်နိုင်ငံများမှ ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီးများက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန်ကုန်သွယ်ရေး ကော်မရှင်နာတို့ အစည်းအဝေးတွင် အမေရိကန်နိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် H.E. Katherine Tai နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက အမေရိကန်နိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပံ့ပိုးပေးလျက်ရှိသည့် နည်းပညာဆိုင်ရာ အကူအညီများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ-အမေရိကန် စီးပွားရေးဝန်ကြီးများက အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင် ၂၀၂၁-၂၀၂၂ ခုနှစ် လုပ်ငန်းအစီအစဉ်ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို ဦးတည်ဆောင်ရွက်သွားရန် လိုအပ်မှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများပံ့ပိုးပေးသွားရန် အလေးပေးဆွေးနွေးခဲ့သည်။

### ကြိုဆို

ဆက်လက်၍ (၅)ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်)စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဟောင်ကောင် (တရုတ်) ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Edward Yau Tang-wah နှင့် အာဆီယံစီးပွားရေးဝန်ကြီးများက အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်နှင့် အာဆီယံ-ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံများအားလုံး အသက်ဝင်မှုအပေါ် ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဝန်ကြီးများက အာဆီယံ-ဟောင်ကောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် အသစ်ထပ်မံတိုးချဲ့ထည့်သွင်းသည့် နယ်ပယ်ငါးခုဖြစ်သည့် လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားရောဂါကင်းစင်စေရေး (SPS)၊ စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေးကိုက်ညီမှုစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများ (STRACAP)၊ မူပိုင်ခွင့်(IP)၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အပေါ် အတည်ပြုခဲ့ပြီး အာဆီယံ-ဟောင်ကောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၀-၂၀၂၁)အောက်မှ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် ဟောင်ကောင် (တရုတ်)က ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သို့ ဝင်ရောက်ရန် စိတ်ဝင်စားမှုအပေါ် ဝန်ကြီးများက ကြိုဆိုခဲ့ကြသည်။

### ဆွေးနွေး

မွန်းလွဲပိုင်းတွင် (၁၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Anupriya Patel နှင့် အာဆီယံစီးပွားရေးဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ အာဆီယံ-အိန္ဒိယစီးပွားရေးကောင်စီမှ တင်ပြချက်များနှင့် အာဆီယံ-အိန္ဒိယကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်မှုတိုးတက်မှုတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကို ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် မြန်မာနှင့်အိန္ဒိယအကြား နယ်စပ်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေးပြန်လည်ထူထောင်ရန် ကုန်သွယ်ရေးအရာရှိများနှင့် ပုဂ္ဂလိကကဏ္ဍပါဝင်သည့် ပူးတွဲလုပ်ငန်းကော်မတီတစ်ခုတည်ထောင်ရန် အဆိုပြုခဲ့သည်။ ပြည်ထောင်စုဝန်ကြီး၏ အဆိုပြုချက်ကို အိန္ဒိယနိုင်ငံ စီးပွားရေးဝန်ကြီးက အသိအမှတ်ပြုကြောင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

### အမြင်ချင်းဖလှယ်

ဆက်လက်၍ (၁၇)ကြိမ်မြောက် အာဆီယံ-အီးယူစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ အီးယူကုန်သွယ်ရေးကော်မရှင်နာ H.E. Valdis Dombrovskis နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခန်းကဏ္ဍနှင့် အာဆီယံနှင့် အီးယူတို့အကြား လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရန်အတွက် ညှိနှိုင်းလျက်ရှိသည့် မူဘောင်ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့နောက် အာဆီယံ-အီးယူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် ၂၀၂၀-၂၀၂၁ ကို ဝန်ကြီးများက အတည်ပြုခဲ့သည်။

ဆက်လက်၍ (၁၀)ကြိမ်မြောက် အာဆီယံ-ရုရှားစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီး H.E. Vladimir llyichev နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက ၂၀၁၇ ခုနှစ် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်နှင့် အာဆီယံနှင့်ယူရေးရှား စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ် ၂၀၂၀-၂၀၂၅ ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကို မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် အသစ်ပြန်လည်ရေးဆွဲသည့် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံနှင့် ၂၀၂၁-၂၀၂၅ လုပ်ငန်းအစီအစဉ်တို့ကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

အစည်းအဝေးအသီးသီးက ထုတ်ပြန်သည့် ပူးတွဲကြေညာချက်များကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

**သတင်းစဉ်**

# NUG ရဲ့ တော်လှန်ရေး ... ဘာလဲ၊ ဘယ်လဲ

**ပြည်ထောင်စုသားတစ်ဦး**

ပြီးခဲ့သည့် စက်တင်ဘာလ ၇ ရက်နေ့ကို တော်လှန်ရေးနေ့(D-Day) နေ့အဖြစ် စတင်ကြောင်း NUG အဖွဲ့မှ ယာယီသမ္မတဆိုသူ ဒူဝါလရှီးလက ကြေညာလိုက်သည်။

ချက်ချင်းဆိုသလိုပင် ရိုးသားသောပြည်သူအများစုသည် စိုးရိမ်တကြီး ရိက္ခာ၊ ဆေးဝါးများကို ဝယ်ယူစုဆောင်းကြသည်။ စူပါမားကက်များ၊ ဈေးဆိုင်များ၊ ဆေးဆိုင်များတွင် လူများ ကြိတ်ကြိတ်တိုး စည်ကားသွားသည်။ လူတို့၏ ပယောဂကြောင့် ကုန်ဈေးနှုန်းတို့က တက်ပြန်သည်။

**တစ်ဖက်ပိတ်များ**

နိုင်ငံရေး၊ စစ်ရေးတို့တွင် ဗဟုသုတနည်းပါးသူ တစ်ဖက်ပိတ်များက လူမှုကွန်ရက် စာမျက်နှာထက်တွင် အားရဝမ်းသာ ခေါင်းထောင်ထလာကြသည်။ စစ်ကိုကြိုကြသည်။ အကယ်၍များ အီရတ်၊ ဆီးရီးယား၊ လစ်ဗျားနိုင်ငံတို့လို မြို့ပြစစ်ပွဲများ ပေါ်ပေါက်လာပါက စစ်တလင်းကြားဝယ် အသက်ကိုဖက်ဖြင့်ထုပ်ပြီး ပြေးရလွှားရမည်ကို မစဉ်းစားမိကြ။ ပြေးလို့လွှားလို့ရသည့်တိုင် ဘယ်ကိုပြေးရပ့ါ။ မြို့ပြများကို စွန့်ခွာပြီး ကျေးလက်တောရွာတွေဆီလား၊ အိမ်နီးချင်းနိုင်ငံတွေက နယ်နိမိတ်အထိလား။

တကယ်တမ်းဖြစ်လာပြီဆိုလျှင် မည်သူမျှ မကယ်နိုင်ပါ။ အိမ်နီးချင်းနိုင်ငံများက သွေးမတော်သားမစပ်၊ တစ်စိမ်းတစ်ရံ သင်တို့ကို သူ့နိုင်ငံအတွင်းသို့ ဝန်ထုပ်ဝန်ပိုးအဖြစ်ခံပြီး မည်သူမျှအဝင်ခံမည်မဟုတ်ပါ။ နယ်စပ်တွင်စစ်တပ်ကြီးများချ၍ ပိတ်ဆို့ထားပါလိမ့်မည်။ ကျေးလက်တောရွာများဆီ ခြေဦးလှည့်မလို့လား။ တောမီးလောင်နေစဉ် တောကြောင်တွေက လမ်းမှာလက်ခမောင်းခတ်၍ မိတ်ဆွေတို့ကို စောင့်ကြိုနေပါလိမ့်မည်။ ထိုအခါကျမှ မိတ်ဆွေသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှုအရိပ်အာဝါသကို ပြန်လည်တမ်းတမိလာပါလိမ့်မည် ။ သို့သော် ထိုနောင်တသည် နောင်တ၏နိဂုံးမျှသာ ဖြစ်သွားပါလိမ့်မည်။

သို့ရာတွင် မိတ်ဆွေအားမငယ်ပါနှင့်။ မိတ်ဆွေထက် စုံလုံးကန်းသူများရှိနေကြပါသေးသည်။ အကြမ်းဖက် NUG အဖွဲ့၏တော်လှန်ရေးနေ့(D-Day) နေ့အဖြစ် ကြေညာလိုက်သည်နှင့် မန္တလေး၊ စစ်ကိုင်း၊ ကယားနှင့် ရှမ်းပြည်နယ်များအတွင်းက ဆက်သွယ်ရေးတာဝါတိုင်အချို့ကို PDF အကြမ်းဖက်သမားများက မိုင်းခွဲကြ၊ ဖျက်ဆီးကြသည်။ ရဲစခန်းအချို့ကို ဝိုင်းကြသည်။ အများပြည်သူသွားလာနေသည့် လမ်းများ၊ အဆောက်အအုံများကို ဖုံးခွဲကြသည်။ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ကြသည်။

NUG အဖွဲ့မှ ယာယီသမ္မတဆိုသူ ဒူဝါလရှီးလက ပြည်သူ့ရန်သူများကို စတင်ရင်ဆိုင်တိုက်ခိုက်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တွန်းလှန်တိုက်ဖျက်ကြရန်လှုံ့ဆော်သည်။

သို့တစေ နောက်တစ်နေ့ စက်တင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့လယ်အပါအဝင် မြို့ကြီးများတွင် လူများက အသွားအလာမပျက်၊ ပြကတေ့အတိုင်း ပိုနေမြဲကျားနေမြဲစည်ကားလျက်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အကြမ်းဖက် NUG က ထုတ်ပြန်သည့် ကြေညာချက်သည် မိမိတို့နှင့်မဆိုင်၊ မိမိတို့သဘောမတူ၊ မဟာမိတ်အဖြစ်လက်မှတ်လည်း မထိုးထားဟု ဖြေရှင်းကြသည်။ ကန့်ကွက်ကြသည်။ အမေရိကန်နှင့်ဗြိတိန်အပါအဝင် ကမ္ဘာကလည်း အကြမ်းမဖက်ရန်၊ စေ့စပ်ဆွေးနွေးကြရန်သာဆိုသည်။ ဘုန်းကြီးအမှူ ရွာမပတ်ချင်သည့်သဘောထားကိုပြသည်။

NUG ၏တော်လှန်ရေးသည် မူလဘူတကိုက သန္ဓေမမှန် မျိုးစေ့မမှန်၍ အကောင်အထည်မပေါ်ခင်မှာပင် ပဋိသန္ဓေလျှောရလေသည်။ နိုင်ငံရေးအားဖြင့်လည်း အမြတ်မရ၊ စစ်ရေးအားဖြင့်လည်း အသာစီးမရဖြစ်ရလေသည်။

**နားလည်သူက ခပ်ရှားရှား**

မြန်မာနိုင်ငံတွင် "တော်လှန်ရေး" ဟူသည့် စကားလုံးသည် မျိုးဆက်အလိုက် ရင်းနှီးယဉ်ပါးသောအသုံးအနှုန်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးသမားများက တော်လှန်ရေးဆို၍ အများစုက တော်လှန်ရေးဟုဆိုကြခြင်းဖြစ်သည်။ တော်လှန်ရေး၏သဘောတရားကို နားလည်သူက ခပ်ရှားရှား။

"Revolution" ဟုဆိုသည့် စကားရပ်သည် "လုံးလုံးလျားလျား ပြောင်းလဲပစ်ခြင်း" ဟု အဓိပ္ပာယ်ရသည်။ ကမ္ဘာ့သမိုင်းတွင် ၁၇၈၉ ခုနှစ်က ဖြစ်ပွားခဲ့သော ပြင်သစ်တော်လှန်ရေး၊ နောက်တော့ စက်မှုတော်လှန်ရေး၊ ပြီးတော့ ၁၉၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရုရှားတော်လှန်ရေး၊ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးတို့က ထင်ရှားသည်။ မြန်မာနိုင်ငံတွင်မူ လွတ်လပ်ရေးကြိုးပမ်းမှုကာလက ဖက်ဆစ်တော်လှန်ရေး၊ ထို့နောက် စနစ်တစ်ခုကို ပြောင်းလဲခဲ့သည့် ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးတို့က ထင်ရှားသည်။

> **"မည်သို့ဆိုစေ တော်လှန်ရေးဟူသည်နှင့် လက်ရှိအခြေအနေတစ်ရပ်ကို လုံးလုံးလျားလျားပြောင်းလဲပစ်ရပါမည်။ ထိုသို့လုံးလုံးလျားလျား ပြောင်းလဲရေးအတွက် ကာလ၊ ဒေသ၊ ပယောဂယှဉ်ရပါမည်။ စိတ်ကူးပေါက်တိုင်း၊ စိတ်ထဲရှိတိုင်း လုပ်နိုင်သည့် အရာမဟုတ်ပေ။ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိဟူသည့် ချစ်၍၊ မုန်း၍၊ ကြောက်၍၊ တွေဝေမိုက်မဲ၍သော်လည်းကောင်း ထလုပ်ရသည့် အရာမဟုတ်ပေ"**

မည်သို့ဆိုစေ တော်လှန်ရေးဟူသည်နှင့် လက်ရှိအခြေအနေတစ်ရပ်ကို လုံးလုံးလျားလျားပြောင်းလဲပစ်ရပါမည်။ ထိုသို့ လုံးလုံးလျားလျားပြောင်းလဲရေးအတွက် ကာလ၊ ဒေသ၊ ပယောဂယှဉ်ရပါမည်။ စိတ်ကူးပေါက်တိုင်း၊ စိတ်ထဲရှိတိုင်း လုပ်နိုင်သည့် အရာမဟုတ်ပေ။ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိဟူသည့် ချစ်၍၊ မုန်း၍၊ ကြောက်၍၊ တွေဝေမိုက်မဲ၍သော်လည်းကောင်း ထလုပ်ရသည့် အရာမဟုတ်ပေ။

တော်လှန်ရေးနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက သူ၏လက်တွဲဖော် ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်များကို မေးခွန်းထုတ်ဖူးသည်။

"မင်းတို့ကောင်တွေ အလကား စာအုပ်လေးနှစ်အုပ်၊ သုံးအုပ်ဖတ်ပြီး စကားများနေကြတယ်။ ကဲ–ငါမေးပ့ါမယ်၊ What is Revolution? ကဲ – ဖြေကြစမ်း"

"ရဲဘော်တွေမေးရင် တစ်မျိုးရမယ်၊ ဆိုရှယ်လစ်ကိုမေးရင် အဖြေတစ်မျိုးရမယ်၊ အဲဒီတော့ "တော်လှန်ရေး"ရဲ့အယူအဆကိုတောင် တစ်ဦးနဲ့တစ်ဦး တူညီအောင် မညှိနိုင်သေး၊ မစုစည်းနိုင်သေးဘဲနဲ့ ဘာလို့ဖင်ခေါင်းကျယ်ချင်ရတာလဲ၊ အချင်းချင်းလည်း တည့်အောင် ဘယ်တော့မှမနေကြဘူး။ မင်းတို့မညီညွတ်ရင် အားလုံး --င်စုတ်သွားမယ်၊ သိရဲ့လား" ဟုပြောဖူးသည်။

**တော်လှန်ရေး၏ သရုပ်သကန်ကိုပေါ်လွင်စေ**

တော်လှန်ရေးနှင့်ပတ်သက်၍ မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အမြင်နှင့် အယူအဆက ရှင်းသည်။ ပြတ်သားသည်။ တော်လှန်ရေး၏ သရုပ်သကန်ကိုပေါ်လွင်စေသည်။ ထင်ဟပ်စေသည်။

**"တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုပဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်တယ်။ ရာဇဝင်အကြောင်းအရ မလွဲမရှောင်သာလို့လည်းလိုတယ်။ ဖြစ်ပျက်ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေအချက်အလက်တွေနဲ့ အခြားတစ်လမ်းဖြစ်တဲ့ အခြောက်တိုက်စိတ်ကူးစီမံကိန်းမျိုးတော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိစုံမှိတ်ပြီး အကန်းလိုရမ်းလို့မဖြစ်ဘူး။ တစ်ဖက်တွင်သာ လုပ်တဲ့အလုပ်၊ အလိုအလျောက် လူထုထကြွမှုဖျက်ဆီးရုံအလုပ်ကိုလည်းလက်မခံနိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အကြီးအကျယ်ဆုံးပြုပြင်ဖန်တီးတဲ့ သတ္တိရှိပါတယ်။**

**သို့သော်လည်း ကြမ်းရမယ်ဆိုတာတော့ ကျွန်တော်နားလည်သလောက် တကယ့်တော်လှန်ရေးသဘောတရားမဟုတ်ဘူး။ အမိဝမ်းက ဖွားမြင်လာသောကလေးဟာ မမွေးခင် ပဋိသန္ဓေတည်ရတယ်။ နေ့ရက်စေ့မှ မွေးဖွားရတယ်။ အဲဒီမတိုင်မီမွေးဖွားရင် သေရင်လည်းသေမယ်။ လျှောရင်လည်းလျှောမယ်။ ချည့်နဲ့ရင်လည်း ချည့်နဲ့မယ်။ အင်မတန်ကောင်းခဲတယ်။ ပြီးတော့မွေးဖွားတဲ့အခါမှာလည်း ပြင်းပြင်းထန်ထန်နဲ့ ဖွားရတာရှိတယ်။ သက်သက်သာသာနဲ့ဖွားရတာရှိတယ်။ အမေ၊ အဖေရဲ့ ကျန်းမာရေး၊ လက်သည်လုပ်တဲ့သူ ကျင်လည်မှုအစရှိတဲ့ အခြေအနေတွေအရဖြစ်တာပဲ။ အခုလည်း အဲဒီအတိုင်း တော်လှန်ရေးကို စဉ်းစားမယ်ဆိုရင် တချို့လူတွေက ကြမ်းမှအာဏာသိမ်းရမယ်ဆိုပြီး ပြောကြတယ်။ ကိုင်း၊ ရုရှားပြည်မှာ တော်လှန်ရေးဖြစ်တုန်းက အာဏာသိမ်းယူတဲ့အခါ ကြမ်းခဲ့ရသလား။ ခြုံကြည့်ရင် မကြမ်းခဲ့ရဘူး။ တော်လှန်ရေးရဲ့နောက်ဆုံးအဆင့်ဟာ အာဏာလက်ရသိမ်းပိုက်မှုပဲ။ စတာလင်က တော်လှန်ရေးဆိုတာ အလိုအလျောက်မဖြစ်ဘူး။ ပြင်ဆင်ပြီးလုပ်မှ အောင်မြင်နိုင်မယ်လို့ဆိုတယ်"**

**"လွတ်လပ်ရေးဟာ လမ်းဆုံးမဟုတ်ဘဲ လူတွေရဲ့ကောင်းစားရေးကို ရောက်စေမယ့်လမ်းကြောင်းသာဖြစ်တယ်။ တိုင်းပြည်ပြန်လည်ထူထောင်ရာမှာ အခုရုရှားပြည်သစ်တည်ခါစလို၊ အခုဘီလပ်မှာဖြစ်နေသလို လူတွေဟာ အင်မတန်ခြိုးခြံသည်းခံပြီး ဖွဲ့နေပဲနဲ့ စိစစ်ဆောင်ရွက်လုပ်ကိုင်နိုင်မှ လောင်စာကျပြီး ပြာပုံအတိဖြစ်နေတဲ့ မြန်မာပြည်ကြီးကို စည်ပင်သာယာဝပြောအောင် မနည်းကျုပ်တို့လုပ်ရလိမ့်မယ်ဆိုတာကို ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေဆိုလို့ရှိရင် လူထုနားလည်အောင် ရှေ့ဆောင်ဟောပြောညွှန်ပြပြီး သတ္တိရှိရှိလုပ်ပြရလိမ့်မယ်"**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ထိုထိုသောတော်လှန်ရေးဉာဏ်၊ တော်လှန်ရေးမာန်၊ တော်လှန်ရေးအမြင်၊ တော်လှန်ရေးအတွေး၊ တော်လှန်ရေး၏သဘာဝ၊ တော်လှန်ရေး၏ဒဿနတို့နှင့် ဦးဆောင်မှုဖြင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဆင်နွှဲခဲ့သော ဖက်ဆစ်တော်လှန်ရေးအပြီး သုံးနှစ်မျှ မပြည့်မီမှာပင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးအောင်ပန်းကို ရယူဆွတ်ခူးနိုင်ခဲ့ပေသည်။

**တော်လှန်ရေးဒဿန**

ဆရာကြီးမောင်ထင်၏ တော်လှန်ရေးဒဿနကမူ တိုင်းပြုပြည်ပြု နိုင်ငံတော်သစ် တည်ဆောက်ရေးခေတ်ကာလတွင် တန်ဖိုးရှိလှပေသည်။

**"တို့ဗမာအစည်းအရုံးခေတ်က လူငယ်များသည် ဆူပူထကြွမှုတို့ဖြင့် တော်လှန်ရေးစိတ်ဓာတ်တက်ကြွအောင် လှုံ့ဆော်ရာ၌ လူစွမ်းကောင်းများဖြစ်ကြသည်။ သို့သော် အချို့သောသူတို့၏ အတွေးအခေါ်သည် ဝါးဖတ်ဦးထုပ်ထဲ၌လည်းကောင်း၊ ပင်နီအင်္ကျီထဲ၌ လည်းကောင်း၊ အိမ်တော်ရာထီးထဲ၌လည်းကောင်း၊ ခုံဖိနပ်ထဲ၌လည်းကောင်း ကျန်ရစ်ခဲ့သည်။ ၎င်းတို့အယူအဆများသည် နိုင်ငံရေးကို အဆိုပါဝါးဖတ်ဦးထုပ် ခုံဖိနပ်နှင့် အရင်းတည်၍ ရာထူးအမြတ်ပေါ်လျှင် ကြိုးပမ်းမှုပြီးဆုံးဟူသော အယူအဆဖြစ်ဟန်တူလေသည်။**

**ထို့နောက် တော်လှန်ရေးခေတ်သို့ရောက်လာကြသည်။ လက်နက်ကိုင်တော်လှန်ရေးဆိုသည့်အတိုင်း လက်နက်ကိုင်၍ အလုပ်လုပ်ကြရသည့်အရာ၌ ကျွန်ုပ်တို့၏ တော်လှန်ရေးသမားများသည် လူစွမ်းကောင်းများဖြစ်ကြသည်။ သို့သော် လက်နက် ကိုင်ရင်းကိုင်ရင်းနှင့် အဏုမြူခေတ်ထဲသို့ ကျွန်ုပ်တို့ရောက်လာပြီကို ၎င်းတို့သတိထားမိကြဟန်မတူ။ သိပ္ပံပညာ၏တိုးတက်မှုကို ၎င်းတို့၏ စတင်းဂန်းနှင့် ဘရင်းဂန်းတို့သည် အမီမလိုက်နိုင်။**

**ထိုအခါ လက်ရုံးအားကိုးသမားသည် နှလုံးရည်တော်လှန်ရေးကို မည်ကစ၍ လုပ်ရမည် မသိဖြစ်ခဲ့၏။ ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းပိုင်းသို့ရောက်သောအခါ တစ်ခါက ကျွန်ုပ်တို့ အားကိုးအားထားပြုခဲ့ရသော လူငယ်ခေါင်းဆောင်တို့သည် အမှားတစ်ခုကို နောက်ထပ် အမှားနှစ်ခုနှင့်ပြုပြင်ရန် ကြိုးပမ်းလာကြသည်။**

စာမျက်နှာ ၇ သို့ ❐

# အမျိုးသားကန်တော်ကြီးဥယျာဉ် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လှည့်လည်စစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့သည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင်အမျိုးသား ကန်တော်ကြီး ဥယျာဉ်သို့ သွားရောက်စစ်ဆေးရာ သစ်တော ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်က ကန်တော်ကြီးအတွင်းရှိ ရေကန်လေးကန်၏ ရေဝင်ရောက်မှု၊ နွေရာသီ ရေခန်းခြောက်မှု၊ လက်ရှိအခြေအနေနှင့် ရေခန်း ခြောက်ရသည့် အကြောင်းရင်းများ၊ ၁၀ နှစ်အတွင်း မိုးရွာသွန်းမှုနှင့် အပူချိန်တို့ကိုလည်းကောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ရေဝင်ရောက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ကော်ဖီစိုက်ခင်းများ ခွင့်ပြုပေးမှုအပေါ် အမှန်တကယ် စိုက်ပျိုးထားရှိမှု အခြေအနေများကိုတင်ပြရာ ပြည်ထောင်စု ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်သာယာလှပစေရေး ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအား စနစ်တကျထိန်းသိမ်း

**နေပြည်တော် စက်တင်ဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သစ်တောဦးစီးဌာနကတည်ထောင်ထားသော ဒိုးကွင်အမြဲတမ်းပျိုးဥယျာဉ်နှင့် သစ်ခွခြံသို့ ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအား စနစ်တကျ ထိန်းသိမ်းရေး၊ ပျိုးဥယျာဉ်များတွင် ချယ်ရီနှင့် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများ စနစ်တကျ ပြုစုပျိုးထောင်သွားရန်၊ လာမည့်မိုးရာသီတွင် လမ်းဘေးဝဲ/ယာ တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ သဘာဝတောအတွင်း ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ပျိုးဥယျာဉ်အတွင်း ဝင်ဆံ့နိုင်သည့် ပျိုးပင်နှစ်သိန်း ပြည့်မီအောင် ပျိုးထောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မေမြို့ ထင်းကြိုးဝိုင်း၊ အကွက်အမှတ် ၁၃၊ ၁၄၊ ၂၃၊ ၂၄ အတွင်းရှိ ၁/၁၉၈၅ စီးပွားရေးထင်းရှူးစိုက်ခင်း ဧက ၅၀၀ သို့ သွားရောက်၍ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှု၊ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် စိုက်ခင်းအတွင်း ကော်ဖီ ငါးကေနှင့် ဝဥစမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မေမြို့ထင်းကြိုးဝိုင်းသည် ပြင်ဦးလွင်မြို့နှင့် နီးကပ်နေသည့်အပြင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များ၏ရေဝေရေလဲဧရိယာတွင်ပါဝင်နေသည့်အတွက် သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေးကို သစ်တောဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားရန်၊ ခွင့်ပြုပေးထားသော ပုဂ္ဂလိကသစ်တော စိုက်ခင်း၊ ပုဂ္ဂလိကကော်ဖီစိုက်ခင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးသွားရန်နှင့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်မှုမရှိစေရေး အထူးအလေးပေး စစ်ဆေးကြပ်မတ်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံသစ်တောကျောင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများနှင့် သွင်းအားစုများကို သက်ဆိုင်သူများ လက်ဝယ်အရောက် ပံ့ပိုးကူညီခြင်း၊ မွေးမြူရေးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ယနေ့တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည့် မွေးမြူရေးနှင့်ရေလုပ်ငန်းစီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီ၏ (၁/၂၀၂၁)အစည်းအဝေးတွင် မွေးမြူရေးနှင့်ရေလုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

အစည်းအဝေးတွင် မွေးမြူရေးလုပ်ငန်းရှင်များ မွေးမြူရေးချေးငွေရရှိရေး၊ မွေးမြူရေး မြေနေရာကို ဥပဒေနှင့်အညီ အသုံးပြုခွင့်ရရှိရေး၊ မွေးမြူရေးလုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်တွင် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး၊ မြစိမ်းရောင်ကဏ္ဍတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းစီမံခန့်ခွဲရေးလုပ်ငန်း ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့် ရေလုပ်ငန်းထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဘက်နိုင်ငံများထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထုတ်ကုန်အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ မွေးမြူရေးခြံများနှင့် မွေးမြူရေးကန်များတွင် သဘာဝဘေးအန္တရာယ်များ၊ ရောဂါကျရောက်မှုများနှင့် အခြားသောအကြောင်းများကြောင့် တိရစ္ဆာန်များမွေးမြူရေးနှင့် ရေလုပ်ငန်း ထုတ်ကုန်များ ထိခိုက်ပျက်စီးမှုကြုံတွေ့ရသည့် လုပ်ကွက်ငယ် တောင်သူလယ်သမားအား အထူးဦးစားပေး ကူညီထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားဓာတုဆေးတစ်မျိုးမျိုး၏ အာမခံ စံချိန်စံညွှန်းချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ထုတ်ကုန်အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း သို့မဟုတ် ကပ်ဘေးရောဂါ တစ်ခုခုကျရောက်ခြင်းကြောင့် အများပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးခြင်း၊ သုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအားလိုအပ်သောအကူအညီများနှင့် ထိုက်သင့်သော အထောက်အပံ့များရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



❒ စာမျက်နှာ ၆ မှ

ခေတ်သည် ၎င်းတို့ကိုစောင့်၍မနေ။

ရှေ့သို့တိုး၍တိုး၍သွားသည်။

ကျွန်ုပ်တို့ အားကိုးအားထားပြုခဲ့သော ခေါင်းဆောင်တို့ကား နောက်သို့ဆုတ်ဆုတ်၍ သွားနေကြသည်။

၎င်းတို့သည် ဂျီစီဘီအေခေတ်ထဲသို့ အတင်းတိုး၍ဝင်နေကြသည်။

လက်ရုံးရည်ဖြင့် ကြိုးပမ်းမှုကိုနှလုံးရည်ဖြင့် ကြိုးပမ်းမှုက တော်လှန်လျက်ရှိသည့်အချိန်တွင် အတွေ့အမြင်၊ အကြား၊ ဗဟုသုတ၊ ပညာဉာဏ် အရည်အချင်းရှိသူတို့သည် နိုင်ငံ၏အရေးကို တတ်နိုင်သည့်ဘက်က တာဝန်ယူကြရမည်ဖြစ်သည်”ဟူ၏။

နိုင်ငံတော်သမ္မတကြီး (ငြိမ်း) ဒေါက်တာမောင်မောင်ကမူ -

“တော်လှန်ရေးဟူသည် -
ဆန္ဒစောခြင်း၊ စိတ်အားထက်သန်ခြင်း၊
အယူမှန်ခြင်း၊ မှားခြင်း
မေတ္တာကြီးမားခြင်း၊ ပြင်းထန်စွာမုန်းတီးခြင်း၊
စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဆောင်ပုဒ်စကားများ၊
ရဲရဲတောက်လုပ်ဆောင်ချက်များ၊ စွန့်စားခြင်းများ
စသည်တို့ဖြင့် ရောထွေးပြွမ်းတီး၍သာ နေပေသည်။
နှစ်ပေါင်းများစွာ ကြာပြီးမှသာလျှင်
တော်လှန်ရေးတစ်ရပ်၏ အဓိပ္ပာယ်ထင်ရှားစွာ ပေါ်လွင်တတ်သည်”ဟု ၎င်း၏ကိုယ်ရေးမှတ်စုတွင် ရေးသားခဲ့လေသည်။

သို့ဆိုလျှင် NUG ရဲ့တော်လှန်ရေးဆိုတာ ဘာလဲ၊ ဘယ်လဲ။ ။

# ပွေးတောင်ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံအား ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လေ့လာနိုင်ရေး Onestop Service ပေးနိုင်ရေး တိုးချဲ့ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန ဒိုးကွင်ဥယျာဉ်ခြံသို့ ရောက်ရှိကြပြီး ဆေးဖက်ဝင်သစ်ခွများ မျိုးထိန်းမျိုးပွားဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက် မျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ သုတေသနစမ်းသပ်ကွက်များဆောင်ရွက်ခြင်း၊ အဆင့်မြင့်စိုက်ပျိုးနည်းစနစ် ပြန့်ပွားဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးက ဒိုးကွင်ဥယျာဉ်ခြံတွင် လက်ရှိစိုက်ပျိုးထိန်းသိမ်းထားသော ဆေးဘက်ဝင်သစ်ခွမျိုးများကို ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်၌ စုဆောင်းထားရှိသော သစ်ခွများနှင့် မျိုးဖလှယ်ရေး၊ ဒေသသစ်ခွနှင့် ဆေးဖက်ဝင်သစ်ခွမျိုးများ မျိုးသန့်ပွားများထုတ်လုပ်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ပွေးတောင်ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံသို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူများ၊ ကော်ဖီစိုက်ပျိုးသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးက ပွေးတောင်ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံအနေဖြင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်သူများ သိရှိလိုသည့် နည်းပညာပေးလုပ်ငန်းများ Onestop Service ပေးနိုင်ရေးကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသည့် သစ်တောဧရိယာများတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးမှာကြားကြသည်။



၁၉၅၃ ခုနှစ်က စတင်တည်ဆောက်ခဲ့သည့် ပွေးတောင်ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံတွင် ကော်ဖီသုတေသနနှင့် ကော်ဖီမျိုးထိန်းမျိုးပွားခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကော်ဖီသီးနှံနှင့် ပတ်သက်၍ ပြည်သူများ တစ်နေရာတည်းတွင် လေ့လာနိုင်ကြရန် လိုအပ်သော ပြုပြင်မွမ်းမံခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာအနီးတွင် တည်ဆောက်ထားရှိသည့် ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ဆည်ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေသိုလှောင်ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း၊ ပြင်ဦးလွင်ရှိ ပြည်သူများအတွက် နေ့စဉ်သောက်သုံးရေများကို ဖြန့်ဝေပေးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ပြင်ဦးလွင်မြို့ ရေပေးရေးအတွက် နေ့စဉ်ရေဂါလန် ၁ ဒသမ ၅ သန်း ဖြန့်ဝေပေးလျက်ရှိသည့် ဆင်လမ်းရေလှောင်တမံကို တမံအမြင့်ခြောက်ပေ မြှင့်တင်တည်ဆောက်နိုင်ခဲ့သဖြင့် နေ့စဉ်ရေဂါလန် ၂ ဒသမ ၅ သန်းအထိ တိုးမြှင့်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကပ်ရောဂါ၏ ထိခိုက်မှုများမှ ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်အခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ (၅၄) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင် အစည်းအဝေး (Commission for East Asia & Pacific(CAP)54th Meeting) နှင့် (၃၃) ကြိမ်မြောက် အရှေ့အာရှ ပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး 33rd Commission for East Asia & the Pacific (CAP)–Commission for South Asia (CSA)Joint Meeting အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် Virtual ဖြင့် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် အွန်လိုင်းမှ ပါဝင်တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးများသို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(UNWTO)၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးများတွင် မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း၊ အနုပညာနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ Deputy Secretary General ဖြစ်သူ Mr. Mohd Zamri bin Mat Zain က သဘာပတိအဖြစ် ဆောင်ရွက်ကာ မော်လ်ဒိုက်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး H.E Dr. Abdulla Mausoom က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး (၅၄)ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင်အစည်းအဝေးတွင် (၂၄) ကြိမ်မြောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေညီလာခံကျင်းပရေး အဖွဲ့အစည်းများအား




သတ်မှတ်ခြင်းနှင့် မဲပေးရွေးချယ်ခြင်း၊ ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကျင်းပမည့် တရားဝင်အိမ်ရှင်နိုင်ငံအား ရွေးချယ်ခြင်းတို့ ဆောင်ရွက်ကြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ (၃၃) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင်နှင့် တောင်အာရှကော်မရှင် ပူးတွဲအစည်းအဝေးကို ကျင်းပရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili က ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေအနေများ၊ ကပ်ရောဂါအလွန်တွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် အထူးသဖြင့် ကျေးလက်အခြေပြုခရီးသွားလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ဆွေးနွေးတင်ပြပြီးနောက် အဖွဲ့ဝင်နိုင်ငံများက နည်းပညာ အထောက်အပံ့ပေးရေးဆိုင်ရာ စီမံကိန်းအခြေအနေ၊ ကမ္ဘာလှည့်ခရီးသွားများကို အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာကျင့်ဝတ် (မူကြမ်း) ရေးဆွဲဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်–၁၉ ကပ်ရောဂါ၏ ထိခိုက်မှုများမှ ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်အခြေအနေများကို ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် UNWTO အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အခြားနိုင်ငံများနှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဆိုးရွားစွာထိခိုက်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကိုဗစ်–၁၉ ကြောင့် ထိခိုက်ခဲ့သော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်တွင် Myanmar Economic Recovery Plan ကို ရေးဆွဲခဲ့ပြီး စီးပွားရေးဆိုင်ရာ အထောက်အပံ့များကိုလည်း အကူအညီပေးခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် UNWTO ၏ Guide Line များနှင့်အညီ Myanmar Tourism Strategic Recovery Roadmap (2021–2025)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ တည်းခိုနိုင်ရေးနှင့် ဝန်ဆောင်မှုရယူနိုင်ရေးတို့အတွက် ဟိုတယ်နှင့် ခရီးသွားကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများအား Local၊ National နှင့် International အဆင့် သုံးဆင့်ခွဲ၍ ကျန်းမာရေးနှင့်ညီညွတ်သော ဝန်ဆောင်မှုများ (Safe Services) ပေးအပ်ရေးနှင့် Certificate များ ထုတ်ပေးနိုင်ရန်အတွက် Enchanting Myanmar Health and Safety Protocols ကို ရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များအား ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲနှင့် ပေါ်ထွန်းလာမည့် ခရီးစဉ်ဒေသများကို အဓိကခရီးသွားဈေးကွက်နိုင်ငံများမှ ခရီးသွားဧည့်သည်များ သိရှိလာရောက်လည်ပတ်စေရေးအတွက် Digital Marketing Channel များမှတစ်ဆင့် မြှင့်တင်ကြော်ငြာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ ခရီးသွားလုပ်ငန်းအား ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ဖွင့်လှစ်သွားရန် ဆောင်ရွက်လျက်ရှိသည်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးမောက်မြို့၌ မိုးစပါးဆင်းကေရီ (၃) မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်း ဆောင်ရွက်

**မိုးမောက် စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ တောင်သူများ စပါးမျိုးသန့်များ လွယ်ကူစွာဝယ်ယူရရှိစေရန်၊ မျိုးသန့်အသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားပြီး ထွက်ကုန်အရည်အသွေး ကောင်းမွန်စေရန်အတွက် စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် မိုးစပါးဆင်းကေရီ (၃) မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပထမအကြိမ် မျိုးကွဲနုတ်ပယ်**

အဆိုပါ မိုးစပါးဆင်းကေရီ (၃) မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်းကို အလင်းကောင်ရပ်ကွက် ကွင်းအမှတ် ၁၇၂ တောင်သူ ဦးသောင်းရွှေ၏ ဆင်းကေရီ (၃) Rs မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကအတွင်း ပထမအကြိမ် မျိုးကွဲနုတ်ပယ်ခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့သည်။

မျိုးကွဲနုတ်ပယ်ခြင်း အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထိုက်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတောက်ထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သဲစုမိုး(ပြန်/ဆက်)**



# ဂရုဓမ္မအခါတော်နေ့နှင့် လှေသဘင်ပွဲတော်

**ရေနံ့သာမောင်ကျော်ညွန့်**



### တော်သလင်း သစ်ဆင်းလ

တော်သလင်းလသည် မြန်မာလတစ်ဆယ့်နှစ်လရှိသည့်အနက် ဆဋ္ဌမမြောက်လဖြစ်သည်။ တော်သလင်းကို "တော်" ဟူသည် မြင့်မြတ်သည်၊ အထွတ်အထိပ်ဖြစ်သည်၊ အထက်ကောင်းကင်ဖြစ်သည်ဟူ၍လည်းကောင်း၊ "သလင်း" ဟူသည် သာယာထွန်းလင်းသည် ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ တော်သလင်းလသည် "သာယာထွန်းလင်းသည့်လ" ဟူသောအဓိပ္ပာယ်ကို ဆောင်ပါသည်။

တော်သလင်းလ၏ရာသီမှာ "ကန်ရာသီ" ဖြစ်သည်။ "ကန်ရာသီ"ဟူသည် ကညာကို အစွဲပြု၍ ခေါ်ခြင်းဖြစ်ပါသည်။ ကညာသည် ယောကျ်ားကို နှစ်သက်စေတတ်သည်။ ယောကျ်ားကို နှစ်သက်စေခြင်းသဒ္ဒါသည် ပါဠိ၌ "တောသ" ဟူ၍ ရှိ၏။ "တောသ" မှ "တော်သလင်း" သို့ ရွေ့လျားလာသည်ဟု လှေသင်းအတွင်းဝန်က မိန့်ဆိုထားပါသည်။ တော်သလင်းလ၏ စန်းယှဉ်နက္ခတ်မှာ "ပြုဗ္ဗဘဒြပိုဒ်နက္ခတ်" ဖြစ်ပါသည်။ တော်သလင်းလ၏ ရာသီပန်းမှာ "ရင်းမာပန်း" ဖြစ်ပါသည်။ ကင်းဝန်မင်းကြီးက "ယင်းမာ" ဟု ရေးခဲ့ပါသည်။ ယခုအခါတွင် "ရင်းမာ" ဟု အတည်ပြုရေးနေကြပြီဖြစ်ပါသည်။

အင်းဝခေတ်နှောင်းကာလတွင် တော်သလင်းလကို "တော်သလင်း သစ်ဆင်းလ" ဟု ခေါ်ဝေါ်သုံးစွဲလာသည်။ အင်းဝခေတ်နှောင်းပျို့ကဗျာများတွင် "တော်သလင်း သစ်ဆင်းလ" ဟူသော အရေးအသားကို တွေ့ရှိရပေသည်။ "သစ်ဆင်း" ဟူသော ဝေါဟာရကို အနက်ဖော်ရာတွင် ဧရာဝတီမြစ်တွင်း၌ သစ်ဖောင်၊ ဝါးဖောင်များ စုန်ဆင်းသည်ကို အစွဲပြု၍ အဓိပ္ပာယ်ဖော်ကြသည်။ သစ်လုံးများ၊ သစ်ဖောင်များ ရေမျှောစုန်ဆင်းခြင်း ဆောင်ရွက်ရန် အကောင်းဆုံးဖြစ်သည့် တော်သလင်းလကို "သစ်ဆင်းလ"၊ "တော်သလင်း သစ်ဆင်းလ" ဟု ခေါ်တွင်လာခြင်းဖြစ်ပါသည်။

### ရာသီပွဲတော်

တော်သလင်းလတွင် လှေသဘင်ပွဲ၊ မြစ်ယံသဘင်ပွဲ၊ ပန်းလှုသဘင်ပွဲ၊ သစ်ဆင်းသဘင်ပွဲဟူ၍ ကျင်းပဆင်နွှဲကြပါသည်။ "သစ်ဆင်းသဘင်" နှင့်ပတ်သက်၍ စာရေးဆရာကြီး ဒဂုန်နတ်ရှင်က "သမန္တစက္ခု" ကျမ်းအရ "သစ်ဆင်းသဘင်" သည် "လှေပွဲသဘင်" ပင်ဖြစ်ကြောင်း ဆိုထားပါသည်။ ထို့အတူမြစ်ယံသဘင်ပွဲ၊ ပန်းလှုသဘင်ပွဲတို့သည်လည်း လှေသဘင်ပွဲများပင်ဖြစ်ပါသည်။

**❖ တော်သလင်းလတွင် လှိုင်းလေကင်းစင်သည်။ ဧရာဝတီမြစ်ရေပြင်သည် သင်ဖြူးခင်းသကဲ့သို့ ညီညာပြန့်ပြူးနေသည်။ ထို့ကြောင့် "တော်သလင်းမြစ်တွင်း၊ သင်ဖြူးခင်း"ဟု ဆိုရိုးပြုကြ၏။ လှေသဘင်ပွဲများကျင်းပရန် အကောင်းဆုံးအချိန်အခါဖြစ်၍ တော်သလင်းလတွင် လှေသဘင်ပွဲများ ကျင်းပကြခြင်းဖြစ်**

**❖ "ဂရုဓမ္မ" ဟူသော "ငါးပါးသီလ" ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲမြံမြံကျင့်သုံးစောင့်ထိန်းကြပါမူ ယခုဘဝမှာရော နောင်ဘဝများမှာပါ ကောင်းကျိုးချမ်းသာခံစားစံစားကြရမည်ဖြစ်ပါသည်။ တော်သလင်းလပြည့်နေ့ "ဂရုဓမ္မ အခါတော်နေ့"သည် "ဂရုဓမ္မ" ဟူသော "ငါးပါးသီလ" ကိုစောင့်ထိန်းကြရန် နှိုးဆော်သတိပေးနေသည့် နေ့ထူးနေ့မြတ်ဖြစ်**

တော်သလင်းလတွင် လှိုင်းလေကင်းစင်သည်။ ဧရာဝတီမြစ်ရေပြင်သည် သင်ဖြူးခင်းသကဲ့သို့ ညီညာပြန့်ပြူးနေသည်။ ထို့ကြောင့် "တော်သလင်းမြစ်တွင်း၊ သင်ဖြူးခင်း"ဟု ဆိုရိုးပြုကြ၏။ လှေသဘင်ပွဲများကျင်းပရန် အကောင်းဆုံးအချိန်အခါဖြစ်၍ တော်သလင်းလတွင် လှေသဘင်ပွဲများ ကျင်းပကြခြင်းဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ဘုရင်မင်းမြတ်တို့ကိုယ်တိုင်ဦးဆောင်ပြီး လှေသဘင်ပွဲတော်ကို ဆင်ယင်ကျင်းပခဲ့ပါသည်။ လှေသဘင်ပွဲတော် လှေတော်ပြိုင်ပွဲဝင်များ ပန်းဝင်ရမည့် ပန်းတိုင်တွင် အဝါရောင်စက္ကူပေါ်၌ အမည်းစက်ခြယ်ထားသော စက်ကွင်းကို ချိတ်ဆွဲထားပါသည်။ ထိုစက်ကွင်းကို တေးကဗျာရေးဖွဲ့သူတို့က "ရွှေသားစက်ကွင်း" ဟူ၍ တင်စားဖွဲ့ဆိုကြပါသည်။ ပြိုင်ပွဲဝင်များသည် ရွှေသားစက်ကွင်းရှိရာ ပန်းတိုင်သို့ ပန်းဝင်ဦးရေးအတွက် အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက် တက်ညီလက်ညီ ကြိုးပမ်းလှော်ခတ်ကြရပါသည်။

လှေပြိုင်ပွဲအခမ်းအနား ပြီးသောအခါတွင် ဘုရင်မင်းမြတ်စီးတော်မူသော လှေတော်က ရှေ့ဆုံးမှဦးဆောင်လျက် ရာထူးရာခံအလိုက်စီးနင်းသည့် လှေတော်များက နောက်မှလိုက်ပါလာကာ မြစ်ယံတွင် လှည့်လည်ပါသည်။ ဘုရင့်လှေတော်ဦးဆောင်သည့် လှေတပ်ဖွဲ့ကြီးသည် တက်ရေး ၃၇ ပါးကို ဖော်ကျူးဖွဲ့ဆိုထားသော လှေတော်သံတေးသီချင်းများဖြင့် တီးမှုတ်သီဆိုကြရင်း မြစ်ယံတွင် အစုန်အဆန်လှည့်လည်နေရာ ကြက်ပျံမကျစည်ကားလှပါသည်။ မြစ်ယံတွင် လှည့်လည်သောကြောင့် မြစ်ယံသဘင်ပွဲတော်ဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

### မြန်မာ့ဆိုရိုးစကား

တော်သလင်းလနှင့် သက်ဆိုင်သည့် မြန်မာ့ဆိုရိုးစကားများ ရှိပါသည်။ တော်သလင်းနေသည် လွန်စွာပူလွန်းလှသောကြောင့် "တော်သလင်းနေ ပုစွန်သေ" ဟူ၍လည်းကောင်း၊ တော်သလင်းမိုးသည် မရပ်မစဲရွာသွန်းတတ်ရာ စားဖိုသည်များ ဒုက္ခကြုံကြရသောကြောင့် "တော်သလင်း တိမ်ညို၊ စားဖိုသည်ဆင်းရဲ မိုးမစဲ" ဟူ၍လည်းကောင်း၊ တော်သလင်းမိုးသည်လယ်ကန်သင်းများကျိုးအောင် သဲသဲမဲမဲရွာသွန်းတတ်သောကြောင့် "တော်သလင်းမိုး ကန်သင်းကျိုး" ဟူ၍လည်းကောင်း၊ တော်သလင်းလသည် ကွမ်းစိုက်သူများ ကွမ်းစိုက်ရန် အသင့်တော်ဆုံးလဖြစ်၍ လူပျင်းစိုက်လျှင်ပင် ဖြစ်ထွန်းအောင်မြင်မည်ဖြစ်သောကြောင့် "တော်သလင်း လူပျင်းကွမ်းစိုက်" ဟူ၍လည်းကောင်း ဆိုရိုးပြုခဲ့ကြပါသည်။

တော်သလင်းလတွင် ရွာသောမိုးတစ်မျိုး ရှိပါသည်။ "ကန်ဆင်းမိုး" ဟူ၍ ခေါ်တွင်ပါသည်။ "ကန်ဆင်းမိုး" ရွာမည့်အချိန်ကို တွက်ချက်သိနိုင်ပါသည်။ ရှေးရိုးစဉ်လာထားရစ်ခဲ့သော တွက်ချက်နည်းဖြစ်ပါသည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှ စတင်ရေတွက်ရပါမည်။ ၁၅၄ ရက်ပြည့်သည့်ရက်သည် "ကန်ဆင်းမိုး" ရွာမည့်ရက်ဖြစ်ပါသည်။ "ကန်ဆင်းမိုး" ရွာမည့်ရက်သည် တော်သလင်းလအတွင်းဖြစ်သောကြောင့် "တော်သလင်းကန်ဆင်း မိုးကြီးရွာလိမ့်မည်" ဟူ၍ ဘိုးစဉ်ဘောင်ဆက် ဆိုထုံးပြုထားရစ်ခဲ့ပါသည်။

### ဂရုဓမ္မအခါတော်နေ့

မြန်မာလတစ်ဆယ့်နှစ်လရှိရာ လအလိုက် အခါတော်နေ့များရှိပါသည်။ တော်သလင်းလပြည့်နေ့သည် "ဂရုဓမ္မအခါတော်နေ့" ဖြစ်ပါသည်။ "ဂရုဓမ္မ" ဟူသည်ကား ငါးပါးသီလဖြစ်ပါသည်။

ငါးပါးသီလဟူသည်မှာ "သူ့အသက်သတ်ခြင်းအမှုကို ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်းအမှုကို ရှောင်ကြဉ်ခြင်း၊ သူ့မယား၊ သူ့လင်သားအပေါ် ကာမဂုဏ်ကျူးလွန်ခြင်းအမှုကို ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်လိမ်ညာပြောဆိုခြင်းအမှုကို ရှောင်ကြဉ်ခြင်း၊ အရက်သေစာမူးယစ်ဆေးဝါး သုံးစွဲမှီဝဲခြင်းအမှုကို ရှောင်ကြဉ်ခြင်း" တို့ ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်က ရှောင်ကြဉ်ရန်တားမြစ်ထားသည့် "ဝါရိတ္တသီလ" ဖြစ်ပါသည်။ ငါးပါးသီလကို မကျိုးမပေါက်အောင် စောင့်ထိန်းနိုင်သောကြောင့် ကောင်းကျိုးချမ်းသာ ခံစားစံစားရသော သာဓကများစွာရှိပါသည်။ ထိုအထဲမှ သာဓကတစ်ခုကိုသာ ကောက်နုတ်တင်ပြပါမည်။

လွန်လေပြီးသော နှစ်ပေါင်းများစွာက အိန္ဒိယနိုင်ငံတွင် ကုရုတိုင်းနှင့် ကာလိင်္ဂတိုင်းဟူ၍ရှိသည်။ ကုရုတိုင်းသည် မိုးလေဝသမှန်နေသောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သည်၊ ဆန်ရေစပါးပေါများသည်။ အစားအသောက်ဖူလုံသည်။ စည်ပင်ဝပြောနေသောကြောင့် အေးငြိမ်းချမ်းသာနေသည်။

ကာလိင်္ဂတိုင်းတွင် မိုးလေမမှန်ဖြစ်နေသည်။ မိုးလေဝသဖောက်ပြန်နေသည်။ မိုးခေါင်နေသောကြောင့် စားနပ်ရိက္ခာရှားပါးလာသည်။ အစာရေစာငတ်မွတ်ခေါင်းပါးလာကာ "ဒုဗ္ဘိက္ခန္တရကပ်" ဆိုက်ရောက်လာသည်။ အာဟာရချို့တဲ့လာသည်နှင့်အမျှ ရောဂါဘေးအမျိုးမျိုး ကူးစက်ပြန့်ပွားလာကာ "ရောဂန္တရကပ်" ဝင်လာပြန်သည်။ ထိုအခါ တစ်ဦးအပေါ်တစ်ဦး သည်းခံခွင့်လွှတ်နိုင်ခြင်း ကင်းမဲ့လာသည်။ ဒေါသအဆိပ်က ငယ်ထိပ်တက်လာသည်။ အချင်းချင်းစိတ်ဝမ်းကွဲပြီး အကြောင်းမဲ့ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်လာကာ "သတ္တန္တရကပ်"ပါ ဆိုက်ကပ်နေသည်။

ကပ်ကြီးသုံးပါးကြောင့် ကာလိင်္ဂတိုင်းသူတိုင်းသားများသည် ဘေးဒုက္ခမျိုးစုံကို ခါးစည်းခံနေကြရရှာသည်။ ကုရုတိုင်းတွင် ဆင်တော်မင်္ဂလာရှိပြီး ကာလိင်္ဂတိုင်းတွင် ဆင်တော်မင်္ဂလာမရှိ၍သာ မိုးခေါင်နေရခြင်းဖြစ်မည်ဟု ထင်ယောင်ထင်မှားဖြစ်လာကြသည်။ ထို့ကြောင့် ကာလိင်္ဂမင်းက ကုရုမင်းထံ သံတမန်စေပြီး ဆင်တော်မင်္ဂလာကို တောင်းခံတော်မူသည်။ ကာလိင်္ဂမင်း တောင်းခံလာသောဆင်တော်မင်္ဂလာကို ကုရုမင်းက ကြည်ကြည်ဖြူဖြူ ပေးလှူလိုက်သည်။ ကာလိင်္ဂတိုင်းသို့ ဆင်တော်မင်္ဂလာ ရောက်ရှိနေသော်လည်း မိုးကမရွာဘဲ ခေါင်မြဲခေါင်နေ၏။

ကာလိင်္ဂမင်းသည် မိုးကောင်းခြင်း၊ မိုးခေါင်ခြင်းကား ဆင်တော်မင်္ဂလာရှိခြင်း၊ မရှိခြင်းနှင့် သက်ဆိုင်ခြင်းမရှိသည်ကို သတိမူမိလေသည်။ ကုရုမင်းနှင့် ကုရုတိုင်းသူတိုင်းသားတို့ ကျင့်သုံးသည့် ကုရုဓမ္မကြောင့်သာ ဖြစ်ရမည်ဟု သတိမူမိလာသည်။ ထို့ကြောင့် ကုရုမင်းထံ သံတမန်စေလွှတ်ကာ ကုရုတိုင်းတွင် ကျင့်သုံးတော်မူသည့် "ကုရုဓမ္မ" ကို တောင်းခံတော်မူပြန်သည်။ ကုရုမင်းကလည်း ပေးသနားတော်မူသည်။ သံတမန်အဖွဲ့သည် ကုရုဓမ္မကို ရွှေပြားပေါ်တွင် ကူးယူလာပြီး ကာလိင်္ဂမင်းထံ ဆက်သလိုက်၏။

ကာလိင်္ဂမင်းသည် ကုရုတိုင်းတွင် ကျင့်သုံးစောင့်ထိန်းတော်မူသည့် ကုရုဓမ္မကို ကိုယ်တော်တိုင်လည်း ကျင့်သုံးစောင့်ထိန်းတော်မူသည်။ ကာလိင်္ဂတိုင်းသူတိုင်းသားအားလုံးကိုလည်း ကျင့်သုံးစောင့်ထိန်းစေသည်။ မကြာမီ မိုးကြီးရွာသွန်းလေတော့၏။ မိုးခေါင်ခြင်းဘေးမှ လွတ်ကင်းလေပြီ။ မိုးလေမှန်လာသည်။ သုံးမျိုးသောကပ်ကြီးဘေးမှပါ လွတ်မြောက်လာပြီး သာယာဝပြောသည့် ကာလိင်္ဂတိုင်းကြီးဖြစ်လာသည်။ "ကုရုဓမ္မ" ကို ကျင့်သုံးစောင့်ထိန်းသောကြောင့် ရရှိလာသော ကောင်းကျိုးချမ်းသာဖြစ်ပါသည်။ "ကုရုဓမ္မ" သည်ကား "ဂရုဓမ္မ" ဟူသော ငါးပါးသီလပင်ဖြစ်ပါသည်။

"ဂရုဓမ္မ" ဟူသော "ငါးပါးသီလ" ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲမြံမြံကျင့်သုံးစောင့်ထိန်းကြပါမူ ယခုဘဝမှာရော နောင်ဘဝများမှာပါ ကောင်းကျိုးချမ်းသာ ခံစားစံစားကြရမည်ဖြစ်ပါသည်။ တော်သလင်းလပြည့်နေ့ "ဂရုဓမ္မအခါတော်နေ့" သည် "ဂရုဓမ္မ" ဟူသော "ငါးပါးသီလ" ကိုစောင့်ထိန်းကြရန် နှိုးဆော်သတိပေးနေသည့် နေ့ထူးနေ့မြတ်ဖြစ်ပါသတည်း။ ။



## National Workshop on Promoting School-Industry Partnership **အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

**နေပြည်တော် စက်တင်ဘာ ၁၄**
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Mekong Institute တို့ပူးပေါင်းကျင်းပသည့် "National Workshop on Promoting School-Industry Partnership" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် zoom meeting platform အသုံးပြု၍ Online စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက အမှာစကား ပြောကြားပြီး စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE)၏ ကျောင်းအုပ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် Mandalay Technology Co.,Ltd. မန်နေဂျင်းဒါရိုက်တာတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများက သိလိုသည်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ နည်းပညာအထက်တန်းကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ သက်ဆိုင်ရာကျောင်းများရှိရာဒေသတွင်းမှ စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ စက်မှုဇုန်တာဝန်ခံများ၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းနှင့် လုပ်ငန်းခွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လာစေရန်၊ မတူကွဲပြားသည့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍ အသီးသီးအတွက် လိုအပ်လာမည့် ကျွမ်းကျင်မှုများနှင့် ကျောင်းများမှ ပေးအပ်လျက်ရှိသည့် Skills၊ Knowledge နှင့် Attitudes များအကြား ကွာဟချက်အနည်းဆုံးနှင့် ကိုက်ညီမှုရှိလာစေရန်၊ ကျောင်းနှင့် စက်မှုလုပ်ငန်းများအကြား ချိတ်ဆက်မှုအားကောင်းပြီး သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်း၊ Resources များ မျှဝေသုံးစွဲ၍ နည်းပညာများ အပြန်အလှန် ဖလှယ်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးဆောင်ရွက်နိုင်ခြင်းနှင့် TVET ကျောင်းသားကျောင်းသူများအတွက် လက်တွေ့လုပ်ငန်းခွင် နယ်ပယ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး အရည်အသွေးရှိသည့် TVET Technicians နှင့် Skills Workforce များ ရရှိစေနိုင်ခြင်းတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၄-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 2 | Injection - Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 3 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 4 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 5 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 6 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 7 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 8 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 9 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 10 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




## ရေထွက်ကုန်ဆက်လက်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**
ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်း၊ ရေလမ်းကြောင်းမှကုန်စည်ပို့ဆောင်စရိတ် မြင့်မားလာခြင်းနှင့် စက်သုံးဆီဈေးနှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် ပြည်ပသို့ရေထွက်ကုန်တင်ပို့ရာတွင် အခက်အခဲများရှိသော်လည်း ဆက်လက်တင်ပို့နိုင်ရန် ဌာနဆိုင်ရာနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တရုတ်နိုင်ငံသို့ ပို့ကုန်လုပ်ငန်းရှင်များက နှစ်စဉ် ရေထွက်ကုန်ပစ္စည်း ၆၅ ရာခိုင်နှုန်း တင်ပို့လျက်ရှိရာ ယခုနှစ်တွင်လည်း ရာခိုင်နှုန်းပြည့်မီရန် ကြိုးပမ်းလျက်ရှိသည်။ ယမန်နှစ်က ပြည်ပသို့ ရေထွက်ကုန် ၉၅ ရာခိုင်နှုန်းခန့် တင်ပို့နိုင်ခဲ့၍ ထိုရာခိုင်နှုန်းကို ယခုနှစ်တွင်ပြည့်မီရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ဆောင်ရွက်လျက်ရှိသည်။

"ရေထွက်ကုန်လုပ်ငန်းရှင်တွေအနေနဲ့ တရုတ်နိုင်ငံကို ရေထွက်ကုန်ပို့တာ ၆၅ ရာခိုင်နှုန်းရှိတယ်ဆိုတော့ ဖမ်းဆီးရေးမှာ ဆီဈေးမြင့်လာတဲ့အတွက် သူတို့ဘယ်အထိ တောင့်ခံနိုင်မလဲမသိဘူး။ နှစ်လထိ တောင့်ခံနိုင်မယ်ထင်တယ်။ ပြီးတော့ ပေ ၄၀ ကွန်တိန်နာတစ်လုံးကို အမေရိကန်ဒေါ်လာ ၁၄၀၀ ကနေ ၅၀၀၀ ကျော်အထိ ပေးရတဲ့အတွက် ကုန်သွယ်မှုကို ပုံမှန်ပြန်လုပ်နိုင်မယ့်နည်းလမ်းတွေ လိုလာတယ်။ နယ်စပ်ဂိတ်တွေ ဖွင့်လှစ်ခဲ့ရင် ပို့ဆောင်ခသက်သာပြီး ကုန်စည်စီးဆင်းမှု မြန်နိုင်မယ်။ အခုက ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ဂိတ်တွေပိတ်ထားတာပါ။ ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ် မပိတ်တဲ့အတွက် ရေထွက်ကုန်ပို့ဖို့ စီစဉ်နေတာလည်းရှိတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ပြည်ပပို့ကုန် ရေထွက်ကုန်များကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က တင်ပို့လျက်ရှိပြီး အခြားသောလုပ်ငန်းရှင်များလည်း ပြည်ပဈေးကွက် ရရှိမှုအပေါ်မူတည်၍ ပို့ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဈေးကွက်ဝင် ငါး၊ ပုစွန်၊ ကဏန်းပျော့၊ ငါးရှဉ့်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ စက်သုံးဆီဈေးနှုန်းမြင့်တက်မှု၊ ရေကြောင်းမှ ပို့ဆောင်စရိတ်ကြီးမြင့်မှုနှင့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်းတို့ကြောင့် ပို့ကုန်ကဏ္ဍတွင် အခက်အခဲများရှိသော်လည်း ဈေးကွက်ဝယ်လိုအား ရရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့ရန် စီမံဆောင်ရွက်လျက်ရှိပြီး ပုံမှန်တင်ပို့နေသော ပြည်ပဈေးကွက်သို့ ဆက်လက်တင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သတင်း - ညိမ်းသူ**
**ဓာတ်ပုံ - ကနူး**

# ကိုဗစ်တတိယလှိုင်းနှင့် လေကြောင်းစီးပွားရေး

## သက်မောင်(စက်မှု)

၂၀၁၉ ခုနှစ်နှောင်းပိုင်းက စတင်လာခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ပျံ့နှံ့ရောက်ရှိလာရာ ယခုဆိုလျှင် တစ်နှစ်ခွဲတိုင်ကြာရှည်လာခဲ့ပြီဖြစ်သည်။ ကိုဗစ်က ဗီဇမျိုးကွဲများဖြင့် တစ်လှိုင်းပြီးတစ်လှိုင်း ဝင်လာလိုက်၊ ထိန်းချုပ်သွားနိုင်လိုက်နှင့် မြန်မာပြည်သို့ တတိယလှိုင်းရိုက်ခတ်ခဲ့သည်မှာပင် သုံးလခန့်ရှိပြီဖြစ်သည်။

### လေကြောင်းစီးပွားရေးက အထိခိုက်ဆုံးဖြစ်

ကိုဗစ်လှိုင်းက ရပ်တန့်မသွားနိုင်သေးဟု ခန့်မှန်းကြပြီး ပုံမှန်အခြေအနေသို့ အစောဆုံး ၂၀၂၃ ခုနှစ်လောက်ကျမှ ရောက်ရှိလာနိုင်မည်ဟု ခန့်မှန်းကြသည်။ တစ်ကမ္ဘာလုံးတွင် ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးရိုက်ခတ်မှုဒဏ်ကို လုပ်ငန်းအများစုက ခံစားကြရသည်။ သို့ရာတွင် စီးပွားရေးရိုက်ခတ်မှုဒဏ်ခံရသည့်လုပ်ငန်းများအနက် လေကြောင်းစီးပွားရေးက အထိခိုက်ဆုံးဖြစ်ပါမည်။ ထိုအချက်က ကမ္ဘာ့နာမည်ကြီး၊ အင်အားကြီး လေကြောင်းလိုင်းကြီးများမျက်စိရှေ့တွင် ရုတ်ခြည်းပြိုပျက်သွားကြ၊ ဒေဝါလီခံသွားကြရသည့်ဖြစ်ရပ်များက သက်သေဖြစ်သည်။

လေကြောင်းစီးပွားရေးသည် အရင်းအနှီးများပြားပြီး စွန့်စားရသည့် စီးပွားရေးလုပ်ငန်းဖြစ်သဖြင့် နည်းနည်းမှအတိမ်းအစောင်းမခံနိုင်သည့်သဘောဖြစ်ရာ စီမံခန့်ခွဲမှု ကောင်းမွန်နေစေသည့်တိုင် ကိုဗစ်ကပ်ရောဂါမျိုးကဲ့သို့ မမျှော်မှန်းနိုင်သောဖြစ်ရပ်များကြောင့်လည်း ထိခိုက်ဆုံးရှုံးမှုကြီးကြီးမားမားဖြစ်ကြရသည်။ စင်းရေရာဂဏန်းချီပြီး ရင်းနှီးမြှုပ်နှံမှုကြီးမားလေလေ ဆုံးရှုံးမှုကြီးလေလေဖြစ်သည်။

မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများမှာ ပမာဏသေးငယ်သောလေကြောင်းလိုင်းများဖြစ်ကြသည်။ လွန်ခဲ့သော နှစ်ကာလများက မြန်မာနိုင်ငံတွင် လေကြောင်းလိုင်း ၁၀ လိုင်းခန့်ရှိခဲ့ပြီး ကိုဗစ်မတိုင်မီကာလမှာပင် လေကြောင်းလိုင်းခြောက်ခုခန့်သာ ကျန်ရှိတော့သည်ကို တွေ့ရသည်။ ထိုအထဲတွင် ပြည်ပပျံသန်းသောလေကြောင်းများမှာ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာ



လေကြောင်းလိုင်း နှစ်လိုင်းသာရှိသည်။ ကျန်လေကြောင်းလိုင်းများမှာ ပြည်တွင်းတွင်သာ ပျံသန်းပြေးဆွဲကြသည်။ ကိုဗစ်မတိုင်မီကာလ မြန်မာ့လေပိုင်နက် ကောင်းကင်ယံထက်တွင် မြန်မာနိုင်ငံရှိလေကြောင်းလိုင်းများမှ လေယာဉ်များ၊ နိုင်ငံတကာလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် လှုပပြည့်စုံနေခဲ့သော်လည်း ယခုအခါတွင်မူ မမြင်တွေ့ရသလောက် နည်းပါးသွားပြီဖြစ်သည်။ ယခင်ကာလများဆီက ပြည်တွင်းပျံသန်းသည့်လေယာဉ်အများစုမှာ ပြင်သစ်နိုင်ငံလုပ် အေတီအာရ်လေယာဉ်များဖြစ်ပြီး စင်းရေ သုံးဆယ်ကျော်ရှိသည်ဟု မှတ်သားမိသည်။

တစ်ကမ္ဘာလုံးတွင် လေကြောင်းစီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးသည့်သတင်းများကြားသိရသည့်အခါ မြန်မာနိုင်ငံလေကြောင်းလိုင်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စိတ်ပူစရာဖြစ်သည်။ မြန်မာနိုင်ငံလေကြောင်းလိုင်းများထဲတွင်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းသည် တစ်ခုတည်းသော နိုင်ငံတော်ပိုင်လေကြောင်း၊ အာရှပစိဖိတ်ဒေသတွင် တတိယမြောက်တည်ထောင်သည့်လေကြောင်းလိုင်း၊ သက်တမ်း (၇၃) နှစ်ရှိပြီဖြစ်သည့်လေကြောင်းလိုင်း၊ ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှထွက်ပြီး မိမိခြေထောက်ပေါ်မိမိရပ်တည်နေသည့် လေကြောင်းလိုင်းဖြစ်သဖြင့် ကိုဗစ်အခက်အခဲကြားတွင် ရပ်တည်ရှင်သန်နေနိုင်မှုအပေါ် စိတ်ဝင်စားစရာ၊ မေးခွန်းများထုတ်စရာဖြစ်လာခဲ့သည်။

### ပို၍စိုးရိမ်ဖွယ်ရာဖြစ်

ကိုဗစ်ရိုက်ခတ်မှုဒဏ်ကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်းအပါအဝင် မြန်မာနိုင်ငံရှိလေကြောင်းလိုင်းများအားလုံး အရှုံးပေါ်ကြသည်။ လက်ရှိအချိန်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ မကြုံစဖူးမြင့်တက်လာရာ ထိုငွေလဲနှုန်းကြောင့် တစ်ဒေါ်လာတိုင်းတွင် ကျပ်လေးငါးရာခန့် နေရင်းထိုင်ရင်း ရှုံးနေမည်ဖြစ်ရာ အရှုံးတွင် အရှုံးဆင့်ဖြစ်နေကြသည်။ မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်းလေကြောင်းများအနက် လေယာဉ်အင်အားအများဆုံးဖြင့် ပြည်တွင်းပြည်ပပြေးဆွဲနေသည့် လေကြောင်းလိုင်းဖြစ်သကဲ့သို့ အခြားသောပုဂ္ဂလိကလေကြောင်းများကဲ့သို့သီးခြားနောက်ခံအင်အားမရှိသည့်အတွက် ပို၍စိုးရိမ်ဖွယ်ရာဖြစ်သည်။

စုံစမ်းသိရှိရသမျှ မြန်မာအမျိုးသားလေကြောင်းသည် ကိုဗစ်ကာလမတိုင်ခင်အထိ ခရီးသည်နှင့် ဝင်ငွေအကောင်းဆုံးရရှိနေပြီး မြတ်စွန်းမည်မှာ သေချာသောအနေအထားဖြစ်သည်။ သို့သော် ကိုဗစ်ကာလတွင် ဝင်ငွေမှာ ၈၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားခဲ့ကြောင်းနှင့် ထို့အတွက်အသုံးစရိတ်လျှော့ချရေး ဆောင်ရွက်ရာတွင် ၅၃ ရာခိုင်နှုန်းခန့်သာ ကျဆင်းသည့်အတွက် အရှုံးကြီးမားနေခဲ့ကြောင်း၊ အသုံးစရိတ်တွင် အကြီးမားဆုံးမှာ လေယာဉ်များ ငှားရမ်းခပေးချေစရိတ်နှင့် ဝန်ထမ်းလစာစရိတ်ဖြစ်သဖြင့် လေကြောင်းကို လေယာဉ် ၁၀ စင်းအထိ လျှော့ချပြီး မူလဝန်ထမ်းအင်အား ၂၀၀၀ ကျော်ကို အချိုးကျလျှော့ချရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ကိုဗစ်ကြောင့် ဝင်ငွေကျဆင်းသွားသည့်ကာလမှာ နှစ်ချီလာပြီဖြစ်ရာ ဆက်လက်ရပ်တည်နိုင်ရေးအတွက် လေယာဉ်နှင့် ဝန်ထမ်းအင်အားလျှော့ချကာ အသုံးစရိတ်လျှော့ကျလာအောင် ဆက်လက်ဆောင်ရွက်နေသကဲ့သို့ ဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ပနိုင်ငံများသို့ ကယ်ဆယ်ရေးခရီးစဉ်များ၊ ကုန်တင်နှင့် စင်းလုံးငှားခရီးစဉ်များ ကြိုးပမ်းရှာဖွေပြေးဆွဲခြင်းဖြင့် ဝင်ငွေရှာလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ဖြစ်ပေါ်လာသည့် ငွေကြေးအခက်အခဲများပြေလည်စေရန် နိုင်ငံတော်က ချေးငွေရယူရေးဆောင်ရွက်နေသကဲ့သို့ အစုရှယ်ယာများ ထုတ်ရောင်းရန်ကိုလည်း စီမံလျက်ရှိနေကြောင်း သိရှိရသည်။

**ကိုဗစ်ကြောင့် ဝင်ငွေကျဆင်းသွားသည့်ကာလမှာ နှစ်ချီလာပြီဖြစ်ရာ ဆက်လက်ရပ်တည်နိုင်ရေးအတွက် လေယာဉ်နှင့်ဝန်ထမ်းအင်အားလျှော့ချကာ အသုံးစရိတ်လျှော့ကျလာအောင် ဆက်လက်ဆောင်ရွက်နေသကဲ့သို့ ဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ပနိုင်ငံများသို့ ကယ်ဆယ်ရေးခရီးစဉ်များ၊ ကုန်တင်နှင့် စင်းလုံးငှားခရီးစဉ်များ ကြိုးပမ်းရှာဖွေပြေးဆွဲခြင်းဖြင့် ဝင်ငွေရှာလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ဖြစ်ပေါ်လာသည့် ငွေကြေးအခက်အခဲများပြေလည်စေရန် နိုင်ငံတော်က ချေးငွေရယူရေးဆောင်ရွက်နေသကဲ့သို့ အစုရှယ်ယာများ ထုတ်ရောင်းရန်ကိုလည်း စီမံလျက်ရှိ**

မြန်မာအမျိုးသားလေကြောင်းသည် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် သက်တမ်း ၇၃ နှစ်အထိ ရပ်တည်နိုင်ခဲ့သည့်လေကြောင်းဖြစ်ပြီး နိုင်ငံတော်ပိုင် နိုင်ငံ့ပုံရိပ်လည်းဖြစ်သဖြင့် ဆက်လက်ရှင်သန်တည်တံ့နိုင်ရန် နိုင်ငံတော်ကလည်း ကူညီပေးနေသကဲ့သို့ လေကြောင်းလိုင်းကိုယ်တိုင်လည်း ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာအမျိုးသားလေကြောင်းအပါအဝင် မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများအားလုံးသည်လည်း ကိုဗစ်စီးပွားကပ်ကို ကျော်လွှားလွန်မြောက်နိုင်ရန် အသီးသီးအားထုတ်ကြိုးပမ်းလျက်ရှိနေကြမည်မှာသေချာလှသည်။ ယခုအထိတော့ရှိနေသည့် လေကြောင်းလိုင်းများအားလုံးသည် ကိုဗစ်ကိုအန်တုပြီး ကြံ့ကြံ့ခံ ရပ်တည်နေကြကြောင်း တွေ့ရှိရသည်။ ။

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာ ပြည်မြန်မာ"** ဟူသောခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

### ပါဝင်ယှဉ်ပြိုင်ခွင့် မပြု

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ ဝက်ဘ်ဆိုက်များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ ဝက်ဘ်ဆိုက်များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူ ၈၀ ကျော်သေဆုံး

**ခါတွန် စက်တင်ဘာ ၁၄**

ဆူဒန်နိုင်ငံ၌ မိုးရာသီစတင်ခဲ့သည့် ဇူလိုင်လမှစတင်ကာ လက်ရှိအချိန်အထိ ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၈၀ ကျော်သေဆုံးခဲ့ကြောင်း ဆူဒန်နိုင်ငံ အာဏာပိုင်များက ပြောကြားသည်။

ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် ၈၄ ဦးသေဆုံးပြီး ၆၇ ဦး ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း ဆူဒန်နိုင်ငံ အမျိုးသားကာကွယ်ရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။ ဆူဒန်နိုင်ငံ၏ ပြည်နယ် ၁၈ ခုအနက် ပြည်နယ် ၁၄ ခုသည် မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ခံခဲ့ရပြီး လူနေအိမ် ၃၀၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း သိရသည်။

ထို့ပြင် ကောက်ပဲသီးနှံများနှင့် အခြေခံအဆောက်အအုံများလည်း ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ ဆူဒန်နိုင်ငံတစ်ဝန်း၌ အနည်းဆုံးလူဦးရေ ၁၀၂၀၀၀ သည် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဒဏ်များကို ခံစားခဲ့ရကြောင်း သိရသည်။

ဆူဒန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်ကလည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် သုံးလကြာ အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး ရေကြီးရေလျှံမှုဒဏ်ခံစားခဲ့ရသည့် လူဦးရေခြောက်သိန်းအနက် ၁၀၀ ခန့် သေဆုံးခဲ့ကြောင်းနှင့် လူနေအိမ်အလုံးရေ တစ်သိန်းကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဘီဘီစီ**
**ဘာသာပြန်- အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံက ပြည်သူသန်း ၁၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် အလုံအလောက်ဝယ်ယူထားပြီးဖြစ်

**မနီလာ စက်တင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်ကုန်ပိုင်းတွင် ပြည်သူသန်း ၁၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားပြီး အဆိုပါလူဦးရေအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံအလောက်ဝယ်ယူထားပြီးဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ကားလို့စ်ဒိုမင်ဂွက်ဇ်က ယနေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် စက်တင်ဘာ ၁၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၂၁ ဒသမ ၁၃ သန်းဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် အခြားသော ကိုဗစ်-၁၉ ရောဂါ အလုံးရေ ၅၀ ဒသမ ၁၂ သန်းကို ဖိလစ်ပိုင်နိုင်ငံ၏ အပြန်အလှန်မိတ်ဖက်ပြုသည့်နိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအစီအစဉ် COVAX တို့၏ လှူဒါန်းမှုမှတစ်ဆင့်ရရှိထားကြောင်း ဖိလစ်ပိုင်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ကားလို့စ်ဒိုမင်ဂွက်ဇ်က ပြောကြားသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၉ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၁၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ကားလို့စ်ဒိုမင်ဂွက်ဇ်က ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂ ဒသမ ၂ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၅၅၂၉ ဦးရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးသည့် အသက်အရွယ်ကြီးရင့်သူဦးရေ ၃ ဒသမ ၆ သန်းနီးပါးရှိကြောင်းလည်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၆၁၃ ဦးရှိ

**အန်ကာရာ စက်တင်ဘာ ၁၄**

တူရကီနိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၆၁၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၆၈၂၈၆၄ ဦးရှိလာကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၁ ဦး ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၀၁၁၇ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၆၀၅၂ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် တူရကီ ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၅၁ ဒသမ ၇၈ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူ စုစုပေါင်း ၄၀ ဒသမ ၆၃ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၂ ဒသမ ၄၃ သန်းကျော် အသုံးပြုပြီး ဖြစ်ကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၉၇ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၁၄**

တောင်ကိုရီးယားနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၇ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၇၅၉၁၀ ရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်မှာ ၁၀၀၀ မှ ၁၄၃၃ ဦးအထိ အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

မကြာသေးမီက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပြန်လည်မြင့်တက်ခဲ့ခြင်းမှာ ဆိုးလ်မြို့ပြဒေသအတွင်း လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများတွေ့ရှိခြင်းကြောင့် ဖြစ်သည်။

ယခု ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၅၂၉ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ပြီး အနီးပတ်ဝန်းကျင်ရှိ ဂွန်ဂျီပြည်နယ်၌ ရောဂါကူးစက်ခံရသူ ၄၅၄ ဦးနှင့် နိုင်ငံအနောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော အင်ချွန်မြို့တို့၌ ရောဂါကူးစက်ခံရသူ ၁၂၄ ဦးတို့အား အသီးသီးတွေ့ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ခုနစ်ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၂၃၆၇ ဦးရှိလာပြီး ရောဂါမှပြန်လည်ကျန်းမာလာသူ ၂၄၇၆၄၇ ဦး ရှိသည်။ နိုင်ငံအတွင်း၌ ဖေဖော်ဝါရီ ၂၆ရက်မှ စတင်ခဲ့သောကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း၌ ၃၃၉၇၉၅၁၉ ဦးအား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူအရေအတွက်မှာ ၂၀၄၈၅၅၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**





## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၀၅ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၁၄**

အာဖရိကတိုက်၌ ယနေ့မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၀၅၂၁၁၀ ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၄၀၂၅ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၇၃၄၉၆၄၂ ဦး ရှိလာကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုဒဏ်အများဆုံးခံခဲ့ရသည့် နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



## အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၄၀၄ ဦးရှိ

**နယူးဒေလီ စက်တင်ဘာ ၁၄**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၄၀၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၃၂၈၉၅၇၉ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

**သေဆုံးသူစုစုပေါင်း ၄၄၃၂၁၃ ဦးရှိ**

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၉ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၃၂၁၃ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဒေသဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါတွေ့ရှိဆဲလူနာ စုစုပေါင်း ၃၆၂၂၀၇ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၇၁၂၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၂၄၈၄၁၅၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## အင်္ဂလန်နိုင်ငံက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်

**လန်ဒန် စက်တင်ဘာ ၁၄**
အင်္ဂလန်နိုင်ငံသည် အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးတော့မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပညာရေးအနှောင့်အယှက်ဖြစ်ခြင်းကို လျှော့ချနိုင်ရန်နှင့် ဆောင်းရာသီကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့ခြင်းမှ ကြိုတင်ကာကွယ်ရန်အတွက် အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးပေးသင့်ကြောင်း ဗြိတိန်ဆေးဘက်ဆိုင်ရာအကြီးအကဲများက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ အသက်အရွယ်ရှိသည့် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးသင့်ကြောင်းနှင့် စပ်လျဉ်းသည့် အကြံပြုချက်ကိုလည်း ဗြိတိန်ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးအကြီးအကဲဖြစ်သူ ဆာဂျစ်ဂျာဗစ်က လက်ခံပါကြောင်း ယမန်နေ့က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**လာမည့်သီတင်းပတ်တွင် စတင်ထိုးနှံမည်**

မိဘများ သို့မဟုတ် အုပ်ထိန်းသူများ၏ ခွင့်ပြုချက်ရရှိထားသည့် အင်္ဂလန်နိုင်ငံမှ ကလေးငယ်များအား လာမည့်သီတင်းပတ်မှ စတင်ကာ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နှစ်ကြိမ်ထိုးနှံပေးရန် လိုအပ်မည်လားဆိုသည်နှင့် စပ်လျဉ်း၍ ယခုတိုင် မဆုံးဖြတ်ရသေးကြောင်း သိရသည်။

အသက် ၁၂ နှစ်မှ အသက် ၁၅ နှစ်အရွယ်ကလေးငယ်များ ၎င်းတို့၏ ကျန်းမာရေးအခြေအနေပေါ် မူတည်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသင့်ကြောင်း ဗြိတိန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ကာကွယ်ဆေးထိုးနှံရေးပူးတွဲကော်မတီက ယခုလအစောပိုင်းတွင် ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**







## ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၅၀၈ ဦးရှိ

**ဟနွိုင်း စက်တင်ဘာ ၁၄**
ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၅၀၈ ဦးရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၀၄၉၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၃၅၀၅၅ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၅၉၃၆ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက်ကူးစက်မှုအများဆုံးမှာ နိုင်ငံတောင်ပိုင်းဒေသများဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှု၏ ဗဟိုချက်ဖြစ်သည့် ဟိုချီမင်းစီးတီး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၃၁၂ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၂၁၇၈ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ၇၇၇ ဦးဖြစ်ကြောင်း သိရသည်။

ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၂၆၈၃ ဦးရှိခြင်းကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၉၈၄၆၁ ဦးရှိကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၃၀ ဒသမ ၃ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၇၃ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၄**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၇၃ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၉၅၇၇၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၇၃ ဦးအနက် ၂၁ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၆၀၅၂ ဦးမှာ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့် သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၄၁၃ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၁၂၄ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ လူနာ ၂၄၈၁၃ ဦးမှာ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၇၄၆၅၂ ဦး ရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၂၈၁၂၄ ဦးရှိသည့်အနက် ၁၃၀၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များ၌ ကုသမှုခံယူနေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ နိုင်ငံလူဦးရေ၏ ၆၆ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး နိုင်ငံလူဦးရေ၏ ၅၃ ဒသမ ၅ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၂၆၂၁၇၈၀၅ ဦး |
| သေဆုံးသူ | ၄၆၅၅၁၄၆ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၀၂၈၃၀၇၀ |

# ပဲခူးမြို့ ရောဝတီဘဏ်ခွဲမှ ငွေကျပ် လေးဘီလီယံခန့် ဓားပြတိုက် လုယက်မှုကျူးလွန်ခဲ့သူ PDF အကြမ်းဖက်အဖွဲ့မှ ခုနစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**
ပဲခူးမြို့ ရောဝတီဘဏ်ခွဲမှ ငွေကျပ် လေးဘီလီယံခန့် ဓားပြတိုက် လုယက်မှုကျူးလွန်ခဲ့သူ PDF အကြမ်းဖက်အဖွဲ့မှ ခုနစ်ဦးအား လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုဖြင့် ၉ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ ရောဝတီဘဏ်ရုံးချုပ်မှ **ဦးမင်းမင်းဦး**၊ ကြီးကြပ်ရေးမှူးဦးစီး၍ ယာဉ်မောင်း **ဦးစောနီကိုလတ်**တို့နှစ်ဦးသည် Toyota Hiace ယာဉ်အမှတ်၊ 6J–7941 ဖြင့်လည်းကောင်း၊ ရုံးအကူ **ဦးဝင်းလွင်မြင့်**၊ လုံခြုံရေး **ချစ်စမ်းမောင်**နှင့် ယာဉ်မောင်း **မျိုးကျော်သူ**တို့ သုံးဦးသည် Toyota Hiace ယာဉ်အမှတ်၊ 1P– 2919 ဖြင့်လည်းကောင်း စက်တင်ဘာ ၁၃ ရက်တွင် ပဲခူးမြို့ ရောဝတီဘဏ်ခွဲ(၁)မှ ငွေကျပ် လေးဘီလီယံအား ယာဉ်နှစ်စီးပေါ်သို့ ခွဲဝေတင်ဆောင်ခဲ့ပြီး ပဲခူးမြို့မှ ရန်ကုန်မြို့သို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပြန်လည်ထွက်ခွာခဲ့ရာ ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာအုပ်စု ရန်ကုန်–မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅/၅) နေရာသို့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိစဉ် ယာဉ်ထိန်းရဲဝတ်စုံ ဝတ်ဆင်ထားသူ တစ်ဦး၊ ရဲတပ်ဖွဲ့ဝတ်စုံဝတ်ဆင်၍ (အမျိုးအစား စိစစ်ဆဲ) လက်နက်ငယ် နှစ်လက် ကိုင်ဆောင်ထားသူ နှစ်ဦးနှင့် အရပ်ဝတ်ဝတ်ဆင်ထားသူ လေးဦး ပေါင်း ခုနစ်ဦးတို့က ယာဉ်နှစ်စီးအား တားဆီးကာ ဘဏ်ဝန်ထမ်း ငါးဦး၏ ပါးစပ်၊ မျက်စိ၊ လက်တို့အား တိတ်အမည်းဖြင့် ချည်နှောင်ပြီး ယာဉ်ပေါ်ပါ ငွေများနှင့် ဝန်ထမ်းများ၏ အမျိုးသားများ ရောက်ရှိနေကြောင်း ဖော်ထုတ်ရရှိသဖြင့် ပိတ်ဆို့ရှာဖွေ ဖမ်းဆီးခဲ့ရာ ဥမ္မာနှင့်အတူ ဘဏ်ငွေ လုယက်သူများဖြစ်သည့် **ရန်လင်းထွေး(ဘ) ဦးဇော်ဇော်**၊ **အောင်ပြည့်ခန့် (ဘ) ဦးသက်နိုင်**နှင့် **ဘုန်းခန့်ကို (ဘ) ဦးသန်းဌေး**တို့အား M–79 ဗုံး ပစ်လောင်ချာ တစ်လက်၊ ငွေကျပ်သိန်း ၇၀၀ ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ စည်သူဖြိုးမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

**သိမ်းဆည်းရမိ**

တရားခံများ၏ ထွက်ဆိုချက်အရ ည ၁၀ နာရီခွဲတွင် ဓားပြတိုက်ဖြစ်စဉ်ပါ လက်နက်/ခဲယမ်းနှင့် ငွေကြေးများအား ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၈ ရှိ “ဓမ္မဒူတ” သီလရှင်ကျောင်းတိုက်တွင် အပ်နှံထားကြောင်း သိရှိရသဖြင့် ဆက်လက်ရှာဖွေခဲ့ရာ ကျောင်းတိုက်တွင် **ဒေါ်ဥပ္ပသမာ**နှင့် **ဒေါ်ဓမ္မစာရီ**တို့ နှစ်ဦးအား တွေ့ရှိရပြီး ၎င်းတို့ထံ အပ်နှံထားသော AK–47 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည်တောင့် ၂၂၀၊ MK–12 သေနတ် ခြောက်လက်၊ ၎င်းကျည်အိမ်တို/ရှည် ၁၂ ခု၊ ဆက်စပ်ပစ္စည်းခြောက်စုံ၊ ငွေစက္ကူထည့်ထားသော ဆာလာအိတ် ၁၄ ထုပ်၊ ဆာလာအိတ် အပိုင်း(၂)ပိုင်း၊ ပလတ်စတစ်အနက်ရောင် အထုပ်သေးကိုးထုပ်တို့အား ဆွမ်းစားဆောင်အတွင်းမှ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တရားခံများ၏ ထွက်ဆိုချက်အရ ည ၁၁ နာရီခွဲတွင် မဇင်းရပ်ကွက် ဘူတာလမ်းရှိ နေအိမ်တွင် ဆက်စပ်တရားခံ **ကုလားကြီး**အား သွားရောက်ဖမ်းဆီးခဲ့ရာ တရားခံမှာတိမ်းရှောင်လျက်ရှိပြီး ၎င်းနေအိမ်မှ ဖောက်ခွဲရေးတွင် အသုံးပြုမည့်



ဖမ်းဆီးရမိသည့် တရားခံများအား လက်နက်/ခဲယမ်း၊ ငွေကြေးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဖုန်း သုံးလုံးအား တရားခံများစီးနင်းလာသည့် Hijet ယာဉ်ပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်ကာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်အား ရောဝတီဘဏ်တာဝန်ရှိသူများက မွန်းလွဲ ၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ အသိပေးအကြောင်းကြားခဲ့ရာ တရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အပူတပြင်း စုံစမ်းစစ်ဆေးခြင်း၊ သဲလွန်စရှာဖွေ ဖော်ထုတ်ခြင်းအား တက်ကြွစွာ အချိန်မဆိုင်းဘဲ ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်သိရသည့်အချိန်မှ ၅ နာရီအတွင်း ဘဏ်ငွေ ဓားပြတိုက်ရာတွင် အသုံးပြုခဲ့သည့် ယူနီဖောင်းများအား ပေးအပ်ခဲ့သူ ဆက်စပ်တရားခံ **မြင့်မြင့်နိုင် (ဘ) ဦးလှသိန်း**အား ည ၇ နာရီတွင် ပဲခူးမြို့ မဇင်းရပ်ကွက် မဟာစေတီတိုက်တန်းတွင် ဖမ်းဆီးရမိခဲ့သည်။


**ပိတ်ဆို့ရှာဖွေ ဖမ်းဆီး**

တရားခံ မြင့်မြင့်နိုင်၏ ထွက်ဆိုချက်အရ ည ၁၀ နာရီတွင် မဟာစေတီတိုက်တန်း၊ ၁၀/(က–၃)၊ **ဥမ္မာ (ဘ) ဦးချစ်ဟန်**၏နေအိမ်တွင် မသင်္ကာဖွယ် ကီးပက်ဖုန်း ၁၀ လုံး၊ လက်လုပ်မိုင်းပြုလုပ်သော ဆက်စပ်ပစ္စည်းများနှင့် ၁၀၀၀၀ တန် ငွေစက္ကူ ၁၇ အုပ်အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား သုံးဦး၊ မ လေးဦး **စုစုပေါင်း ခုနစ်ဦး**၊ M–79 ဗုံးပစ် လောင်ချာ တစ်လက်၊ AK–47 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည်တောင့် ၂၂၀၊ MK–12 သေနတ် ခြောက်လက်၊ ၎င်းကျည်အိမ်မျိုးစုံ ၁၂ ခု၊ အခြားဆက်စပ်ပစ္စည်းများနှင့် ဓားပြတိုက်ရာတွင် ယူဆောင်သွားခဲ့သော ငွေများအား သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ် ကြိုးပမ်းဖော်ထုတ်ခြင်း၊ တာဝန်သိပြည်သူအချို့ကလည်း မိမိအသက်အန္တရာယ် မငဲ့ကွက်ဘဲ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခြင်းတို့ကြောင့် ကျပ်ငွေသိန်း ၄၀၀၀၀ ခန့်အား ဓားပြတိုက် လုယက်ယူဆောင်ခဲ့သည့် ဖြစ်စဉ်တစ်ခုလုံးကို ၉ နာရီအတွင်း လုယက်ခံရသည့် ဘဏ်ငွေများနှင့် အခြားဆက်စပ် လက်နက်များကိုပါ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရာဇဝတ်မှုကြီးအား မဆုတ်မနစ်

ပဲခူးမြို့နယ် ရန်ကုန်–မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅/၅)နေရာ၌ ရောဝတီဘဏ်မှ ငွေသယ်ယာဉ် နှစ်စီးအား ဓားပြတိုက်သည့် ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ




သော ဖွဲ့လုံ့လတို့ဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးပေးကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပဲခူးမြို့နှင့်ပတ်ဝန်းကျင်ရှိ ပြည်သူလူထုတို့က မြို့ရွာလုံခြုံရေးတို့အတွက် ယခင်ကထက် အားကိုးယုံကြည်မှု ပိုမိုတိုးတက်လာကြောင်းလည်း သိရှိရသည်။

ဓားပြတိုက်သည့် ဖြစ်စဉ်အား ပဲခူး PDF အကြမ်းဖက်အဖွဲ့ မြို့နယ်တာဝန်ခံ မျိုးကိုက စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ဖမ်းဆီးရမိ တရားခံများမှာ PDF အကြမ်းဖက်အဖွဲ့ဝင်များဖြစ်ပြီး တရားခံ အောင်ပြည့်ခန့်မှာ ရောဝတီဘဏ်၊ ပဲခူးဘဏ်ခွဲမှ CDM ပြုလုပ်လျက်ရှိသော ရုံးအကူဝန်ထမ်းဖြစ်ကြောင်း သိရှိရသည်။

**ရည်ရွယ်လုပ်ဆောင်**

ယခုဘဏ်ငွေဓားပြတိုက် လုယက်မှုဖြစ်စဉ်နှင့် NUG အကြမ်းဖက်အဖွဲ့မှ D–Day ကြေညာခြင်း အပါအဝင် အခြားသော အကြမ်းဖက်လုပ်ရပ်များ ယခုရက်ပိုင်းအတွင်း ပိုမိုလုပ်ဆောင်လာနေခြင်းသည် စက်တင်ဘာလ ၁၄ ရက်တွင် စတင်ကျင်းပမည့် ကမ္ဘာ့ကုလသမဂ္ဂ၏ (၇၆) ကြိမ်မြောက် အထွေထွေညီလာခံနှင့် တိုက်ဆိုင်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာများ စသည့်အထွေထွေတည်ငြိမ်မှု မရှိကြောင်း အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များက သတိပြုမိကြစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည့် နိုင်ငံရေး အောက်လမ်းနည်းတစ်ခုသာ ဖြစ်သည်။

ယခုကဲ့သို့ ဘဏ်ငွေဓားပြတိုက် လုယက်မှုကြီးအား ၉ နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့ခြင်းမှာ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ စည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်သည့် ရလဒ်အဖြစ် ၎င်းတို့၏ ရည်ရွယ်လုပ်ဆောင်မှုများအပေါ် ချေဖျက်နိုင်ခဲ့သည့် ပြယုဂ်တစ်ခုလည်း ဖြစ်စေခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်မြောက်ဆဲ ဓားပြတရားခံများကိုလည်း အမြန်ဆုံးဖမ်းဆီးရမိရေး ကြိုးပမ်းလျက်ရှိပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့် ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှု အပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းက ဖွဲ့စည်းထားသော NUG၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝှမ်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဗို့ကျည် (ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံး ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E) လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦး သေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်း အများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြား အရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတိုငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများ ကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်း တိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာတာဝန်ရှိသူများကို အချိန်မီသတင်းပို့ အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများ ငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါ ငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့် အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

☆ ကျောဖုံးမှ

"ကောင်းကြိုက်" ဒန်ပေါက်ဆိုင်ရှေ့တွင် ဆက်စပ်တရားခံ ရန်နိုင်(ဘ)ဦးစိုးရွှေအား ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထပ်မံဖမ်းဆီးရမိခဲ့သည့် တရားခံများ၏ထွက်ဆိုချက်အရ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၈ ရှိ "ဓမ္မဒူတ" သီလရှင်ကျောင်းတိုက်တွင် လက်နက်/ခဲယမ်းများ သိုဝှက် သိမ်းဆည်းထားကြောင်း ဖော်ထုတ်ရရှိသဖြင့် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ထပ်မံစစ်ဆေးရှာဖွေမှုများ ပြုလုပ်ခဲ့ရာ ဆွမ်းစားဆောင်အတွင်း လျှို့ဝှက် သိမ်းဆည်းထားသည့် Remington Model 700 အမျိုးအစား ပြောင်းချော သေနတ်တစ်လက်နှင့် ငွေကျပ်သိန်း ၅၅၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။


### သိမ်းဆည်းရမိ

အဆိုပါ ဘဏ်ငွေဓားပြတိုက်မှုဖြစ်စဉ်တွင် စက်တင်ဘာ ၁၃ ရက်နေ့ ည ဖမ်းဆီးရမိတရားခံများအပါအဝင် တရားခံ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး လေးဦး **စုစုပေါင်း ၁၂ ဦး**၊ M-79 ဗုံးပစ်လောင်ချာ တစ်လက်၊ AK-47 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည်တောင့် ၂၂၀၊ MK-12 သေနတ် ခြောက်လက်၊ ၎င်းကျည်အိမ်မျိုးစုံ ၁၂ ခု၊ Remington model 700 အမျိုးအစား ပြောင်းချောသေနတ် တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် ဓားပြတိုက်ရာတွင် ယူဆောင်သွားခဲ့သောငွေများမှ **စုစုပေါင်း ငွေကျပ်သိန်း ၃၉၄၁၀** အား ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများနှင့် ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅/၅)နေရာ၌ ရောဝတီဘဏ်မှ ငွေသယ်ယာဉ် နှစ်စီးအား ဓားပြတိုက်သည့် ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ




## အကြမ်းဖက်သမားများက ကလေးမြို့နယ် ကျောက်ပြုတ်ကျေးရွာရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH၊ PDF အဖွဲ့များသည် တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အုပ်စုဖွဲ့အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက် ည ၁၀ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက်ပြုတ်ကျေးရွာသို့ အကြမ်းဖက်သူအင်အား ၅၀ ခန့်က တူမီးသေနတ်နှင့် လက်လုပ်သေနတ်များဖြင့် ဝင်ရောက်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများသည် ကျေးရွာအတွင်းရှိ ရတနာရောင်ခြည်ဘုန်းတော်ကြီးကျောင်းကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ပြီး ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ရာ အိမ်ခြေ ၂၅ လုံးခန့် မီးလောင်ကျွမ်းခဲ့ကြောင်းနှင့် ကျေးရွာနေ ဖိုးလွင် ၂၆ နှစ်(ဘ)ဦးကျော်လွင်၊ မောင်မိုး ၃၀ နှစ်(ဘ)ဦးမောင်အေး တို့ကို ဖမ်းဆီးခေါ်ဆောင်၍ ကျောက်စီကျေးရွာအနီး၌ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဝိုင်းမော်နှင့် နမ့်ခမ်းမြို့နယ်တို့တွင် ဘိန်းဆီခဲများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာ ၁၃ ကီလိုမီတာ ပူးပေါင်းစစ်ဆေးရေးစခန်းအနီးတွင် လုတ်ယိန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၅ ကီလိုကိုလည်းကောင်း။

စက်တင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် နမ့်ခမ်းမြို့ အမှတ်(၁) ရပ်ကွက် မူဆယ်-နမ့်ခမ်းသွား ကားလမ်းတွင် ခေါယော(ခ)ရှောက်ခုန် မောင်းနှင်ပြီး ထန်းချမ်း(ခ)လောက်ဝူးလိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၈၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# လူမှုအသိုက်အဝန်းတစ်ခုလုံးက ဆေးလိပ်မသောက်ဘူး၊ ဆေးရွက်ကြီးငုံတာ၊ ကွမ်းစားတာတွေ မလုပ်ဘူးဆိုရင် ကျန်းမာသန့်ရှင်းတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ရရှိပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာအစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၁၃ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။


**အစီအစဉ်မှူး။** ။ ဆေးလိပ်သောက်ခြင်းနဲ့ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနိုင်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဆေးလိပ်သောက်ခြင်းကြောင့် ခန္ဓာကိုယ်မှာ ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာနိုင်တယ်ဆိုတာကို ဖြေကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ ပထမဆုံးအနေနဲ့ ကိုဗစ် – ၁၉ ဖြစ်ပွားတဲ့သူတွေမှာ ဆေးလိပ်က ဘယ်လောက်အထိ ထိခိုက်နိုင်တယ်ဆိုတာကို WHO ရဲ့ စက်တင်ဘာ ၃ ရက် Tobacco and COVID –19 ခေါင်းစဉ်နဲ့ နောက်ဆုံးထုတ်ပြန်ချက်ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆေးလိပ်သောက်သူတွေမှာ ကိုဗစ် – ၁၉ ဖြစ်ရင် ဘယ်လောက်အထိ ဆိုးဆိုးရွားရွားဖြစ်နိုင်သလဲဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ကျွမ်းကျင်ပညာရှင် Dr. Hebe က ဖြေကြားပေးထားပါတယ်။

အဓိကက ဆေးလိပ်သောက်သူတွေမှာ ကိုဗစ် – ၁၉ ဖြစ်ရင် မသောက်သူတွေထက် ၅၀ ရာခိုင်နှုန်းပိုပြီး ပြင်းပြင်းထန်ထန်ဝေဒနာခံစားရတယ်ဆိုတဲ့ သက်သေအထောက်အထားတွေရှိပြီးဖြစ်ပါတယ်။ ရောဂါဝေဒနာဆိုးဆိုးရွားရွားခံစားရနိုင်သလို ဆေးရုံတက်ရောက်ရမှု၊ အထူးကြပ်မတ်ကုသဆောင်ထဲကို ရောက်ရှိနိုင်မှုလည်း များပါတယ်။ အသက်ရှူအားကူစက်တွေတင်ရတဲ့ အရေအတွက်လည်းများပါတယ်။ သေဆုံးမှုလည်း များတယ်လို့ပြောထားပါတယ်။

အချုပ်အားဖြင့် ပြောရမယ်ဆိုရင် ဆေးလိပ်သောက်ခြင်းက ပြည်သူ့ကျန်းမာရေး ပြဿနာတွေဖြစ်တဲ့ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆုတ်ရောဂါတွေဖြစ်စေနိုင်တယ်။ အထူးသဖြင့် နာတာရှည်အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာလို ကင်ဆာတွေလည်း ဖြစ်စေနိုင်ပါတယ်။ ဒ့ါအပြင် ဆေးလိပ်သောက်ခြင်းကြောင့် ကိုဗစ် – ၁၉ ရောဂါကို ပိုမိုဆိုးစေပြီး တန်ဖိုးရှိလှတဲ့ လူ့အသက်ပေါင်းများစွာကိုလည်း ခြေချနိုင်တဲ့ အစွမ်းတွေရှိနေပါတယ်။



**အစီအစဉ်မှူး။** ။ ဆေးလိပ်သောက်သူတွေက ကိုဗစ် – ၁၉ ဖြစ်ပွားပြီဆိုရင် ဘယ်လိုတွေ ဖြစ်လာနိုင်ပါသလဲ။

**ဒေါက်တာခင်ခင်ကြီး။** ။ ဆေးလိပ်က အတော့်ကို ဒုက္ခပေးနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ရင် ၂၀၁၆ ခုနှစ်မှာ WHO က လူငယ်တွေ ဆေးလိပ်သောက်တာနဲ့ ပတ်သက်ပြီး ပြုလုပ်ထားတဲ့ Global Youth Tobacco Survey ဆိုတာ ရှိပါတယ်။ ဒီလေ့လာချက်အရဆိုရင် မြန်မာနိုင်ငံမှာ ဆေးလိပ်နဲ့ ဆေးရွက်ကြီးကြောင့် သေဆုံးမှုပေါင်းက ၄၃၀၀၀၀ ရှိတယ်လို့ တွက်ချက်ထားပါတယ်။ ဒ့ါအပြင် မကူးစက်နိုင်တဲ့ ရောဂါတွေဖြစ်တဲ့ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာ စတဲ့ရောဂါတွေ ဖြစ်ပွားမှုရဲ့ ၆၈ ရာခိုင်နှုန်းသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးကြောင့်၊ အထူးသဖြင့် ဆေးလိပ်သောက်သုံးခြင်းကြောင့် ဖြစ်တယ်ဆိုတာတွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့တဲ့ STEPS survey မှာ ယောကျ်ားတွေ ဆေးလိပ်သောက်သုံးမှုက ၄၃ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသမီးတွေက ၈ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ ကွမ်းစားတာ၊ ဆေးရွက်ကြီးငုံတာက ယောကျ်ားတွေမှာ ၆၂ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးတွေမှာ ၂၄ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ ဒါဟာ ဆေးလိပ်နဲ့ ဆေးရွက်ကြီး အန္တရာယ်က ပေါ့ဆလို့မရတဲ့အနေအထားမှာရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေမှာ ၁၀ ယောက်မှာ ၃ ယောက်က ဆေးလိပ်ရဲ့အန္တရာယ်တွေကို ရင်ဆိုင်နေရတဲ့အခြေအနေရှိနေတယ်လို့ ဖော်ပြထားတာလည်းတွေ့ရပါတယ်။

### ဆင့်ပွားခံစားရနိုင်

နောက်ပြီး မိသားစုတွေမှာ ဆေးလိပ်သောက်သူ တစ်ယောက်ရှိရင် သူ့မိသားစုဝင် သုံးယောက်က ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်သူနည်းတူ ဆေးလိပ်ကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲအန္တရာယ်ကို ဆင့်ပွားခံစားရနိုင်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ Stay at Home လုပ်ကြတယ်။ စိတ်အပန်းဖြေဖို့အကြောင်းပြပြီး ဆေးလိပ်တွေပိုသောက်လာကြတယ်။ ဒ့ါအပြင် ကွမ်းယာဆိုင်တွေလည်း ရှိနေပါတယ်။ ဒါတွေကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့တွေက ကြပ်ကြပ်မတ်မတ်နဲ့ ထိန်းကျောင်းဖို့လိုပါတယ်။ ကွမ်းယာစားပြီး တံတွေးတွေကို နေရာအနှံ့ထွေးမယ်ဆိုရင် ရောဂါပိုးကူးစက်ဖို့အတွက် အခွင့်အလမ်းရမှာဖြစ်ပါတယ်။

ဆေးလိပ်နဲ့ ဆေးရွက်ကြီးသုံးစွဲသူတွေဟာ ကိုဗစ် – ၁၉ ခံစားရရင် ပိုပြီး ဆိုးဆိုးရွားရွား ဖြစ်စေနိုင်ပါတယ်။ ကမ္ဘာ့ကပ်ရောဂါအချိန်မှာ နိုင်ငံတိုင်းက Stay at Home လုပ်တယ်။ Lock down တွေလုပ်တယ်။ ဒီလိုလုပ်ဆောင်နေပေမယ့် ဆေးလိပ်နဲ့ ဆေးရွက်ကြီးထုတ်လုပ်တဲ့သူတွေက ဈေးကွက်အသစ်တွေကို ရှာဖွေလာကြပါတယ်။ ဒီလိုရှာဖွေလာတဲ့အခါ သတင်းအမှားတွေကို ကြော်ငြာထဲမှာ ထည့်သွင်းပြောလာကြပါတယ်။ ဥပမာပေးရရင် “Stay at Home အချိန်မှာ သင့်ရဲ့စိတ်ပင်ပန်းမှုတွေကို ဖြေဖျောက်ဖို့ ဆေးလိပ်သောက်ပါ၊ စိတ်ကူးဉာဏ်တွေ ကွန့်မြူးလာဖို့ ဆေးလိပ်သောက်ပါ” စသဖြင့် ကြော်ငြာလာတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီလိုကြော်ငြာသလို အခြားတစ်ဖက်ကလည်း ဈေးကွက်ဖြန့်ဖြူးရေး နည်းစနစ်အသစ်တွေကို

ထက်လျှို

လုပ်လာပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဖြင့် သုံးစွဲသူရဲ့လက်ဝယ်ကို လွယ်လွယ်ကူကူနဲ့ ရောက်အောင်လုပ်ပါတယ်။ ပုံမှန်အားဖြင့် Stay at Home လုပ်တယ်။ Lock down တွေလုပ်တယ်ဆိုတော့ အပြင်မထွက်ရတဲ့အတွက် ဆေးလိပ်သောက်ဖို့အခွင့်အလမ်းက နည်းသွားတယ်။ ဝယ်ယူဖို့မလွယ်ဘူး။ သို့သော် ဒီလိုဈေးကွက်ဖော်ဆောင်ရေး၊ ဖြန့်ဖြူးရေး နည်းစနစ်အသစ်တွေနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် တစ်ခါတလေမှာ အသက်မပြည့်သေးတဲ့ ကလေးတွေတောင် သူတို့ရဲ့ဈေးကွက်ရှာဖွေမှုမှာ သားကောင်ဖြစ်ပြီး ဆေးလိပ်စမ်းသပ်သောက်သုံးမိတာ၊ အလွယ်တကူ သောက်သုံးမိတာ ဖြစ်နိုင်ပြီး အရင်က သောက်သုံးနေတဲ့သူတွေကလည်း ပိုသောက်မိတာတွေ ဖြစ်စေနိုင်ပါတယ်။

### ဈေးကွက်ရှာဖွေလာကြ

နောက်တစ်ခုက ဆိုရှယ်မီဒီယာမှာ Stay at Home ကာလ အထိမ်းအမှတ်အဖြစ် ဆေးလိပ်ရောင်းဈေးကို အထူးလျှော့ဈေးရောင်းချပေးတာမျိုးတွေ လုပ်ဆောင်တာမျိုးတွေရှိပါတယ်။ ဒ့ါအပြင် ဆေးလိပ်အစားထိုး Electronic cigarette သောက်ခြင်းကိုလည်း တစ်ဖက်က ဈေးကွက်ရှာဖွေလာကြပါတယ်။ Electronic cigarette သောက်ခြင်းက အန္တရာယ်မရှိပါဘူး၊ သင့်ရဲ့အဖော်မွန်ကောင်းဖြစ်ပါတယ် စသဖြင့် ကြော်ငြာအားကောင်းကောင်းနဲ့ ဈေးကွက်ရှာဖွေတာမျိုးတွေ ရှိပါတယ်။ ယခု ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ရင်ဆိုင်နေရချိန်မှာ ဈေးကွက်ရှာဖွေမှုပုံစံအသစ်တစ်မျိုးနဲ့ ကိုဗစ် – ၁၉ နဲ့ ပတ်သက်ပြီး အသက်ရှူအားကူစက်၊ PPE ဝတ်စုံ၊ Mask တွေကို သူတို့ရဲ့ ကုန်အမှတ်တံဆိပ် Logo တွေ ရိုက်နှိပ်ပြီး ကြော်ငြာတာမျိုးလည်း လုပ်လာကြပါတယ်။ ဆေးလိပ်နဲ့ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ကမ္ဘာတစ်ဝန်း တစ်နှစ်ကို လူပေါင်း ရှစ်သန်းသေစေနိုင်တဲ့အတွက် ဒီလိုဈေးကွက်ရှာဖွေမှုတွေကို အထူးသတိပြုပြီး ရှောင်ရှားနိုင်ဖို့လိုပါတယ်။

**အစီအစဉ်မှူး။** ။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေတဲ့ ကာလမှာ ဆေးလိပ်သောက်သုံးမှုတွေ များပြားလာရခြင်း၊ ဆေးလိပ်ကုမ္ပဏီတွေရဲ့ ဒီလိုဈေးကွက်တွေ ရှာဖွေလာရခြင်းအပေါ် သုံးသပ်ချက်ကိုလည်း သိချင်ပါတယ်။

**ဒေါက်တာခင်ခင်ကြီး။** ။ယခု အချိန်မှာ တော်တော်များများသောလူတွေက ဆေးလိပ်ဖြတ်ဖို့ ဆန္ဒရှိလာကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ တတိယလှိုင်းစဖြစ်ချိန် ၂၀၂၁ ခုနှစ် မေလ ၂၇ ရက်ကစပြီး ၃ လအတွင်း လေ့လာချက်အရ သေဆုံးသူတွေက လူလတ်ပိုင်းတွေ သေဆုံးတာများလာပြီး နောက်ခံရောဂါရှိခြင်း၊ မရှိခြင်းကို ကြည့်မယ်ဆိုရင် သေဆုံးသူတွေရဲ့ ၈၀ ရာခိုင်နှုန်းသည် နောက်ခံရောဂါမရှိတာကို တွေ့ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းတုန်းက အသက်ကြီးသူတွေ သေဆုံးတာများပြီး သေဆုံးသူရဲ့ ၈၀ ရာခိုင်နှုန်းသည်

စာမျက်နှာ ၁၇ သို့

**မိသားစုတွေမှာ ဆေးလိပ်သောက်သူတစ်ယောက်ရှိရင် သူ့မိသားစုဝင် သုံးယောက်က ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်သူနည်းတူ ဆေးလိပ်ကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲအန္တရာယ်ကို ဆင့်ပွားခံစားရနိုင်ပါတယ်။ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ Stay at Home လုပ်ကြတယ်။ စိတ်အပန်းဖြေဖို့အကြောင်းပြပြီး ဆေးလိပ်တွေ ပိုသောက်လာကြတယ်။ ဒ့ါအပြင် ကွမ်းယာဆိုင်တွေလည်း ရှိနေပါတယ်။ ဒါတွေကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့တွေက ကြပ်ကြပ်မတ်မတ်နဲ့ ထိန်းကျောင်းဖို့လိုပါတယ်။ ကွမ်းယာစားပြီး တံတွေးတွေကို နေရာအနှံ့ ထွေးမယ်ဆိုရင် ရောဂါပိုးကူးစက်ဖို့အတွက် အခွင့်အလမ်း ရမှာဖြစ်ပါတယ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီနှင့် မြဝတီကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၁ ခုမှ ယာဉ်စီးရေ ၂၄ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီး ၃၉ တန်၊ အောက်ဆီဂျင် (အိုးခွံ) အခု ၂၇၉၀၊ အောက်ဆီဂျင်ထုတ်သည့်စက် ၆၈ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် ၃၁၈ ခု၊ Test Kit အခု ၅၀၂၄၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၇၃၀၀၊ လက်အိတ် ၂၉တန်နှင့် နှာခေါင်းစည်း ၆၃ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် ၆၈ ခုမှာ ရန်ကုန်မြို့သို့ ၆၄ ခု၊ မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ ဖားကန့်မြို့နှင့် မိုးကောင်းမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များနှင့် အကူအညီလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း



အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီကိုးခုမှ Oxytocin Injection အခု ၅၀၊ Allopurinol သုံးခု၊ Zithrotex Tablets အခု ၃၀၃၄၀၊ Vitamin C+ Zinc+ D3 Tablets ၆၁၂၈ ခု၊ Chromium Vitamin D-3 ၁၄၃၀၈ ခု၊ Spare Part of Oxygen Concentrator အခု ၃၀၊ Regulator အခု ၁၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၀၊ COVID-19 Rapid Test အခု ၂၀၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Disposable Face Mask အခု ၂၀၀၀၀၀၀၊ အောက်ဆီဂျင်ဆလင်ဒါ အခု ၂၇၆၀၊ အောက်ဆီဂျင်ထုတ်စက် ၆၃ ခု၊ Oxygen Regulator/ Flow Meter ၁၆၈၉ ခုနှင့် ဆေးဝါးမျိုးစုံ ၄၅ မျိုး ၂၇၇၁၇၈ ဒသမ ၇၁ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ) တွင် ကုမ္ပဏီ ၁၂ ခုတို့မှ အောက်ဆီဂျင်ဆလင်ဒါ အခု ၁၀၃၀၊ အိမ်သုံး အောက်ဆီဂျင်စက် ၂၀၈ ခု၊ နှာခေါင်းစည်း ၄၂၂၀၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၉ ကုဗမီတာ၊ အောက်ဆီဂျင်အရည် တန် ၂၀၊ Flow Meter/ Regulator ၁၅၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၇၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ Disposable Cap ၅၀၀ ကီလိုဂရမ်၊ Syringe ၄၁၆၀၊ Infusion ၉၇၂ ခု၊ Sodium Chloride Injection ၅၈၈၄၈ ကီလိုဂရမ်၊ Dexsone Injection ၂၄၄၈၆ ကီလိုဂရမ်၊ Vitamin-C Tablet ၃၄၃၂ ကီလိုဂရမ်၊ Glucose Injection ၁၄၀၄၈ ကီလိုဂရမ်၊ Surgical Gown ၅၀၀ ကီလိုဂရမ်၊ လက်အိတ် ၂၈၀၀၀ ကီလိုဂရမ် တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးစေ့ပေးအပ်ပွဲနှင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ဖွင့်လှစ်

**ကသာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ တောင်သူများအား မျိုးစေ့ပေးအပ်ပွဲနှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး နည်းပညာပေးသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**စမ်းသပ်စိုက်ပျိုး**

မျိုးစေ့ပေးအပ်ပွဲနှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး နည်းပညာပေးသင်တန်းသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ မြို့နယ်စီမံကိန်းမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် နည်းပညာပြန့်ပွားရေးစင်တာလေးခုမှ တောင်သူစုစုပေါင်း ၃၀ တက်ရောက်ခဲ့သည်။

အင်းတော်မြို့နယ်တွင် ယခင်နှစ်က ချည်မျှင်ရှည်ဝါ စိုက်ပျိုးခဲ့ခြင်းမရှိဘဲ ယခုနှစ်မှ ရွှေတောင်(၈)ချည်မျှင်ရှည်ဝါ လေးဧကခန့်ကို ကျေးရွာအုပ်စုနှစ်စု၊ တောင်သူနှစ်ဦးတို့ဖြင့် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**

■

✳ စာမျက်နှာ ၁၆ မှ

နောက်ခံရောဂါရှိတာကို တွေ့ရပါတယ်။ ဒါဟာ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းရဲ့ ခြားနားချက် ဖြစ်ပါတယ်။နောက်ခံရောဂါမရှိသူတွေတောင်မှ တတိယလှိုင်းမှာ 'ဒယ်လ်တာ'ဆိုတဲ့ ဗီဇပြောင်းပိုးကြောင့် သေဆုံးမှု၊ ရောဂါပြင်းထန်စွာဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှုတွေ၊ ရောဂါပြင်းထန်မှု၊ သေဆုံးမှုတွေ များလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်မှာ အတွေးမများစေချင်ပါဘူး။ ဆေးလိပ်ဖြတ်ဖို့ အချိန်အခါကောင်းဖြစ်ပြီဆိုတာ ပြောလိုပါတယ်။

ဆေးလိပ်ဖြတ်လိုက်လို့ မိနစ် ၂၀ကြာတာနဲ့ နှလုံးခုန်နှုန်းနဲ့ သွေးပေါင်ချိန်တွေက ကောင်းမွန်လာတာတွေ့ရပါတယ်။ ဆေးလိပ်ဖြတ်ပြီး ၁၂နာရီကြာရင် ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ အဆိပ်အတောက်တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုက်ရဲ့ ပမာဏက လျော့နည်းသွားပြီး ပုံမှန်အတိုင်း ပြန်ရောက်လာပါတယ်။ ခန္ဓာကိုယ်က ကာဗွန်မိုနောက်ဆိုက်တွေကို ပြင်ပကလေထုထဲမှာရှိတဲ့ အောက်ဆီဂျင်နဲ့ ဖလှယ်ရပါတယ်။ ဆေးလိပ်ဖြတ်လိုက်ခြင်းအားဖြင့် အဆုတ်ရဲ့ လုပ်ငန်းဆောင်တာ ပိုကောင်းလာပြီး အောက်ဆီဂျင်နဲ့ဖလှယ်မှုတွေ အားကောင်းလာတဲ့အတွက် ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဆိပ်အတောက်တွေဖြစ်စေတဲ့ ကာဗွန်မိုနောက်ဆိုက် ပမာဏက ကျဆင်းသွားတယ်ဆိုတာ နေ့တစ်ဝက်နဲ့တင် သိသာနိုင်ပါတယ်။ ရက်သတ္တနှစ်ပတ်က ၁၂ပတ်(၃လ)အတွင်းမှာ အဆုတ်ရဲ့ လုပ်ငန်းဆောင်တာတွေနဲ့ သွေးလှည့်ပတ်မှုက ကောင်းမွန်လာတာကို တွေ့ရပါတယ်။

ဆေးလိပ်ဖြတ်ပြီး ၁ နှစ် မှ ၄ နှစ်ကြာရင် ဆေးလိပ်သောက်သူနဲ့ နှိုင်းယှဉ်ရင် မသောက်သူမှာ သေဆုံးနိုင်မှု ထက်ဝက်တိတိ ကျဆင်းသွားတယ်ဆိုတာ သိနိုင်ပါတယ်။ ဆေးလိပ်ဖြတ်ဖို့ ဘယ်အချိန်အကောင်းဆုံးလဲဆိုရင် ချက်ချင်းဖြတ်လေ ကောင်းလေဖြစ်ပါတယ်။ မိမိတင်မကဘူး မိသားစုဝင်တွေကိုပါ ဆေးလိပ်ကြောင့်ဖြစ်စေတဲ့ အန္တရာယ်ဖြစ်မှုတွေက ကာကွယ်ပေးနိုင်ပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းအောင် Stay Safe နေမယ်။ ကျန်းမာအောင် Stay Healthy နေမယ်။ သိပ္ပံပညာနဲ့ သုတေသနတွေ့ရှိချက်တွေကို ယုံကြည်ပြီး လိုက်နာဖို့အထူးလိုအပ်တယ်လို့ ပြောလိုပါတယ်။

**အစီအစဉ်မှူး။** ။ **ဆေးလိပ် သောက်ခြင်းနဲ့ ကိုဗစ် - ၁၉ ဖြစ်ပွားခြင်းနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။**

**ဒေါက်တာခင်ခင်ကြီး။** ။ အပေါင်း အသင်းကြောင့်ပဲ ဖြစ်ဖြစ်၊ စိတ်ဖျော်ဖြေရာပဲဖြစ်ဖြစ်၊ စမ်းသပ်ချင်လို့ပဲဖြစ်ဖြစ် ဆေးလိပ်သောက်တာများပါတယ်။ ဆေးလိပ်သောက်မှ ခေတ်မီတယ်၊ လူရာဝင်တယ်၊ အပေါင်းအသင်းဆံ့တယ် စသဖြင့် အတွေးမှားပြီး သောက်တာတွေ ရှိနိုင်ပါတယ်။ ဆေးလိပ်တင်မကပါဘူး။ ကွမ်းစားခြင်းကလည်း ထပ်တူအန္တရာယ်များပါတယ်။ ကမ္ဘာတစ်ဝန်းမှာ မကူးတတ်သောရောဂါတွေကြောင့် ဖြစ်ပွားသေဆုံးမှုဟာ WHO ကထုတ်ပြန်တဲ့ ၂၀၀၈ ခုနှစ် ထုတ်ပြန်ချက်အရ တစ်နှစ်ကို ၃၆ သန်း ရှိပါတယ်။ ဒီလိုသေဆုံးမှုတွေရဲ့ ၆၀ ရာခိုင်နှုန်းသည် မကူးစက်တတ်သော ရောဂါတွေကြောင့် ဖြစ်ပါတယ်။ ဒီလိုသေဆုံးမှုတွေရဲ့ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဖြစ်တယ်ဆိုတာ သိရပါတယ်။

ဆေးလိပ်သောက်သူရဲ့ အဆုတ်ကို ခွဲကြည့်လိုက်မယ်ဆိုရင် ကတ္တရာစေးလို မည်းနေပြီး ဆေးလိပ်မသောက်သူရဲ့အဆုတ်က ပန်းရောင်ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအဆုတ်က မည်းနေတဲ့သူမှာ ပြင်ပက သန့်ရှင်းတဲ့လေကို ဘယ်လိုရှူရှိုက်ပြီး ခန္ဓာကိုယ်ထဲက ပြန်ထုတ်ရတဲ့ အဆိပ်အတောက်ဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန် မိုနောက်ဆိုက်ဓာတ်တွေကို ဘယ်လိုလဲလှယ်နိုင်မလဲ။ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် အဆိပ်အတောက်တွေနဲ့ မီးမြှိုက်သလိုဖြစ်ပြီး လောင်ကျွမ်းခံမှာလဲ။ ဒါကြောင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စတဲ့အကျင့်တွေကို အမြန်ဆုံး ဖြတ်တောက်ဖို့ အရေးကြီးပါတယ်။

မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တယ်။ မကူးစက်နိုင်တဲ့ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ စတဲ့ရောဂါတွေ ဖြစ်ပွားတဲ့နှုန်းကလည်း များနေပါတယ်။ ဒါကြောင့် ပြည်သူတစ်ယောက်စီတိုင်းက ကျန်းမာတဲ့ လူနေမှုပုံစံနဲ့ နေထိုင်မယ်ဆိုရင် မိမိကိုယ်တိုင်လည်း ကျန်းမာရေးကောင်းမွန်မယ်။ ကျန်းမာနေတဲ့အတွက် မိသားစုအပေါ်ကိုလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေတော့ဘူး။ ကိုယ်တိုင်ကျန်းမာနေတဲ့အတွက် စီးပွားကောင်းစွာရှာနိုင်မယ်။ ဒီလိုကျန်းမာတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ရှိနေပြီဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မယ်။ ဒါဆိုရင် မြန်မာနိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒါ့အပြင် ကျွန်မတို့ရဲ့ လူမှုအသိုက်အဝန်းတစ်ခုလုံးက ဆေးလိပ်မသောက်ဘူး။ ဆေးရွက်ကြီးငုံတာ၊ ကွမ်းစားတာတွေ မလုပ်ဘူးဆိုရင် ကျန်းမာသန့်ရှင်းတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ရရှိပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

**ဆေးလိပ်ဖြတ်ဖို့နှိုးဆော်**

ကမ္ဘာပေါ်မှာလည်း ဆေးလိပ်မသောက်ရေးအတွက် တိုက်တွန်းနှိုးဆော်တာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ရင် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက ဆေးလိပ်ဖြတ်ဖို့ နှိုးဆော်နေတာတွေရှိပါတယ်။ ကျွန်မတို့တစ်ဦးတစ်ယောက်ချင်းစီက ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ် - ၁၉ ကပ်ရောဂါအတွက် အန္တရာယ်ကင်းတဲ့ အုပ်စုထဲမှာ ပါဝင်သွားမယ်။ ချက်ချင်းဖြတ်၊ ချက်ချင်းအကျိုးရှိတဲ့အတွက် ဆေးလိပ်ဖြတ်ဖို့ အထူးပဲ တိုက်တွန်းလိုပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီး ကင်းစင်တဲ့ကမ္ဘာကြီး အမြန်ဆုံးဖြစ်လာပြီး မြန်မာနိုင်ငံမှာလည်း ဆေးလိပ်သောက်သုံးမှုတွေကိုလျှော့ချပြီး မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုအန္တရာယ်က လျော့နည်းစေဖို့ တိုက်တွန်းလိုပါတယ်။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့ အချိန်မှာ ဆေးလိပ်ဖြတ်ဖို့ ချက်ချင်းလုပ်ဆောင်ဖို့လိုပြီဆိုတာ ထပ်လောင်းတိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

# ကျိုင်းတုံမြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm အလုံးရေ ၄၀၀၀ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

ကျိုင်းတုံ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm အလုံးရေ ၄၀၀၀ ကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပို့ဆောင်ပေးခဲ့ရာ စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက ရောက်ရှိသည်။

**ကြိုဆိုလက်ခံ**

တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်လာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm အလုံးရေ ၄၀၀၀ ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့ရာ ပြည်နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ကြံ့ခိုင်ရေးတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။



အဆိုပါ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinopharm) အလုံးရေ ၄၀၀၀ ကို တစ်လုံးလျှင် လူဦးရေ လေးဦး ထိုးနှံပေးနိုင်ပြီး လူဦးရေ ၂၀၀၀၀ စာအတွက် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များ အလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ဝါးခယ်မမြို့နယ်၌ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် စတင်ထုတ်လုပ်

ဝါးခယ်မ စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွာလယ်ရပ်ကွက် မြို့ပတ်လမ်းတွင် အလှူရှင်များ စုပေါင်းလှူဒါန်းထားမှုဖြင့် တည်ဆောက်နေသော ရွှေခယ်မီဗိတအောက်ဆီဂျင်ထုတ်စက်ရုံ၌ ယမန်နေ့ ညနေပိုင်းမှ စတင်၍ အောက်ဆီဂျင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်လုပ်နေမှုကို အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဇဝန၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးတို့က ကြည့်ရှုစစ်ဆေး၍ စက်ဆရာ ဦးကျော်နိုင်ဦးနှင့်တာဝန်ရှိသူများက အောက်ဆီဂျင်စက်အား စတင် လည်ပတ်ထုတ်လုပ်ခဲ့ရာ လီတာ ၄၀ ဆံ့အိုး ၅၀ ရရှိခဲ့ကြောင်း၊ ထုတ်လုပ်ရရှိသော အောက်ဆီဂျင်အိုးများအား လူနာများအသုံးပြုနိုင်ရန်အတွက် မြို့နယ်ပြည်သူ့ဆေးရုံသို့ အလုံး ၂၀၊ ကျူမငေးတိုက်နယ် ဆေးရုံသို့ ငါးလုံး၊ ရွှေလောင်းတိုက်နယ်ဆေးရုံသို့ သုံးလုံး၊ ကျန်းကုန်းကျေးလက် ကျန်းမာရေးဌာနသို့ နှစ်လုံး အသီးသီးဖြန့်ဝေခဲ့ပြီး ကျန်အလုံး ၂၀ အား အောက်ဆီဂျင်လိုအပ်သော လူမှုရေးအသင်းအဖွဲ့များနှင့် လူနာများအသုံး ပြုနိုင်ရန် စက်ရုံတွင် အသင့်ထားရှိကြောင်းနှင့် အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီအနေဖြင့် ကူးစက်ရောဂါကာလအတွင်း အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရန် လီတာ ၄၀ အိုး(အခွံ) အလုံး ၁၀၀ ဝယ်ယူထားရှိပြီး နေ့စဉ်ထုတ်လုပ်၍ ခွဲဝေဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

စောသန္တာဦး(ပြန်/ဆက်)

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မိုး/ဇလ

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၉-၂၀၂၂ ကြာသပတေးနေ့

**MRTV**

| | |
|---|---|
| ၀၆:၁၀ | ဓမ္မသုတ်ဂါထာနှင့်ပရိတ်တော်ရွတ်ဆိုခြင်း (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၅ | သုတရသ |
| ၀၉:၁၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၀၉:၄၅ | ကိုဗစ်-၁၉ ကာကွယ်ဆေး |
| ၁၀:၀၀ | သတင်းထူးသတင်း |
| ၁၀:၄၅ | ပြည်သူ့နိုင်ငံ |
| ၁၁:၄၅ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၁၂:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 သင်ခန်းစာများ |
| ၁၆:၄၅ | ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး |
| ၁၇:၃၀ | MRTV Travelouge |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ (အပိုင်း-၆၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| ၂၁:၀၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၂၁:၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ (အပိုင်း-၁) |

**mitv**

| | |
|---|---|
| 07:01 | News |
| 07:27 | Discovering Tribes: Ancient Kayah- their life and customs |
| 08:01 | Myanmar Orchestra: A Blend of Arts! |
| 08:14 | A Historic Town: 9 Pagodas |
| 08:27 | Myanmar Masterclass: Artist Win Pe Myint |
| 08:40 | Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato |
| 09:01 | Myanmar Traditional Instruments - Myanma Harp (Episode-1) |
| 09:27 | Snake Dancer |
| 09:34 | Myanmar's Beauty and Nature "Beach" |
| 10:01 | Discovering Tribes: "Ta'ang (Palaung): their life and customs" |
| 10:48 | Farming: Duck Breeder |
| 11:01 | Five Treasures in the Ancient City Of Mrauk U |
| 11:31 | The Rising Glory Of Myanmar Arts |

**MRTV NRC**

ကမ္ဘာ (၀၆:၀၀ မှ ၀၈:၀၀)

စစ်ကိုင်း (၀၈:၀၀ မှ ၀၉:၁၀)

အကျော်ကြားဆုံး (၀၉:၀၀ မှ ၁၀:၀၀)

(၁၀:၀၀ မှ ၁၁:၀၀)

ချင်း (ဖလမ်း) (၁၁:၀၀ မှ ၁၂:၀၀)

ချင်း (ဇိုမီး) (၁၂:၀၀ မှ ၁၃:၀၀)

(၁၃:၀၀ မှ ၁၄:၀၀)

(၁၄:၀၀ မှ ၁၅:၀၀)

(၁၅:၀၀ မှ ၁၆:၀၀)

(၁၆:၀၀ မှ ၂၀:၀၀)

(၂၀:၀၀ မှ ၂၂:၀၀)

**MRTV**

| | |
|---|---|
| ၀၇:၀၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၁၀:၀၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၁၀:၃၀ | (အပိုင်း-၃) |
| ၁၁:၀၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၁၈:၃၀ | (အပိုင်း-၃) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၀၆:၃၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၀၈:၀၀ | (ပုံမှန်ဖတ်ရှုနိုင်ခြင်းမရှိ) |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ... Education Channel ...

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါအတွက် ဆေးခါးကြီး (ငရုတ်ခါး) အစွမ်း

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပြန်လည်ဖြစ်ပွားနေစဉ် ရှေ့ပြေးအစီအစဉ်အဖြစ် ရောဂါမပြင်းထန်သည့် ကိုဗစ်-၁၉ လူနာများကို ဆေးဖက်ဝင်အပင်ဖြစ်သော ဆေးခါးကြီး (ငရုတ်ခါး) ဖြင့် အသုံးပြုကုသမှုကို ၎င်းနိုင်ငံ၏ကျန်းမာရေးဝန်ကြီးဌာနက ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ကတည်းက စတင်၍ ခွင့်ပြုလိုက်ကြောင်း သိရသည်။ ထိုအပင်ဖြင့် ကုသမှုသည် ပြင်းထန်သောရောဂါကူးစက်ပျံ့နှံ့မှုကို လျော့ကျစေမည့်အပြင် ကုသမှုကုန်ကျစရိတ်လည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ သို့သော် ဆေးခါးကြီး (ငရုတ်ခါး) ဖြင့်ကုသမှုကို အစိုးရဆေးရုံငါးရုံတွင်သာ ကနဦးရရှိဦးမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းဆေးဖက်ဝင်အပင်ဖြင့် ကုသမှုခံယူမည့်သူသည် အသက် ၁၈ - ၆၀ ကြားရှိသူဖြစ်ရမည့်အပြင် မိမိသဘောဆန္ဒအရ ကုသမှုခံယူလိုသူလည်းဖြစ်ရမည်။ ထို့ပြင် အခြားရောဂါအခံ လက္ခဏာမပြင်းထန်ဘဲ ရောဂါကူးစက်ခံထားရကြောင်း အတည်ပြုပြီးနောက် ၇၂ နာရီအတွင်းကုသမှုကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအပင်မှ အဆီအနှစ်သည် ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေသည့် ဗိုင်းရပ်စ်ကိုထိန်းချုပ်နိုင်ကာ ပြင်းထန်သောရောင်ရမ်းမှုကို လျော့ကျစေနိုင်ကြောင်း လေ့လာမှုများပေါ်မူတည်၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ရောဂါကူးစက်ခံရကြောင်း အတည်ပြုပြီးနောက် ၇၂ နာရီအကြာတွင် ထိုဆေးဖက်ဝင်အပင်ဖြင့် ကုသမှုခံယူသူများသည် သုံးရက်အတွင်း ကျန်းမာရေးအခြေအနေ တိုးတက်လာကြောင်းနှင့် ဘေးထွက်ဆိုးကျိုးမရှိကြောင်း လက်တွေ့စမ်းသပ်မှုများတွင် တွေ့ရသည်ဟု ထိုင်းနိုင်ငံဆိုင်ရာကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ထိုင်းနိုင်ငံ၏ လက်တွေ့စမ်းသပ်မှုများအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း အတည်ပြုပြီးနောက် ၇၂ နာရီအကြာတွင် ဆေးခါးကြီးအပင်ဖြင့် ကုသမှုခံယူသူများသည် သုံးရက်အတွင်း ကျန်းမာရေး အခြေအနေ တိုးတက်လာကြောင်းနှင့် ဘေးထွက်ဆိုးကျိုးမရှိကြောင်း ယင်းနိုင်ငံဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ကို တွေ့ရသည်။ သို့ပါ၍ မိမိတို့နိုင်ငံတွင်လည်း ဆေးခါးကြီးပင်ကို တိုင်းရင်းဆေးပညာဖြင့် နည်းစနစ်ကျန သုတေသနပြုလုပ်အောင်မြင်ပါက တိုင်းပြည်အတွက် လွန်စွာအကျိုးရှိမည်ဖြစ်ပါသည်။ ယခုအခါ ဆေးသုတေသနဦးစီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြိုးပမ်းလျက်ရှိ**



**ဆေးခါးကြီးပင်အကြောင်း သိကောင်းစရာ**

ဆေးခါးကြီးပင် (ငရုတ်ခါး) သည် လယ်ပဒူမျိုးရင်း Acanthaceae ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Andrographis paniculata Nees ဖြစ်သည်။ အင်္ဂလိပ်လို The Creat, King of Bitters, Creyat root ဟု အမျိုးမျိုးခေါ်ကြသည်။ အရွက်ကိုစားကြည့်ပါက အလွန်ခါးသည်။ ညအိပ်ရာဝင်ခါနီး ၎င်းအရွက်ကို စားကြည့်ပြီး နောက်တစ်နေ့နံနက်အိပ်ရာနိုးသည်အထိ ပါးစပ်ထဲမှာ ခါးနေသည်။ ထို့ကြောင့် ၎င်းကို အိန္ဒိယနိုင်ငံက "ဂျာဂရတ္တိ" ဟုခေါ်ကြပြီး နိုးသည်အထိ ခါးနေသည်ဟူသောအဓိပ္ပာယ်ဖြစ်ပါသည်။ မြန်မာပြည်တွင်မူ ငရုတ်ပင်နှင့် အလွန်ဆင်တူ၍ "ငရုတ်ခါး" ဟုခေါ်ကြသည်။ သို့သော် ငရုတ်ပင်မဟုတ်ပါ။ ရှမ်းဆေးခါးပင်လည်းမဟုတ်ပါ။

တစ်နှစ်ခံ ပင်ပျော့ပင်ငယ်မျိုးဖြစ်၍ ၁ - ၃ ပေအထိ မြင့်သည်။ ပင်စည်ပြောင်ချော၍ လေးထောင့်ပုံရှိသည်။ ရွက်ဆိုင်များ ထွက်ရှိကာ လုံသွားပုံအရွက်များဖြစ်ကြသည်။ ရွက်ထိပ်ရွက်ရင်း ချွန်းသည် (ရွက်ရင်းသွယ်သည်)။ ရွက်နားညီ၍ ရွက်ပြားချောပြီး ပြောင်လက်သည်။ ရွက်ကြောထင်ရှားသည်။ အပွင့်မှာ ခေါင်းလောင်းပုံသဏ္ဍာန်ရှိပြီး သေးငယ်၍ အဖြူရောင်ပေါ်တွင် ခရမ်းရောင်၊ ပန်းရောင်အပြောက်လေးများရှိသည်။ တပေါင်း၊ တန်ခူးတွင် အပွင့်ပွင့်သည်။ အသီးမှာရှည်၍ သေးငယ်သည်။ အခန်းနှစ်ခန်းပါသည်။ နုစဉ် အမွေးအနည်းငယ်ရှိပြီး ရင့်လျှင် ပြောင်ချောသည်။ ဝါဆို၊ ဝါခေါင်လတွင် အသီးသီးသည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် အများအပြားတွေ့ရသည်။ သဘာဝအလျောက် ပေါက်ရောက်သည်။ အချို့မှာ ဆေးဝါးအလို့ငှာ အိမ်များ၏ခြံစည်းရိုးများတွင် စိုက်ပျိုးထားသည်။

**ဆေးဖက်ဝင် ဆေးခါးကြီးပင်**

အရွက်နှင့် ပဉ္စငါးပါးလုံး အသုံးဝင်သည်။ မြန်မာဆေးကျမ်းများ၏အလိုအရ **"အေး၍ ခါးသောအရသာရှိ၏။ သလိပ်နှင့်သည်းခြေကို နိုင်၏။ အဆီမရှိ လေကို ပျက်စေတတ်၏။ ဝမ်းမီးကို တောက်စေ၏။ အဖျားကို ပယ်ဖျောက်စေတတ်၏။ ကလေးများအတွက် အထူးကောင်း၏"** ဟု ဖော်ပြထားသည်။

- ✻ အရွက်ကို အဖျားဖြတ်ဆေး၊ အဆိပ်ဖြေဆေး၊ သည်းခြေဆေး၊ လျှာပွတ်ဆေးတို့တွင် ထည့်သွင်းအသုံးပြုသည်။
- ✻ ပဉ္စငါးပါးကို အဖျားကျဆေး၊ အားတိုးဆေး၊ လေကြေဆေး အဖြစ် ဖော်စပ်အသုံးပြုသည်။
- ✻ အရည်ကျိုသောက်ခြင်းဖြင့် ခေါင်းကိုက်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းသက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ လေထိုးခြင်းနှင့် အဖျားရောဂါကို ပျောက်ကင်းစေသည်။

## ပေါက်ပေါက်


- ✻ ဆေးခါးကြီးရည်တွင် ဆီးဖြူ၊ ဖန်ခါး၊ သစ်ဆိမ့်သုံးမျိုး အမှုန့်ပြု ထည့်သောက်ပါက သွေးဖျဉ်း၊ လေဖျဉ်း၊ နူနာ၊ ခေါင်းကိုက်နှင့် ဇက်ထိုးမူးဝေသောရောဂါများကို ပျောက်စေသည်။
- ✻ အရွက်ကို မီးအပူပေးအခြောက်ခံပြီးနောက် အမှုန့်ပြုလုပ်သိမ်းထားပါ။ ၎င်းအရွက်မှုန့်ကို ငရုတ်ကောင်းစေ့ပမာဏခန့် သောက်ပေးခြင်းဖြင့် သွေးတိုး၊ ဆီးချို၊ အကြောတက်၊ ခေါင်းကိုက်ဝေဒနာများကို သက်သာစေပါသည်။

**မြွေဆိပ်ပြယ်စေရန်အတွက် ဆေးခါးကြီးအစွမ်း**

မြွေကိုက်ခံရလျှင် မြွေကိုက်ဒဏ်ရာ၏အထက်နားမှ ကြိုးဖြင့်ကျပ်ကျပ်စည်းပေးခြင်းဖြင့် မြွေဆိပ်များ သွေးပြန်ကြောထဲသို့ မရောက်အောင် ကာကွယ်ပေးပါသည်။ ၎င်းနောက် ဓားသန့်သန့်ကို မီးကင်ပြီး အနာပေါက်ကို ချဲ့ပေးပါ။ မြွေဆိပ်များ ထွက်သွားစေရန်အတွက် ပါးစပ်ဖြင့်စုပ်ကာ ထွေးထုတ်ပါ (စုပ်ပေးသူ၏ ပါးစပ် တွင် အနာအဆာမရှိရပါ)။ ပြီးနောက် လူနာကို နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးရပါမည်။ ထိုသို့ ရှေးဦးသူနာပြုအချက်အလက်ပြုလုပ်ပြီးနောက် ဆေးခါးကြီးကိုသုံး၍ အောက်ပါနည်းဖြင့် မြွေဆိပ်ပြယ်စေရန် ကုသပေးနိုင်ပါသည်။

ဆေးခါးကြီးပင် (ခေါ်) ရှမ်းဆေးခါးကြီးပင် အခြောက်မှုန့် ထမင်းစားဇွန်းတစ်ဇွန်းကို ရေနွေးဆူဆူမတ်ခွက်ကြီးတစ်လုံးနှင့် ဖျော်ပါ။ မြွေကိုက်ခံရသူကို လက်ဖက်ရေကြမ်းပန်းကန်နှင့် နှစ်လုံး၊ သုံးလုံးတိုက်ပေးပါ။ ဆေးခါးကြီးပင်အစိမ်းဖြစ်ပါက ဆေးပင်လက်တစ်ဆုပ်ကို ရေသန့်ဘူး သုံးဘူးထည့်၍ တစ်ဝက်ခန်းအောင် ကျိုပြီးတိုက်ပါ။ မြွေကိုက်ခံရသူသည် ရေအလွန်ဆာသောကြောင့် ရေကျက်အေးအသင့်ထား၍ ဆေးရည်တစ်ဇွန်းခန့်သောက်ပြီး ၎င်းရေကျက်အေးကိုတိုက်ပါ။ ဆေးတန်ခိုးကြောင့် မြွေဆိပ်ပြယ်ပြီး စားသောက်ထားသောအစာများအားလုံး အန်ထွက်သွားပါလိမ့်မည်။ အနာနေရာကို ဆေးမှုန့်အနည်းငယ်အား နှမ်းဆီဖြင့်ဖျော်ကာ ဒဏ်ရာပေါ်အုံ၍ စည်းထားပေးပါ။ သတိလစ်၍ သွေးအန်သောလူနာပင် ပြန်လည်ကောင်းမွန်လာပါလိမ့်မည်။ ထို့နောက် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ကုသရန် မမေ့ပါနှင့်။

အချုပ်အားဖြင့်ဆိုသော် မာဓဝနိဒါန်းဆေးကျမ်းတွင် ဝိသမ အဖျားအမျိုးမျိုးအတွက် ဆေးခါးကြီးပါဝင်သော တိုင်းရင်းဆေးဖုံဖြင့် ဖော်စပ်အသုံးပြုထားသည်ကို တွေ့ရသည်။ ယခုအချိန်အခါတွင် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများ၌ အဖျားရောဂါကို အခြေခံသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ ထိုရောဂါကို အနောက်တိုင်းဆေးဝါးများဖြင့် ကုသလျက်ရှိပြီး ကူးစက်မြန်ရောဂါဝေဒနာဖြစ်သောကြောင့် အလျှင်းပျောက်ခြင်းငှာ မစွမ်းနိုင်သေးပေ။ ထိုင်းနိုင်ငံ၏ လက်တွေ့စမ်းသပ်မှုများအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း အတည်ပြုပြီးနောက် ၇၂ နာရီအကြာတွင် ဆေးခါးကြီးအပင်ဖြင့် ကုသမှုခံယူသူများသည် သုံးရက်အတွင်း ကျန်းမာရေးအခြေအနေ တိုးတက်လာကြောင်းနှင့် ဘေးထွက်ဆိုးကျိုးမရှိကြောင်း ယင်းနိုင်ငံဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ကို တွေ့ရသည်။ သို့ပါ၍ မိမိတို့နိုင်ငံတွင်လည်း ဆေးခါးကြီးပင်ကို တိုင်းရင်းဆေးပညာဖြင့် နည်းစနစ်ကျန သုတေသနပြုလုပ်အောင်မြင်ပါက တိုင်းပြည်အတွက် လွန်စွာအကျိုးရှိမည်ဖြစ်ပါသည်။ ယခုအခါ ဆေးသုတေသနဦးစီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြိုးပမ်းလျက်ရှိကြောင်း သိရသဖြင့် လွန်စွာအားရမိကြောင်းနှင့် လက်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာနရှိ ပရဆေးဥယျာဉ်ရှစ်ခု၌ ဆေးခါးကြီးအပင်များကို စိုက်ပျိုးထားသည်ကို တွေ့ရကြောင်း ရေးသားလိုက်ရပါသည်။ ။



ဒါနပါရမီ

# သိကြားမင်းပင် တုန်လှုပ်ရသည့်အလှူ

**မောင်ဆန္ဒ(လယ်ဝေး)**

**(ယခင်အပတ်မှအဆက်)**

"ရော့"

မိမိပိုင်ဆိုင်သည့် အသပြာတစ်ပဲနိကို ပေးလိုက်သဖြင့် သူဌေးကတော်က မျက်လုံးလှန်ကြည့်သည်။ ပဲနိဝက်သာလှူဒါန်းရန် ရည်သန်ထားရာ ပိုင်ဆိုင်သမျှအားလုံး လှူလိုက်သဖြင့် စားဖို့ပင်မကျန်တော့။ ကိုယ်ရှာသည့်ငွေ ကိုယ်ပင်မစားရဘဲ လှူလိုက်သဖြင့် ဝမ်းဟောင်းလောင်းဖြင့် အိပ်ရသည်။ သို့သော် နောက်တစ်နေ့ကျမှ စားတော့မည်ဟု ရေသောက်အိပ်လိုက်သည်။ ခြောက်ရက်လုံးလုံး ပင်ပင်ပန်းပန်း လုပ်ရပြီး အစာမစားဘဲ နေရသဖြင့် အာဟာရပြတ်ပြီး လဲပြိုကျသွားတော့သည်။

"အသင် ဝိသယ၊ အခု ဘယ်လိုဖြစ်နေသလဲ"

အားအင်ပြတ် လဲကျနေစဉ် တစ်စုံတစ်ယောက်၏ မေးသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ အားအင်ချို့တဲ့သဖြင့် အမြင်အာရုံတို့က ဝေဝါးနေသည်။ ဘယ်သူဘယ်ဝါဟူ၍ ခွဲခွဲခြားခြားမသိ။

"ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သင့်ခနစည်းစိမ်တွေ ကုန်ပြီမို့လား"

တစ်ပါးသူအရေးကို စိတ်ဝင်စားဟန်ဖြင့် စူးစမ်းပုံကြောင့် စိတ်အချဉ်ပေါက်သွားသည်။ "ငါ့ပစ္စည်းတွေကုန်တာ သင်နဲ့ ဘာဆိုင်လဲ"ဟု မေးလိုက်ချင်သည်။

"သင်က တော်တော် မိုက်မဲလှသူပဲ၊ လက်ထဲခြုံးတစ်ပြားမှ မကျန်အောင် ဖြုန်းတီးပစ်တာကိုး၊ အခုလှူလို့ ကုန်သွားပြီမို့လား၊ သင့်မှာသာ လှူဒါန်းချင်စိတ်မရှိရင် ဒီငွေကုန်ပါ့မလား"

"ဘာ"

"သင်နဲ့ ဆွေမျိုးလည်းမတော်၊ သွေးလည်းမစပ်၊ အဲသလို လူတွေကိုပေးတော့၊ လှူတော့ ဘာအကျိုးရှိလဲ။ မွဲတေသွားတာပဲ အဖတ်တင်တယ်မို့လား"

"ဟော့...မင်း ဘယ်သူလဲ"

ဝိသယသည် လှူဒါန်းချင်စိတ်ပျက်ပြားအောင် လာရောက်ပြောနေသူကို ဒေါထသွားသည်။ သင်းလိုလူမျိုးသည် သူ့ အိမ်နှင့်မတန်။ အိမ်ထဲဝင်ဖို့ မဆိုထားနှင့် အိမ်ရိပ်ပင် မနင်းစေလို။ သင်းက ကျူးကျူးကျော်ကျော် ဝင်ရောက်ပြီး စေတနာ မပျက်ပျက်အောင် လှုံ့ဆော်နေသည်။ အလှူအပေါ် ကဖျက်ယဖျက်လုပ်သူအား ရိုက်မောင်းနှင်ထုတ်ချင်ပေမယ့် ကိုယ်တိုင်က မထူနိုင်။ မထနိုင်။

"ငါရဲ့ သဒ္ဓါစိတ် ဖျက်ဆီးသူက ဘယ်သူလဲ"

"ကျွန်ုပ် သိကြားမင်းပါ"

"ဘာ...ဘယ်လို၊ သိကြားမင်း ဟုတ်လား၊ သင်ဟာ ရှေးဘဝက ကုသိုလ်ကောင်းမှုပြုလို့၊ သီလဆောက်တည်လို့ တာဝတိံသာနတ်ပြည် ရောက်ရတာမို့လား"

"မှန်ပါတယ်"

"ဒါနဲ့များ တခြားလူရဲ့ ဒါနကောင်းမှုကို ပိတ်ပင်ရက်တယ်" "သင့် အကျိုးအတွက်ပါ"

"ဘာ...ငါ့အကျိုး၊ စင်ကြယ်တဲ့ အကျင့်ရှိသူက ဒါနကောင်းမှု ပြုတာကို တားမြစ်ရသလား၊ ဒီမယ် သိကြားမင်း၊ ငါဟာ ဒါနနဲ့ ယဉ်ပါးသူပါ၊ အလှူမပေးဘဲ မနေနိုင်ဘူး၊ ငါ သေချင်သေပါစေ၊ စည်းစိမ်ပျက်ချင်ပျက်ပါစေ၊ လှူပစ်လို့ငတ်ပြီး ပျက်စီးမယ်ဆိုလည်း ငါကလှူမှာပဲ"

သိကြားမင်းသည် ဝိသယသူဌေး၏ သဒ္ဓါစိတ်ကို ဖျက်ဆီးရန် ကြံစည်သည်။ နေ့စဉ် အသပြာခြောက်သိန်းဖိုး ပေးကမ်းစွန့်ကြဲနေသည့် ဝိသယ၏ ဒါနစွမ်းအားကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ တင်းမာလာသည်။ ဤအကြောင်းခြင်းရာကို ကြည့်သော် ဝိသယ၏ မဟာအလှူကို တွေ့ရသည်။ ဤမျှ သဒ္ဓါစွမ်းအား ထက်သန်နေလျှင် သူသည် နတ်ပြည် နတ်ရွာသို့ ရောက်လာလိမ့်မည်။ သူ့စွမ်းအားက ဝေဇယန္တာနန်းပြာသာဒ်ကိုပင် လုယူတော့မည့်အလား ရှိနေသည်။ မိမိ၏စည်းစိမ်ကို မရွှေ့လျောလိုသည့် သိကြားမင်းသည် ဝိသယ၏ စေတနာပျက်ပြားစေရန် စည်းစိမ်တွေ ကွယ်သည်။ မြေမြှုပ်ရတနာများ ရွှေ့လျားစေသည်။ သို့သော် ဝိသယ၏ စေတနာအားက မယုတ်လျော့။ အသက်ပင် အသေခံ၍ ဆောင်ရွက်မည့်အနေအထား။

"အချင်း ဝိသယ၊ သင် ကုသိုလ်ကောင်းမှုပြုနေတာ နတ်ရွာစည်းစိမ် ခံစားချင်လို့လား"

"ငါ မတောင့်တ"

"ဒါဆို တာဝတိံသာမှာ သိကြားမင်း မဖြစ်လိုဘူးပေါ့"

"သင့် စည်းစိမ်ဟာ ငါ့အတွက် မက်မောစရာ မဟုတ်"

"ဒါဆို ဗြဟ္မာမင်းစည်းစိမ်ကို ရည်ရွယ်တောင့်တတာလား"

"အသင် သိကြားမင်း၊ ငါဟာ ဗြဟ္မာဖြစ်ဖို့ ရည်သန်ပြီးမလှူ၊ ဒီကောင်းမှုအတွက် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားဖြစ်ရေးသာ ရည်ရွယ်တယ်"

"ဩော်..."

မိမိ၏ အမြင်လွဲမှားမှုကြောင့် ဝိသယသူဌေး၏ သဒ္ဓါစိတ် ဖျက်ဆီးရန် ကြံမိသည်။ သို့သော် ဝိသယကား လောကီချမ်းသာကို မခံ့မင်။ လောကသုံးပါး၏အထွတ်အထိပ် ဘုရားဖြစ်ရေးသာ တောင့်တကြောင်း သိရသဖြင့် တောင်းပန်သည်။ ဝိသယနှင့် သူ၏ကြင်ယာတို့ကို ကျောသပ်ပေးလိုက်သည်နှင့် အကောင်းပကတိ ပြန်ဖြစ်သွားသည်။ ထို့အတူ တန်ခိုးဖြင့် ဖျောက်ဖျက်ထားသော စည်းစိမ်များကို ပြန်လည်ပေးအပ်သည့်အပြင် အတိုင်းအဆမရှိသော စည်းစိမ်ကို ထပ်ပေးသည်။

"အချင်း ဝိသယ၊ စိတ်အလိုရှိတိုင်း ပေးလှူပါတော့"

"ကောင်းပြီ သိကြားမင်း၊ ငါ့ ဝါသနာအထုံ စရဏက အလှူဒါနနှင့် ကင်းကွာ၍မရ၊ အသက်မသေသမျှ လှူဒါန်းရင်း အသက်ရှင်မှာပါ"

"သာခု...သာခု...သာခု"


သိကြားမင်းသည် ဝိသယတို့ ဇနီးမောင်နှံအား ကောင်းချီးပေးလျက် တာဝတိံသာသို့ ပြန်သည်။ ဝိသယသူဌေး၏ အလှူမဏ္ဍပ်များက ပြန်၍ စည်ကားခဲ့လေသည်။

**ကျမ်းကိုး။ ။ (ငါးရာ့ငါးဆယ်၊ ကောကိလဝဂ်၊ ဝိသယဇာတ်)**

**စာရေးဆရာ မောင်ဆန္ဒ(လယ်ဝေး)၏ မြင့်မြတ်သူတို့ကျင့်စဉ် (ပါရမီဆယ်ပါး) စာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# မိဘစကား နားထောင်ခြင်း

မောင်သီလတို့ မရောက်လာ သေး ခင် ကျွန်တော်က သူတို့ထိုင်နေကျနေရာက ထွက်စောင့်နေသည်။ မကြာပါ၊ သူတို့ ရောက်လာကြသည်။ သို့သော် ချိုမာမည်သော မိန်းကလေး၏ မျက်နှာက မကြည်သာ သုန်သုန်မှုန်မှုန်နှင့် ရှိနေသည်။ သို့ဖြင့် မောင်သီလအား မေးကြည့်ရသည်။




"မောင်သီလ ချိုမာ ဘာဖြစ်လာလဲ"

"မသိပါ ဘဘ၊ မေးလို့လည်း မပြောဘူး"

"ငါသိတယ်ကွ၊ "သူ့မျက်လုံးမှာ မျက်ရည်စတွေနဲ့ ဆိုတာကို ပြောတာလား"

"အေး .. ဟုတ်တယ်"

"ဒါ ... သူ့အမေ အကြီးစော ယောက်မနဲ့ နှက်ထည့် လိုက်တာ"

"ဟေ ... ဘာမို့လဲ"

"ဒီလိုကွ၊ ငါ သူ့ကို ဒီလာဖို့ သွားခေါ်တော့ အကြီးစောက ဧည့်သည်အမျိုးသမီး တစ်ဦးနဲ့ စကားပြောနေတယ်။ ဒီတွင် ထမင်းအိုးကြီးကဝေကျပြီး ရှဲရှဲ ရှဲရှဲနဲ့ မြည်ရော။ အကြီးစောက ...

"ဟောတော့ ... ချိုမာ ဘယ်သွားလဲ၊ ထမင်းအိုးကြည့်လိုက်ပါဆိုမှ တယ်ခက်ကိုး"ဆိုပြီး ကမန်းကတန်းကြီး ထမင်းအိုးကို သွားလုပ်ရှာတယ်။ ဒီတွင် ချိုမာကလည်း ဝိုင်းစိန်နဲ့ ဖန်ခုန်တမ်း ကစားနေရာမှ ရေသောက်မလို့ ပြန်တက်အလာနဲ့ ဆုံတော့ အကြီးစောက ...

"ဟဲ့ ... ထမင်းအိုးကြည့်ပါဆိုမှ နင် ဘာလုပ်နေလဲ"လို့ပြောတော့ ချိုမာက ...

"ကြားမှမကြားတာ"လို့ပြန်ပက်တယ်။

ဒီတွင် ဟိုက ဒေါသထွက်ပြီး ယောက်မနဲ့ ဒေါက် .. ဒေါက်....ဆို နှက်ထည့်လိုက်တာ၊ အဲဒါ သူမျက်ရည်ကျလာတာပဲ။

"ဒါဆို ချိုမာရဲ့ အမှားပဲ။ တို့မေမေက တို့မောင်နှမကို ပြောထားတယ်။ အိမ်ကို ဧည့်သည်လာရင် သူတို့မရှိက ယဉ်ယဉ်ကျေးကျေးနဲ့ ဧည့်ခံထားတဲ့။ သူတို့ရှိရင် မလိုဘူး။ နို့ပေမယ့် အနားမှာနေ၊ ခိုင်းစရာရှိရင် ခိုင်းရမှာ၊ ငြိမ်ငြိမ်ထိုင်ပြီး ဣန္ဒြေရရနေ၊ လက်ဆော့ခြေဆော့မလုပ်နဲ့တဲ့။ ဟိုဟာစားမယ်၊ ဒီဟာစားမယ် မပူဆာရဘူးတဲ့။ ဧည့်သည်ကကျွေးလည်း မစားရဘူးတဲ့။ လုပ်စရာမရှိလို့ "သွား" ဆိုတာတောင် အဝေးကြီးမသွားရဘူး။ ခေါ်ရင်ရအောင် အနီးအနားမှာတင် ကစားနေတဲ့ကွ။ အဝေးသွားကစားမယ်ဆိုရင် ပြောသွားတဲ့လေ"

"ဒါဆိုရင် ချိုမာ စည်းလွတ်သွားတာကိုး"

"ဟေ့ ... မောင်ညိုကြီးရဲ့ မင်းဦးလေး ဘုန်းကြီးစာကော ဒါမျိုး ပါသေးလား"

"ပါ ပါတယ် ဘဘ"

**"ဧည့်ပရိသတ်များ ရှိခဲ့ငြား၊ တခြားမှာကွယ့် မနေနဲ့"တဲ့။**

**"တို့ ဆိတ်ကာကွယ် ဆော့ကျီစယ်၊ မြေဝယ်ခြစ်ကုတ် မနေနဲ့"တဲ့။**

"ကောင်းကွာ ထိကွာ၊ ဘဘတို့ ငယ်ငယ်ကလည်း ဒါမျိုးရတယ်။ စာအတိုင်း လိုက်နာတာပဲ။ ဆုံးမစာက ရှင်မဟာသီလဝံသ ဆုံးမစာကွယ့်။ ဟော ..."

**"အမှုနည်းများ ခန့်ထားရှိသော်၊ တစ်ခွန်းခေါ်က၊ ကြားသော်ခဏ၊ ချဉ်းကပ်ကြ"**တဲ့လေ။ ဘယ်လောက်ကောင်းလဲ

"အေး ... မိဘတွေကို ရိုသေကြ၊ ပြောစကား ဆိုစကား နားထောင်ကြ။ ဒါမှ တစ်နေ့ ကြီးပွားကြမှာ။ ရှင်ရာဟုလာ ကြည့်၊ ဘယ်လောက် လိမ္မာလဲလို့"

"တို့ဘုရားရှင် ဘုရားဖြစ်ပြီးတော့ ကပိလဝတ်နန်းကို ပထမဦးဆုံးအခေါက် ကြွလာတုန်းကပေါ့ ... ရာဟုလာရဲ့ မယ်တော် မိဖုရားခေါင်ကြီး ယသောဓရာဒေဝီက ရတဲ့အခွင့်အရေးကို လက်မလွှတ်ရှာဘူး။ ဒါက သူ့အတွက် မဟုတ်ဘူး၊ သားလေးအတွက် အမွေတောင်းခိုင်းတာလေ"

"သား ... ဟိုမှာ သံဃာ့အခြံအရံကြီးနဲ့ ထိုင်နေတဲ့ ဗုဒ္ဓမြတ်စွာဟာ မောင့်ခမည်းတော်ပဲ။ သူ့မှာ ရွှေအိုးကြီးလေးလုံး ရှိတယ်။ အဲဒါ သား သွားတောင်း"လို့ ခိုင်းတော့ .....

"ဟာ ... မယ်တော်ကလည်း သားသွားမတောင်းရဲပါဘူးလို့" လည်း မငြင်းဘူး။ သွားတောင်းရှာတယ်။ အဲဒါ ဗုဒ္ဓက ရွှေအိုးမပေးဘဲ ကိုရင်ဝတ်ပေးဖို့ ပြောတော့လည်း ...

"ခမည်းတော်ရယ် သား မဝတ်ပါရစေနဲ့။ မယ်မယ်နဲ့သား မခွဲနိုင်ပါဘူး။ မယ်မယ် တစ်ယောက်တည်း နန်းတော်မှာ ချန်မထားရက်ပါဘူး"လို့လည်း မပြောရှာဘူး။ "အဲဒီလို အမိစကားလည်း နားထောင်၊ အဖစကားလည်း နားထောင်တာ။ ဒါကြောင့်မို့လည်း တစ်နေ့ကျတော့ ရဟန္တာဆိုတဲ့ အထွတ်အထိပ်ကို ရောက်သွားတာ"

"အေး ... ရှင်ရာဟုလာက သူ့မယ်တော်ကြီးကို ဘယ်အထိ ဂရုစိုက်တယ်ဆိုတာကို နောက်အပတ်ကျမှ ပြောပြမယ်။ အခုတော့ တော်ကြဦးစို့ကွယ်"

"သားတို့ အစောကြီးလာမယ်၊ မင်္ဂလာနေ့ ဘဘ ..."

"အေး ... အေး ..."

■

## အရှုံးထဲက အမြတ်

# မသိငါးမျိုး သိတစ်မျိုး

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**



(ယခင်အပတ်မှအဆက်)

နောက်တစ်မျိုးက ခေတ်ပုံတို့ ရုပ်တုတို့ဆိုရင် မသေပါဘူး။ ဒီပုံ ဒီပုံပဲ။

မသေချင်ရင် ရုပ်တု ထုထားကြပေါ့။

ဘုရားတောင်မှ ပရိနိဗ္ဗာန်စံပါတယ်။

လောကမှာ အသက်ရှိလာရင် သေရတာ ဆုံးရတာ၊ ပရိနိဗ္ဗာန် စံရတာ၊ နတ်ရွာစံတာ၊ ကံတော်ကုန်တာပါပဲ၊ ဘယ်လိုစကားသုံးသုံး သေခြင်းသဘောပါပဲ။

ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဘာဖြစ်လို့ ရက်လည်လုပ်ကြတာလဲ မေးရင် တမလွန်ဘဝရောက်သွားတဲ့ ဒီပုဂ္ဂိုလ်ကို ဒီကကုသိုလ်တွေပြုပြီးတော့ ကုသိုလ်တွေ အမျှဝေဖို့ သတိရ အမှတ်ရနေတဲ့ အကြောင်းကြောင့် ကိုယ်လုပ်ပေးနိုင်တဲ့ ကုသိုလ်လေး လုပ်ပေးတာပေါ့လေ။

ဒီရက်လည်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က အနာထပိဏ် သူဌေးကြီးဆိုတဲ့ ကျောင်းဒကာကြီး တစ်ယောက်ရှိပါတယ်။ သူ့မှာ မြေးမလေး တစ်ယောက်လည်း ရှိပါတယ်။

အဲဒီ မြေးမလေးမှာက အရုပ်လေး တစ်ရုပ်ရှိတယ်။ မင်းသမီးရုပ်လေးပေါ့။ လှအောင် ဆေးလေးဘာလေး ခြယ်ထားတယ်။

ကလေးမလေးက အရုပ်နဲ့ ကစားရင်း ကစားရင်းနဲ့ အဲဒီအရုပ်ကလေးက ကျိုးပဲ့သွားပါတယ်။

လက်လေးပြတ်သွား၊ ကျိုးပဲ့သွားပါတယ်။

ကလေးသဘာဝ ငိုတာပေါ့။

ဒါပဲ သူ့ညီမလေး၊ ဒါပဲ သူ့သူငယ်ချင်း၊ ဒါပဲ သူ့မင်းသမီးလေးဆိုတော့ ကျိုးပဲ့သွားတော့ ငိုတာပေါ့။

အဲဒီမှာတင် အထိန်းတော်တွေက ချော့ကြ၊ အချော့တော်တွေက ချော့ကြ။

ဘယ်လိုမှ ချော့လို့ကို မရပါဘူး။

အရုပ်ကလေး အစားလာပြီးပေးတယ်၊ မရဘူး၊ ငိုတာပါပဲ။ ဒီအရုပ်ကလေးအတိုင်း တစ်ရုပ် ယူလာတယ်၊ မရပါဘူး၊ မြေးမလေးက ငိုတာပါပဲ။

ရော့ - ဒီအရုပ်ကလေးယူပါလားဆိုကလေးက မယူဘူးတဲ့။ ကျိုးပဲ့သွားတဲ့ အရုပ်ပဲ ယူချင်တာတဲ့။

ဒါထက်ကောင်းတာပေးမယ်ဆိုတော့လည်း မယူချင်ဘူးတဲ့။ ဒါပဲ ယူချင်တာတဲ့။

အဲဒီမှာ တွက်ကြည့်ပေါ့။

ကလေးရဲ့စိတ်က သူ့ညီမလေး၊ သူ့သူငယ်ချင်းလေးလို့ ဖြစ်ထားတော့ အရုပ်ရယ်လို့ မမြင်ဘူး။

သက်ရှိအနေနဲ့ပဲ မြင်တယ်။

သူက အသက်ရှိနေတဲ့ သူ့အရုပ်ကလေး၊ မင်းသမီးလေး သေသွားတာကို စိတ်မကောင်းဖြစ်ပြီး ငိုနေတာ။ ဘေးလူတွေက အငိုတိတ်အောင် မြေးမလေး အကြိုက် အရုပ်အသစ် ပုံစံတစ်ပုံစံတည်း ပေးလည်း မယူပါဘူး။

ဒါ့ထက်လှတဲ့ ကောင်းတဲ့ဟာပေးလည်း မယူပါဘူး။ မိမိတို့လည်း အခြေအနေ ပြန်ကြည့်ပေါ့။

တစ်ဦးဦး ဆုံးပါးသွားရင် နောက်ထပ် ဒီလိုပုံမျိုး တစ်ယောက်ရရင် ယူဦးမလား။ ဒါမှမဟုတ် ဒီထက်ကောင်းတဲ့ သာတဲ့ တစ်ဦးဦး ယူမလားဆိုရင် ဘယ်လိုမှ လက်မခံနိုင်ပါဘူး။

သဘောပေါက်ရမှာက ဒါပါပဲ။

အဲဒီမှာတင် အဘိုးဖြစ်သူ အနာထပိဏ် သူဌေးကြီးက မြေးမလေး ငိုနေတာတွေ့ရပြီး "ဘာဖြစ်နေတာတုန်း" ဆိုတော့ ဘေးကဝိုင်းပြီး အကျိုးအကြောင်း ရှင်းပြကြပါတယ်။

ဒီတော့ ...

"သမီး၊ သမီး မငိုနဲ့၊ ဘိုးဘိုး လုပ်ပေးမယ် ပေးပေး"

သူ့ဟာသူ ခေါင်းနဲ့လည်ပင်း ပြန်တပ်၊

လက်ကလေးတွေ ပြန်တပ်ပြီး "သမီး၊ သမီးရဲ့ ဒီအရုပ်ကလေး အသက်ရှင်ချင်လား"

" ရှင်ချင်ပါတယ်" ပေါ့။

"ရှင်ချင်ရင် ဘိုးဘိုး အသက်ရှင်အောင် လုပ်ပေးမယ်" လို့ဆိုပြီး အရုပ်ကလေးကို သေချာတယုတယနဲ့ ပွေ့ပိုက်ပြီး အသက်ရှင်အောင် လုပ်ပေးလိုက်တာ၊ အဲဒီမှာ မြေးမလေး အငိုတိတ်သွားပါတယ်။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အရှုံးထဲကအမြတ် စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု

## ကာယကံယဉ်ကျေးမှု(၃)

**ဦးမင်းဟန်(ဘီအေ)**

" မြေးတို့ လာကြ လာကြ၊ အံမယ် စာအုပ်လေးတွေ ကိုယ်စီနဲ့ပါလား "

" ဟုတ်တယ် ဘိုးလေးရေ နားထောင်ရင်းနဲ့ မေ့မေ့သွားလို့ မှတ်ထားရအောင် မှတ်စုစာအုပ်တွေပါ ယူလာတာ "

မှတ်စုစာအုပ် ကိုယ်စီဖြင့် မောင်ထူး၊ ကိုဦး၊ ပူစူးမတို့ သုံးဦးကို ဘိုးလေးကြွက်က ခရီးဦးကြိုရင်း ပြောလိုက်သည့်စကားကို မောင်ထူးက ပြန်လည်ဖြေပြော ပြောလိုက်ခြင်းဖြစ်သည်။

" မြေးတို့လည်း စပ်စုချင်တာတွေများလာတော့ ဘိုးလေးကလည်း ပြောရသေးတာပေါ့ "

" ဟုတ်တယ် ဘိုးလေးရေ၊ မြေးလည်း မေးရင်း မေးရင်းနဲ့ ပိုပိုသိချင်တာတွေ ရှိလာတယ်။ တဖြည်းဖြည်းနဲ့ ဘိုးလေးဆီမှာ ယဉ်ကျေးလိမ္မာသင်တန်း တက်သလို ဖြစ်လာမယ်ထင်တယ် "

ပူစူးမ စကားကြောင့် ဘိုးလေးကြွက်က သဘောကျစွာပြုံးလိုက်ပြီး ရေနွေးကြမ်းတစ်ကျိုက် မော့သောက်လိုက်သည်။

"အေးပေါ့ ခုပြောနေတာတွေကလည်း ယဉ်ကျေးလိမ္မာအောင် ပြောနေတာတွေပဲ မြေးတို့ရဲ့။ မျှဝေသူနဲ့ ဆက်ခံသူရှိနေမှတော့ မြေးတို့ကို ယဉ်ကျေးလိမ္မာရှိမယ့် ဗဟုသုတတွေ ပေးရမှာပေါ့ကွယ် "

" ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့ကလည်း နာယူမှတ်သားဖို့ မှတ်စုစာအုပ်တွေ ယူလာကြတာလေ၊ ဘိုးလေးပြောသမျှ မှတ်သားပြီး မြေးတို့က လေ့ကျင့်ကြိုးစားရမှာပေါ့"

" အေး အေး သာဓုကွယ် သာဓု သာဓု၊ မြေးတို့တွေက လိမ္မာကြပါပေတယ်။ ဘိုးလေးလည်း ပြောရဟောရကျိုးနပ်ပါပေတယ်။ ကဲစပြောပြီနော် သူများအသက်သတ်တာ၊ သူ့ဥစ္စာခိုးတာ၊ သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်တာ၊ သေရေသေရက်နဲ့ မူးယစ်ဆေးဝါး သောက်စားသုံးစွဲတာတွေကို ရှောင်ကြဉ်ရမယ်။ မိမိရဲ့ကာယကံနဲ့ သူတစ်ပါးကို ဆင်းရဲဒုက္ခရောက်အောင် ပြုလုပ်တာတွေကို မလုပ်ရဘူး ရှောင်ကြဉ်ကြရမယ်နော် "

" ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့ ကစားရင်းနဲ့ ပုရွက်ဆိတ်ကလေးတွေကို နင်းခြေသတ်မိတာ၊ နောက်နောင်မလုပ်တော့ပါဘူး "

မောင်ထူး၏စကားကို ကြားရသည့်အတွက် ဘိုးလေးကြွက်က ခေါင်းတဆက်ဆက်ညိတ်နေ၏။

" သူများ အသက်ကို သေစေတာက မကောင်းမှုကို ကျူးလွန်တာပဲ။ ပုရွက်ဆိတ်ပဲဖြစ်ဖြစ် ဘယ်သတ္တဝါပဲဖြစ်ဖြစ် ကာယကံမြောက် ကျူးလွန်မှုမဖြစ်အောင် စိတ်က ချက်ချင်းဆင်ခြင်နိုင်ရမယ်။ ဒါဆိုရင် မကျူးလွန်ဖြစ်တော့ဘူးပေါ့ "

" ဟုတ်ကဲ့ ဆင်ခြင်နိုင်အောင် သတိထားပါ့မယ်"

" အေးအေး ဆင်ခြင်နိုင်ကြပါစေကွယ်။ နောက်ပြီး မိဘအိမ်က ပစ္စည်းပဲဖြစ်ဖြစ် ကျောင်းကပစ္စည်းပဲ ဖြစ်ဖြစ် မပေးဘဲမယူရဘူး။ အလိုရှိရင် တောင်းယူကြည့်ရှုခွင့်ပြုမှ ယူရမယ်နော်။ တိတ်တဆိတ် မယူမိစေနဲ့။ ပြီးတော့ ရဟန်းသံဃာတွေ၊ သီလရှင်တွေကနေ သူတောင်းစားအဆုံး အလှူခံပုဂ္ဂိုလ်တွေ လာရောက်အလှူခံတာတွေ့ရင် တတ်စွမ်းနိုင်သမျှ ပေးလှူကြရမယ် "

" ဟုတ်ကဲ့ ဘိုးလေး "

" နောက်တစ်ခုက ဆွေကြီးမျိုးကြီးတွေနဲ့ အစ်ကိုကြီး၊ အစ်မကြီးတွေကို မိဘလိုပဲ သိမှတ်ရိုသေကြရမယ်နော်။ အစ်ကိုကြီး အဖရာ အစ်မကြီး အမိရာ ဆိုသလိုပေါ့ကွယ် "

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးရဲ့အဖေမရှိတော့တဲ့အခါ အစ်ကိုကြီးအောင်ပုကို အဖေတစ်ယောက်လို အားကိုးအားထားပြုရမယ်ကို အမေက ပြောဖူးပါတယ် ခင်ဗျာ"

မောင်ထူးပြောလိုက်သောစကားကြောင့် မောင်ထူးတို့အဖေ ပိုးထိလို့ဆုံးရတာကို ဘိုးလေးကြွက် ပြန်လည်မြင်ယောင်ရင်း စိတ်မကောင်းဖြစ်နေလေ၏။

"ပူစူးမတို့ မှတ်ထားရမှာရောက်ပြီ၊ အမျိုးသမီးတွေ၊ ရဟန်းသံဃာတော်တွေကို ဆံပင်ဖြန့်ခင်းပေးတာတွေ၊ လက်နဲ့ကိုင်တွယ်ထိတွေ့မှုတွေ မပြုလုပ်ရဘူး။ ရဟန်းတစ်ပါးတည်း သတင်းသုံးနေတဲ့အရပ်ကို တစ်ဦးတည်း မသွားရဘူး။ ရဟန်းတော် တစ်ပါးပါးနဲ့ ပြောဆိုဆွေးနွေးစရာရှိပါက သိကြားနားလည်တဲ့ အမျိုးသားအဖော်ကို ခေါ်သွားရမယ် "

"ဟုတ်ကဲ့ပါဘိုးလေး၊မြေးတို့မှတ်သားထားပါ့မယ်"

ပူစူးမက ပြောပြောဆိုဆို မှတ်စုစာအုပ်တွင် မှတ်သားနေမှုကို ဘိုးလေးကြွက်က ပြုံးပြုံးကြီး ကြည့်နေသည်။

" ရဟန်း သံဃာတွေ၊ သီလရှင်တွေ၊ မိဘဆရာသမားတွေကို လက်ဆွဲနှုတ်ဆက်တာတို့၊ ဆလံပေးတာတို့ လက်ယက်အော်ခေါ်တဲ့ပုံစံမျိုး မရှိမသေ မဆက်ဆံရဘူး။ လက်အုပ်ချီ အရိုအသေပြုကာ ဆက်ဆံရမယ်။ နှုတ်ဆက်ရာမှာ ချစ်ခင်ရိုသေတဲ့ အမူအရာနဲ့ နှုတ်ဆက်တတ်ရမယ်ဆိုတာ သိထားရမယ် "

"ဟုတ်ကဲ့ ဘိုးလေး"

"နောက်တစ်ခုက ရဟန်းသံဃာ၊ မိဘဆရာ အသက်အရွယ်ကြီးသူတွေအနီးမှာ နေထိုင်တဲ့အခါ ခေါင်းရင်းဘက်မှာ နေထိုင်တာ၊ မငြိမ်မသက်လုပ်တာတို့ ဒူးထောင်ပေါင်ကား ဝမ်းလျားမှောက်နေထိုင်တာတို့ ငြင်းခုံဆူပူတာမျိုးတွေ မပြုလုပ်ရဘူး။ နောက်ပြီး မြင့်တဲ့နေရာတို့၊ လေညာ လေတင်နေရာတို့၊ ရှေ့တည့်တည့်တို့မှာ မနေထိုင်ရဘူးနော် "

" ဟုတ်ကဲ့ ဘိုးလေးပြောတဲ့အထဲမှာ လေညာ လေတင်ဆိုတာ မြေးနားမလည်လို့ ရှင်းပေးပါဦး"

ပူစူးမ၏ အမေးစကားကို ဘိုးလေးကြွက်က သဘောကျဟန်ဖြင့် ခေါင်းတဆက်ဆက်ညိတ်ကာ ပြုံးရင်းဆက်ပြောသည်။

" အေးလေ မသိတာ မရှင်းတာရှိရင် ခုလိုပဲ မေးရဲရမယ်။ ပြောရဲရမယ်၊ ဒါမှ ရှင်းရှင်းလင်းလင်းသိမှာပေါ့။ လေညာ လေတင်ဆိုတာက လေလာတဲ့ဘက်ကို ပြောတာ၊ လေလာတဲ့ဘက်ဆိုတာ အိမ်ထဲကို လေဝင်တဲ့အခါ စတင်ဝင်လာတဲ့နေရာကို ပြောတာပေါ့ကွယ်"

"ဟုတ်ကဲ့ ဘိုးလေး မှတ်သားလိုက်ပါပြီ"

"ယဉ်ကျေးမှုအနေနဲ့ပြောရရင်တော့ ရှိပါသေးတယ်၊ ပစ္စည်းတစ်စုံတစ်ခုကို ပေးတဲ့ယူတဲ့အခါ အလွန်သေးငယ်တဲ့ ပစ္စည်းအရာဝတ္ထုပင်ဖြစ်ပေမယ့် နှစ်တောင့်ထွာအတွင်း ရောက်အောင် ချည်းကပ်ကာ လက်နှစ်ဖက်နဲ့ ပေးရယူရမယ်လို့ ဘိုးလေးတို့ မှတ်သားခဲ့ဖူးတယ် "

"နှစ်တောင့်ထွာဆိုတာ သုံးပေခွဲ လေးပေအတွင်းကို ပြောတာပေါ့နော် ဘိုးလေး "

" ဒါပေါ့ ကိုဦးရဲ့ လူကြီးနှစ်တောင့်ထွာဆိုတာ အဲဒီလောက်တော့ရှိတယ်။ ဗဟုသုတလည်း အဲလိုရှိနေမှပေါ့ မြေးရဲ့"

ကိုဦးရဲ့ပြောစကားကြောင့် ဘိုးလေးကြွက် သဘောကျ နှစ်ခြိုက်သွားသည်။

" အေးအေး ဒါကတော့ ဒီနေ့ နောက်ဆုံးအနေနဲ့ မဖြစ်မနေ မှတ်သားရမယ့်အရာပဲကွယ့်။ တရားနာယူတဲ့အခါ တရားဟောဓမ္မကထိကကို သာမက တရားတော်ကိုပါ အလေးဂရုပြုတဲ့အနေနဲ့ ဦးထုပ်တွေ ခေါင်းပေါင်းတွေကို ချွတ်ထားရမယ်။ တရားခွေဖွင့်တဲ့အခါ မြင့်တဲ့နေရာမှာထားပြီး ဖွင့်ရမယ်။ နာယူတဲ့အခါမှာလည်း စကားများနေပြီး ဘေးပတ်ဝန်းကျင်ကြားကောင်းရုံ မနာယူရဘူး။ ရိုရိုသေသေနာယူရမယ်"

ဘိုးလေးကြွက်စကားအဆုံးမှာ မောင်ထူး၊ ကိုဦး၊ ပူစူးမတို့ မှတ်စုစာအုပ်တွင် မှတ်သားလိုက်ကြသည်။ ပြီးနောက် ထိခြင်းငါးပါးဖြင့် ကန်တော့ကာနောက်သို့ ခြေလှမ်း လေး၊ ငါးလှမ်းဆုတ်ပြီး ခါးကိုင်းဦးညွှတ်ကာ ဘိုးလေးကြွက်အနီးမှ ထွက်ခွာသွားကြသည်ကို ကြည့်ပြီး ဘိုးလေးကြွက် ကျေနပ်ပြုံး ပြုံးနေလေတော့သည်။

■ ■ ■

# စက်တင်ဘာ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၄၂၁ ဦး တွေ့ရှိ

## ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိရာ (၁၃–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၄,၈၂၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၄၂၁)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၀၀၂,၈၄၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၃၆,၅၂၇)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၃၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၈၅,၈၇၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၆၉၃) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၃၄)ခု | (၇၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂)ခု | (၁၀)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၃)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၆)ခု | (၁၀၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၆၄)ခု | (၁၂၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၁၇)ခု | (၁၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၉၄)ခု | (၂၀၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၃၉၂)ခု | (၁,၈၈၈)ဦး |
| **စုစုပေါင်း** | (၂၄,၈၂၂)ခု | (၂,၄၂၁)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၁၄၀၁၀၃ | ၃၂၀၆၂၉၀၅ | ၆၈၀၂၇၄ |
| ၂။ | အိန္ဒိယ | ၃၃၂၈၉၅၇၉ | ၃၂၄၈၄၁၅၉ | ၄၄၃၂၄၇ |
| ၃။ | ဘရာဇီး | ၂၁၀၀၆၄၂၄ | ၂၀၀၇၆၇၃၃ | ၅၈၇၁၃၈ |
| ၄။ | ဗြိတိန် | ၇၂၅၆၅၅၉ | ၅၈၁၇၇၉၅ | ၁၃၄၂၆၁ |
| ၅။ | ရုရှား | ၇၁၇၆၀၈၅ | ၆၄၁၈၀၃၃ | ၁၉၄၂၄၉ |
| ၆။ | ပြင်သစ် | ၆၉၀၇၁၃၃ | ၆၅၃၄၀၂၇ | ၁၁၅၆၀၃ |
| ၇။ | တူရကီ | ၆၆၈၂၈၆၄ | ၆၁၇၂၇၁၄ | ၆၀၁၁၇ |
| ၈။ | အီရန် | ၅၃၄၀၆၅၆ | ၄၆၂၇၀၂၇ | ၁၁၅၁၆၇ |
| ၉။ | အာဂျင်တီးနား | ၅၂၂၆၈၃၁ | ၅၀၇၈၅၉၁ | ၁၁၃၆၄၀ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၁၅၆၃ | ၄၇၆၉၆၁၇ | ၁၂၅၆၈၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၇၄၂၁၆ | ၃၉၄၂၄၇၃ | ၁၃၉၄၁၅ |
| ၂။ | ဖိလစ်ပိုင် | ၂၂၆၆၀၆၆ | ၂၀၅၂၈၆၇ | ၃၅၃၂၉ |
| ၃။ | မလေးရှား | ၁၉၉၅၇၇၁ | ၁၇၄၆၅၂၃ | ၂၁၁၂၄ |
| ၄။ | ထိုင်း | ၁၄၀၆၅၄၂ | ၁၂၆၂၈၉၆ | ၁၄၆၂၁ |
| ၅။ | ဗီယက်နမ် | ၆၂၄၅၄၇ | ၃၈၅၇၇၈ | ၁၅၆၆၀ |
| ၆။ | မြန်မာ | ၄၃၆၅၂၇ | ၃၈၅၈၇၀ | ၁၆၆၉၃ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၀၇၉၀ | ၉၄၉၀၄ | ၂၀၅၈ |
| ၈။ | စင်ကာပူ | ၇၂၂၉၄ | ၆၈၄၃၅ | ၅၈ |
| ၉။ | လာအို | ၁၇၆၈၂ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၄၄၃၁ | ၂၈၅၆ | ၂၁ |

## တောင်ငူမြို့၌ ငါးများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**တောင်ငူ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ တောင်ငူမြို့နယ်အတွင်း COVID–19 Stay at Home ကာလ တောင်ငူမြို့ အမှတ်(၉)ရပ်ကွက်အတွင်းရှိ အခြေခံ လူတန်းစားများ သားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသုံးနိုင်ရေးအတွက် လတ်ဆတ်သော ငါးမြစ်ချင်းငါးများ (ပိဿာချိန် ၈၀၊ ကောင်ရေ ၂၄၀)ကို သက်သာသော ဈေးနှုန်းဖြင့် လှည့်လည်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မက်မန်းမြို့နယ်၌ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီး

**မက်မန်း စက်တင်ဘာ ၁၄**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၃၅ ဒသမ ၇၅၅ သန်းဖြင့် ဆွတ်ဝိုးကျေးရွာအုပ်စု နမ့်ကျွတ်(ပန်ဖိန်း)–ပန်ကောက်–ရောင်ပန် ကျေးရွာ ချင်းဆက်လမ်း ၁၂ မိုင် အနက် ၅ မိုင် ၄ ဖာလုံ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက မက်မန်း၊ မိုင်းပျဉ်းမြို့ နယ်များသို့ အချိန်တိုအတွင်းသွားလာနိုင်၍ ဒေသထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ ကူးသန်းရောင်းဝယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ငွေကြယ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ခင်ခင်ကြီးတို့လူသိုက် ကားပေါ်သို့ တက်ကြသည်။ ကားကို မောင်းထွက်စေသည်။

မကြာမီ ဦးကောင်းမိုးတို့၏ မြင်းရထားကို မီသည်။ ရှေ့မှ နေးကွေးစွာသွားနေရာ မော်တော်ကားဟွန်းကို နှိပ်၍ လမ်းဖယ်ခိုင်းရသည်။ မြင်းရထားက အတန်ကြာသည်အထိ လမ်းဖယ်မပေးနိုင်ဘဲရှိသည်။ ဤသည်ကို စိတ်မရှည်ဟန်ဖြင့် ဖေဖေကိုယ်တိုင်ပင် မော်တော်ကားဟွန်းကို နှိပ်သည်။ အဆက်မပြတ်ဆိုသလို ပေါ်ထွက်လာသောဟွန်းသံကြောင့် လူအများကပင် ဝိုင်းဝန်းကြည့်လာကြသည်။ တီးတိုးပြောကြဆိုကြရှိသည်။

သည်အဖြစ်အတွက် ဖေဖေ၏မျက်နှာတွင် ကျေနပ်နှစ်သိမ့်သော အရိပ်အယောင်များ ပေါ်ပေါက်လျက်ရှိလေသည်။ အဘယ်မျှ ပီတိဖြစ်ရသည်ကို ဖုံးကွယ်ထားနိုင်ဟန်မတူ။

ဦးကောင်းမိုးသည် မျက်နှာကို တစ်ဖက်သို့ လွှဲထားကြောင်း တွေ့ရသည်။ မော်တော်ကားဘက်သို့ လှည့်မကြည့်။ ဒေါ်သူဇာ၏မျက်နှာမှာလည်း စိတ်အနှောင့်အယှက်တွေ့နေပုံ ပေါ်သည်။ မောင်မောင်ဦးကမူ မော်တော်ကားဆီသို့ တစ်ချက်မျှ လှမ်းကြည့်ပြီး မျက်လွှာချသွားသည်။ သူ၏ မျက်နှာမှာ ချက်ချင်းဆိုသလို ညှိုးငယ်သွားသည်။

ခင်ခင်ကြီးသည် တံခါးပေါက်မှန်မှနေ၍ ဦးကောင်းမိုးတို့လူသိုက်ကို ကြည့်နေမိသည်။

ရင်ထဲမှာကား မကောင်းလှ၊ မိမိတို့အခြေအနေနှင့် ဦးကောင်းမိုးတို့အခြေအနေ ကွာခြားမှုအတွက် စိတ်မှာ တစ်မျိုးတစ်မည်ခံစားရသည်။ ညှိုးညှိုးငယ်ငယ် ဖြစ်သွားလေသော မောင်မောင်ဦး၏ မျက်နှာကို မမှိန်မသုန် စူးစိုက်ကြည့်နေမိသည်။

ခပ်လှမ်းလှမ်းသို့ရောက်မှပင် မော်တော်ကားသည် မြင်းရထားကို ကျော်တက်နိုင်သည်။ တစ်စီးနှင့်တစ်စီး ဖြတ်ကျော်ရစဉ် အခိုက်အတန့်၌ ဖေဖေ၏မျက်နှာမှာ တင်းတင်းခန့်ခန့် ဖြစ်နေသည်။ ဝင့်ကြွားသောအမူအရာဖြင့် ရှေ့တူရူသို့ စူးစိုက်ကြည့်လျက် ထည်ထည်ဝါဝါ ရှိနေသည်။

ယင်းသို့ ဖြတ်ကျော်ကြစဉ် အခိုက်အတန့်၌ ခင်ခင်ကြီးနှင့် မောင်မောင်ဦးတို့ တစ်ကြိမ် မျက်လုံးချင်းဆိုင်မိကြသေးသည်။ သည်တစ်ခါတွင်တော့ ခင်ခင်ကြီး မျက်လွှာချမပစ်။ ကြာမြင့်စွာ ပြန်ကြည့်နေလိုက်သည်။

ခင်ခင်ကြီးတို့ မော်တော်ကား ဖြတ်ကျော်မောင်းတက်လာခဲ့သည်။ ထိုအခါ ဦးကောင်းမိုးတို့၏ မြင်းရထားမှာ ဖုန်လုံးများအကြား၌ ရောနှောလျက် လုံးထွေးပျောက်ကွယ် ကျန်ရစ်ခဲ့ပေသည်။

x x x x x

[ ၃ ]

ဖေဖေ့ကိုကြည့်မြင်ရသည်မှာ စိတ်ပင်ပန်းနေသည်ဟု ထင်ရသည်။ စိတ်မတည်ငြိမ်သည်နှင့်အမျှ လူမှာလည်းမငြိမ် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ဟိုသွား သည်လာနှင့်။ ထိုင်လိုက် ထလိုက်နှင့်။

စင်စစ် သည်အဖြစ်ကို အစပျိုးပေးခဲ့သူမှာ ဦးအောင်ခန့်ပင် ဖြစ်ရမည်ဟု မောင်မောင်ဦး ထင်ပါသည်။

မေမေကသာ တကူးတကန့် မမှာခဲ့လျှင် မောင်မောင်ဦးသည် မြို့သို့ပြန်လာဖြစ်မည်မထင်။

အစကဆိုလျှင် မြို့မှခွာရန် ဝန်လေးသည်။ ရန်ကုန်သို့ ကျောင်းအိပ်ကျောင်းစား ပို့မည်ဆိုလာစဉ်က အမှန်ပင် စိတ်မချမ်းမြေ့ခဲ့။ မြို့မှ ခွာလိုခြင်း မရှိခဲ့။ မြို့မှခွာရန် သင်္ဘောပေါ်သို့ တက်ရောက်ခဲ့ရစဉ်က မျက်ရည်များပင် လည်ခဲ့သည်။ ရန်ကုန်သို့ ရောက်စ တစ်ညနှစ်ညလောက်ကဆိုလျှင် မြို့ကို တမ်းတရသောစိတ်၊ မေမေ့ရင်ခွင်ကို လွမ်းရသော စိတ်ဖြင့် မျက်ရည်များပင် ကျခဲ့ရသေးသည်။

သို့ပေမဲ့ ရက်ကြာလာတော့လည်း ရုံခါတွင်သာ အောက်မေ့သည်။ ရုံခါတွင်သာ သတိရသည်။ အများအားဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့သည်။ လူငယ်သဘာဝ အပေါင်းအသင်းများအကြားတွင် ပျော်လာသည်။ အားကစားဘက်မှာ စိတ်အာရုံကို မြှုပ်နှံထားမိချိန်တွင် စိတ်မှာ သက်သာရာရခဲ့သည်။ မြို့ကိုသော်လည်းကောင်း၊ မေမေ့ကိုသော်လည်းကောင်း မေ့ထားနိုင်ခဲ့သည်။

ယခင်နှစ်များက ကျောင်းပိတ်ရက်တိုင်း မြို့သို့ ပြန်ချင်စိတ်ကို ချုပ်တည်း၍မရ။ "စိန်ပေါလ်" ကျောင်းသို့ရောက်ခဲ့ရသော သုံးနှစ်တာကာလအတွင်း နှစ်စဉ် ကျောင်းပိတ်ရက်တိုင်း မြို့သို့ ပြန်ခဲ့မိသည်ပင်။ ကျောင်းပိတ်ချိန်ရောက်လျှင် အိမ်သို့ ပြန်ချင်မြဲပင်။

ယမန်နှစ်ကစ၍ မြို့သို့ပြန်ရခြင်း၊ အိမ်သို့ပြန်ရခြင်းများအပေါ် မောင်မောင်ဦး စိတ်ပျက်လက်ပျက်ဖြစ်လာသည်။

တစ်စထက်တစ်စ လူလားမြောက်လာသည်နှင့်အမျှ မိမိ၏ဘဝအခြေအနေကို နားလည်လာသည်။ အိမ်၏ စီးပွားရေးအခြေအနေကို ဆန်းစစ်၍ရလာသည်။

ဖေဖေရော မေမေပါ သူအိမ်ပြန်လာချိန်တွင် ဟန်ဆောင်နေတတ်ကြသည်။ စီးပွားရေးအခြေအနေကို ဖုံးကွယ်ထားတတ်ကြသည်ဆိုခြင်းကို ယမန်နှစ်ကစ၍ မောင်မောင်ဦး သိလာရသည်။

သူ့ကို စရိတ်စကကြီးလေးသောကျောင်းတွင် ထားခဲ့ရခြင်းမှာပင် ကြီးစွာသော စွန့်စားမှုကြီးတစ်ရပ် ဖြစ်နေသည်ကို တွေ့ရသည်။ မေမေက ကြံနိုင်ဖန်နိုင် လွန်းသောကြောင့်သာလျှင် ကျောင်းလခစသည်များကို မှန်မှန်ပေးသွင်းနိုင်ခြင်း ဖြစ်လေသည်။

ဖေဖေသည် ဘာအလုပ်မျှမလုပ်။ တစ်ခုပဲရှိသည်။ ညနေတိုင်း မှန်မှန်အရက်သောက်တတ်ခြင်းတည်း။ မေမေသည် အစသော် စိန်၊ ရွှေ စသည်တို့ကို ပွဲစားလုပ်သည်။ နောက်တော့ ဦးလေးတစ်ယောက်နှင့် ပေါင်းကာ ပွဲရုံတည်သည်။ ရှမ်းပြည်မှ သနပ်ဖက်၊ လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် ရွှေဘိုဆီမှ သနပ်ခါး၊ ပုဂံညောင်ဦးဆီမှ ယွန်းထည်ပစ္စည်း၊ ကျောက်ပန်းတောင်းမှ ထန်းလျက် စသည့်ပစ္စည်းများကို ကူးသန်းသည်။ ဦးလေးဖြစ်သူ၏ လက်ဝေခံမျှသာ ဖြစ်သည်။ အမြတ်အစွန်းကို ထိုက်သင့်သလောက် မရသေး။ ကိုယ့်ဘာသာခွဲ၍ တည်ထောင်လုပ်ကိုင်နိုင်လျှင် ကြီးပွားမည်ကိုတော့ မြင်သည်။ သို့ပေမဲ့ အရင်းအနှီးက မရှိ။

ဖေဖေသည် သူကိုယ်၌က ဘာအလုပ်မျှ လုပ်ဖော်မရ။ မေမေ့လုပ်ငန်းကိုလည်း အားမပေး၊ ကူညီခြင်းမပြု။ နှိမ့်ချသောစကားကိုပင် ဆိုတတ်ချေသေးသည်။ သူသည် ရှိသမျှပစ္စည်းကို ရောင်းချပေါင်နှံသုံးစွဲဖို့ လောက်သာ နားလည်ပုံရသည်။ ဝိုင်းတစ်ခြမ်းကို ခွဲစိတ်ရောင်းချခဲ့ပြီးနောက် ကျန်ဝိုင်းတစ်ခြမ်းနှင့် အိမ်ကိုပါ ရောင်းချပစ်ဖို့ စကားစပ်သည်။ မေမေသည် အခြားကိစ္စရပ်တွင် ဖေဖေ့ကို များစွာဆန့်ကျင်ခြင်း မပြုခဲ့သော်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဖေဖေ့ကို ဆန့်ကျင်သည်။ ဖေဖေ့စကားကို အတင်းအကျပ်တားသည်။ အကြိတ်အနယ် ငြင်းပယ်သည်။ သို့ဖြင့် ရွှေဘုံသာရှိ အိမ်နှင့်ဝိုင်းကို ယခုတိုင် ပိုင်ဆိုင်နေရခြင်း ဖြစ်သည်။

ဖေဖေသည် အမှားများခဲ့သူတစ်ယောက်ဖြစ်သည်။ စင်စစ် မိမိ၏ အဘိုးအဘေးများလက်ထက်ကတည်းကပင် အမှားများခဲ့သည်ဟုဆိုလျှင် ရနိုင်ကောင်းအံ့ထင်သည်။ အဆက်အနွယ်တစ်ခုလုံး၏ အမှားအယွင်းဟုပြောလျှင်လည်း မှန်ကန်မည်ပင်ဖြစ်သည်။

ဤသည်မှာ မိရိုးဖလာပိုင်ဆိုင်ခဲ့ကြလေသော ရေနံတွင်းများနှင့် စပ်လျဉ်းသည်။

မောင်မောင်ဦးသည် ရေနံချောင်းမှာရှိစဉ်က အမျိုးသားကျောင်းတွင် ခုနစ်တန်းအထိ နေခဲ့သည်။ ရေနံချောင်းတွင် အထက်တန်းကျောင်း နှစ်ကျောင်းရှိသည်။ တစ်ကျောင်းမှာ အမျိုးသားကျောင်း၊ တစ်ကျောင်းမှာ အစိုးရကျောင်း။ အစိုးရကျောင်းသည် ရှိရင်းစွဲ အစိုးရအထောက်အပံ့ခံကျောင်းဖြစ်သည်။ အမျိုးသားကျောင်းကား ၁၉၂၀ ပြည့်နှစ် ဘွိုင်းကောက်ခေါ် ကောလိပ်သပိတ်၏ အသီးအပွင့်တစ်ခုဖြစ်သည်။ ဗြိတိသျှအုပ်စိုးမှု ဆန့်ကျင်ရေးအမြဲတေရတနာတစ်ရပ်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်၊ ကောလိပ်သပိတ်အတွင်း အလျှိုအလျှို ပေါ်ပေါက်လာသော တစ်ပြည်လုံးရှိ အမျိုးသားကျောင်းများ အနက် ကျောင်းအချို့သည် ငွေကြေး၊ ဆရာအခက်အခဲများနှင့် အခြေမခိုင်မှုကြောင့် အလျှိုအလျှို ပျောက်ကွယ်သွားခဲ့သည်။ အလုပ်သမားအများစုနေထိုင်ရာဖြစ်သော ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းသည်ကား ပျောက်ကွယ်ရာတွင် မပါဝင်ခဲ့။ မောင်မောင်ဦးတို့လက်ထက်တိုင်အောင် တည်မြဲနေသည်။

အချိန်ကာလမှာ တစ်နိုင်ငံလုံးတွင် ဗြိတိသျှအစိုးရ၏ အုပ်စိုးမှုကို နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်နေကြသောကာလ၊ အမျိုးသားစိတ်၊ မျိုးချစ်စိတ် ပြည့်ဝနေသောအချိန်၊ အမျိုးသားလွတ်မြောက်ရေးအတွက် အာရုံစိုက်နေကြသော သမယ။

အစိုးရကျောင်းသည် ဗြိတိသျှနေမဝင်အင်ပါယာကြီးအတွက် ကျေးတော်မျိုး ကျွန်တော်မျိုး အလောင်းအလျာများအဖြစ် ဖွားမြောက်လာစေရန် သမားရိုးကျ သင်ရိုးညွှန်းတမ်းအတိုင်းသာ သင်ကြားသည်။

အမျိုးသားကျောင်းများသည်ကား အမျိုးသားစိတ်ကို အခြေပြု၍ မျိုးချစ်စိတ်ထက်သန်ရန် ရည်သန်သင်ကြားသည်ဟု လူတို့ ယေဘုယျသဘောပေါက်ထားကြသည်။

အစိုးရနှင့် မကင်းရာမကင်းကြောင်း ဖြစ်ကုန်သော အစိုးရလခစားများ၊ ဘီအိုစီမှ အရာရှိအရာခံများသည် ၎င်းတို့၏သားသမီးများကို အစိုးရကျောင်းသို့ ပို့လေ့ရှိကြသည်။ အချို့သော မျိုးချစ်စိတ်ရှိသည့် အစိုးရလခစားများက သားယောက်ျားကလေးများကို ဝတ္တရားအလျောက် အစိုးရကျောင်းသို့ပို့၍ သမီးမိန်းကလေးများကို ဝိနည်းရှောင်ကာ အမျိုးသားကျောင်းသို့ ပို့လေ့ရှိကြသည်။

အစိုးရနှင့်ကင်းကာ မျိုးချစ်စိတ် ပြင်းထန်သူများကမူ သားသမီးများကို အမျိုးသားကျောင်းတွင်သာ ထားလေ့ရှိကြပေသည်။

သို့ဖြင့် ၁၉၂၆ ရေနံမြေသပိတ်ခေါင်းဆောင် တွင်းစားရိုး ဦးမျိုးညွန့်နှင့် ထိုက်တန်သလောက် ရင်းနှီးမှုရှိသော ဦးကောင်းမိုးသည် မောင်မောင်ဦးအား အမျိုးသားကျောင်းသို့ ပို့အပ်ခဲ့လေသည်။

ကျောင်းတွင် ရာဇဝင်နှင့် သမိုင်းဘာသာရပ် သင်ကြားပို့ချသော ဆရာတစ်ဦးရှိသည်။ ဆရာက သူ၏ဘာသာရပ်ကို သင်ကြားပို့ချရင်းမှ တွင်းရိုး၊ တွင်းစားများနှင့် ဓနရှင် ဘီအိုစီကုမ္ပဏီတို့၏ ဆက်ဆံရေးအပိုင်းကို စကားစပ်ပြောကြားခဲ့သည်။ ဘီအိုစီကုမ္ပဏီ၏ မြေခွေးအသွင် ကောက်ကျစ်စဉ်းလဲပုံနှင့် တွင်းရိုးတွင်းစားများ၏ ရိုးအပုံကို ငါးကြင်းတစ်ကောင်အား အဝေမတည့်ခဲ့သဖြင့် အလယ်ပိုင်းတစ်ပိုင်းလုံး ဆုံးရှုံးရသည့် ဖျံနှစ်ကောင်ကို ဥပမာထား၍ ပြောကြားခဲ့သည်။ ဆရာ၏စကားများကို မောင်မောင်ဦး မမေ့တတ်သေး။

**အစိုးရကျောင်းသည် ဗြိတိသျှနေမဝင်အင်ပါယာကြီးအတွက် ကျေးတော်မျိုး ကျွန်တော်မျိုး အလောင်းအလျာများအဖြစ် ဖွားမြောက်လာစေရန် သမားရိုးကျ သင်ရိုးညွှန်းတမ်းအတိုင်းသာ သင်ကြားသည်။ အမျိုးသားကျောင်းများသည်ကား အမျိုးသားစိတ်ကို အခြေပြု၍ မျိုးချစ်စိတ်ထက်သန်ရန် ရည်သန်သင်ကြားသည်ဟု လူတို့ ယေဘုယျသဘောပေါက်ထားကြသည် . . .**

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အနုပညာ

## တေလာဆွစ်ရဲ့ စံချိန်ကိုကျော်လွန်ကာ စံချိန်သစ်တင်ခဲ့တဲ့ လီဆာ

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BlackPinkရဲ့ အဖွဲ့ဝင် လီဆာဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ပွဲဦးထွက်လှုပ်ရှားခဲ့ရာမှာ လီဆာဟာ ကမ္ဘာကျော်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ စံချိန်ကိုကျော်လွန်ကာ စံချိန်သစ်တင်နိုင်သည်အထိ အောင်မြင်ခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဆာဟာ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ ခေါင်းစီးတေး Lalisa ရဲ့ တေးဗီဒီယိုကိုလည်း တစ်ပါတည်းထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ချိန်မှ ၂၄ နာရီအတွင်း ယူကျူပေါ်ကနေတစ်ဆင့် ကြည့်ရှုသူအများဆုံးရရှိခဲ့တဲ့ တေးဗီဒီယိုဖြစ်လာခဲ့ပါတယ်။ အမျိုးသမီး တစ်ကိုယ်တော်တေးသံရှင်တွေရဲ့ တေးဗီဒီယိုတွေအနက် Lalisa က ကြည့်ရှုသူအများဆုံး အဖြစ် စံချိန်သစ်တင်လိုက်ကြောင်း ယူကျူက စက်တင်ဘာ ၁၃ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

ယခင်က အဆိုပါစံချိန်ကို အမေရိကန်တေးသံရှင် တေလာဆွစ်က တင်ထားခဲ့တာပါ။ တေလာဆွစ်ရဲ့ ၂၀၁၉ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ Me တေးဗီဒီယိုဟာ ၂၄ နာရီအတွင်း ကြည့်ရှုသူ ၆၅ သန်း ရှိခဲ့ပါတယ်။ လက်ရှိမှာတော့ ထိုင်းလူမျိုးတစ်ဦးဖြစ်ပြီး ကေပေါ့ပ်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ လီဆာက စံချိန်သစ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ လီဆာရဲ့ တေးဗီဒီယို Lalisa ဟာ ၂၄ နာရီအတွင်း ကြည့်ရှုသူ ၇၃၆၀၀၀၀၀ ရရှိခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် အဆိုပါ တေးဗီဒီယိုဟာ တေးသံရှင် Psy ရဲ့ စံချိန်ကို ကျော်လွန်ကာ ကြည့်ရှုသူ သန်း ၁၀၀ ကို အချိန်အတိုဆုံးနဲ့ ပြည့်မြောက်ခဲ့တဲ့ တေးဗီဒီယိုအဖြစ်လည်း စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရပါတယ်။



## 2021 Met Gala သို့ တက်ရောက်ခဲ့တဲ့ ရိုဆယ်နဲ့ စီအယ်လ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ရိုဆယ်နဲ့ စီအယ်လ်တို့ဟာ လတ်တလောကျင်းပခဲ့တဲ့ 2021 Met Gala သို့ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ ဒါဟာ အဆိုပါအခမ်းအနား သမိုင်းတစ်လျှောက် ကေပေါ့ပ်ကြယ်ပွင့်တွေ ပထမဆုံးအကြိမ်ပါဝင်တက်ရောက်တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အဆိုပါတွေ့ဆုံပွဲကို စက်တင်ဘာ ၁၃ ရက်က နယူးယောက်မှာ ပြုလုပ်ခဲ့တာပါ။ ယင်းအခမ်းအနားသို့ ကမ္ဘာတစ်ဝန်း ကျော်ကြားတဲ့ အနုပညာရှင်တွေများစွာ တက်ရောက်ခဲ့ကြပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် အဆိုပါ အခမ်းအနားကို ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်မှာမှ ပြန်လည်ကျင်းပတာလည်း ဖြစ်ပါတယ်။

## စေ့စပ်လိုက်ပြီဖြစ်တဲ့ ဘာရစ်တနေစပီးယားစ်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဘာရစ်တနေစပီးယားစ်ဟာ အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ချစ်သူ ဆမ်အက်ဂါရီနဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း လတ်တလောမှာ ကြေညာခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၁၂ ရက်မှာ ဘာရစ်တနေစပီးယားစ်က စေ့စပ်လက်စွပ်ဝတ်ဆင်ထားတဲ့ သူ့ရဲ့ဗီဒီယိုကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အလားတူ ဆမ်အက်ဂါရီကလည်း သူနဲ့ ဘာရစ်တနေစပီးယားစ်တို့ရဲ့ ဓာတ်ပုံကိုဖော်ပြခဲ့ပြီး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းကို ဆမ်အက်ဂါရီရဲ့ မန်နေဂျာက အတည်ပြုခဲ့ပါတယ်။

လက်ရှိမှာ အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘာရစ်တနေစပီးယားစ်ဟာ ၂၇ နှစ်အရွယ် ဆမ်အက်ဂါရီနဲ့ ၂၀၁၆ ခုနှစ်အတွင်း စတင်လက်တွဲခဲ့တာဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်



## ကျောက်တံခါးမြို့၌ ပန်းခင်းစီမံချက် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကျောက်တံခါး စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်အကြောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ဆောင်ကြစို့”ပန်းခင်းစီမံချက် လက်ကမ်းစာစောင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းလှိုင်နှင့် ဝန်ထမ်းများက ယမန်နေ့က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စန်းစန်း




○ ၂၀၂၃ အာရှဖလားမှ

နှစ်သင်းမှာ တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ တတိယအဆင့် ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိကျင်းပသွားမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိမ်ကွင်း၊အဝေးကွင်းပုံစံ မကျင်းပနိုင်ပါက မကျင်းပနိုင်သည့် အသင်း၏ပွဲစဉ်များကို အခြားနိုင်ငံများတွင် ကစားစေမည် ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ ယီမင်၊ သီရိလင်္ကာ၊ ထိုင်း၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ စင်ကာပူ၊ ဟောင်ကောင်၊ နီပေါ၊ မော်လ်ဒိုက်၊ တာ့ခ်မင်နစ္စတန်၊ မလေးရှား၊ ကာဂျစ္စတန်၊ အိန္ဒိယ၊ ပါလက်စတိုင်း၊ ဘာရိန်း၊ ဂျော်ဒန်၊ ဖိလစ်ပိုင်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ကူဝိတ်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။

၂၀၂၃ အာရှဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်အပါအဝင် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုပထမနေရာနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရအသင်းများဖြစ်သည့် ဂျပန်၊ ကာတာ၊ ယူအေအီး၊ ဆီးရီးယား၊ သြစတြေးလျ၊ အီရန်၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ အီရတ်၊ အိုမန်၊ လက်ဘနွန်နှင့် ဗီယက်နမ်အသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရန်မလိုဘဲ နောက်ဆုံးအဆင့်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

ကိုညီလေး

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ပုဗ္ဗသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ရုံးရပ်မှ မြေဧရိယာ (၀.၁၄၆) ဧကရှိ မြေကွက်အမှတ် (ပ-၁၀၈၉)၊ ဦးဇေယျာအေး[၁၂/မရက(နိုင်)၁၂၁၅၀၈]၊ အဖအမည် ဦးလှအေး အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်ကို ဒေါ်ခင်မာကြူ [၁၂/ဗဟန(နိုင်)၀၁၄၂၈၀]၊ အဖအမည် ဦးတင်အောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်၊ (၇၅၃၈/၉-၉-၂၀၁၁)တင်ပြ၍ ဦးသန်းထွဋ် [၈/ဂဂန(နိုင်)၀၀၃၂၉၉]၊ ဒေါ်ဝင်းခင် [၈/ဂဂန(နိုင်)၀၀၃၃၀၀]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၄ဏ၂+၄ည၇)၊ ဧရိယာ(၁၀၀ပေx၇၀ပေ)ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေါ်မြနှစ်လမ်း၊ အမှတ်(၆၅၁)၏ စ ၃/၂ ထပ်၊ (၄)ခန်းတွဲ၊ တတိယထပ်၊ အခန်းအမှတ်(၃၀၄)၊ အကျယ်(၁၅၅၀ စတုရန်းပေ)ရှိ ရေမော်တာ၊ လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ/မြေရှင်များဖြစ်သော ဒေါ်ကျင်အေး[၁၂/တမန(နိုင်)၀၆၇၆၄၇]နှင့် ဦးစန်းဝင်း[၁၂/လမန(နိုင်)၁၃၈၇၁၈]တို့မှ မြေရှင်နှင့်ကန်ထရိုက်တာတို့ပြုလုပ်ချုပ်ဆိုထားသော စာချုပ်စာတမ်းများအရ ပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ကေဇင်ပွင့်သော်[၁၂/ကမရ(နိုင်)၀၆၀၈၉၅]နှင့် ဦးကျော်ငွေဇော်[၁၂/လမန(နိုင်)၁၄၆၅၇၈]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

### “ဦးအောင်သန်း[၁၂/ကမတ(နိုင်)၀၀၃၆၃၂]၊ ဒေါ်မြင့်မြင့်မိုး[၁၂/ကမတ(နိုင်)၀၀၂၆၂၈] နှင့် မောင်မျိုးဇေယျာ[၁၂/ကမတ(နိုင်)၀၀၂၆၂၉]တို့နှင့် အများသိစေရန် ကြေညာချက်”

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၃၈)နေ ဦးအောင်ဉာဏ်ဇော် [၁၂/မဂတ(နိုင်)၀၇၄၂၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၄၃၈)၊ (အလျား၄၂ပေx အနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၈)ဧကအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ်(၁၄၃၈)ဟုခေါ်တွင်သော မြေအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဉာဏ်ဇော်[၁၂/မဂတ(နိုင်)၀၇၄၂၆၉]မှ လူကြီးမင်းတို့ထံမှ ရောင်းဖိုးငွေကျပ် ၈၂၀,၀၀,၀၀၀/-(ငွေကျပ်ရှစ်ရာ့နှစ်ဆယ်သိန်းတိတိ)ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီခဲ့ပြီး၊ (၁၅-၁၂-၂၀၂၀)ရက်နေ့တွင် ‘‘မြေနှင့်အိမ်အရောင်းအဝယ်စရန်ပေးကတိစာချုပ်”ဖြင့် ရောင်းဖိုးစရန်ငွေကျပ် ၂၀၀,၀၀,၀၀၀/-(ငွေကျပ်သိန်းနှစ်ရာတိတိ)ကို ပေးချေခဲ့ရာ လူကြီးမင်းတို့ဘက်မှ လက်ခံရရှိခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

(၁၅-၁၂-၂၀၂၀)ရက်နေ့ ‘‘မြေနှင့်အိမ်အရောင်းအဝယ်စရန်ပေးကတိစာချုပ်”၏ စာမျက်နှာ(၂)၊ အပိုဒ်(၄)တွင် ‘‘ရောင်းသူများသည် ဤစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ (၄)လ(သို့မဟုတ်)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရောင်းအဝယ်ပြုလုပ်သည့် အိမ်နှင့်မြေအတွက် (ပိုင်ဆိုင်/အရောင်း)မြေပုံမြေရာဇဝင်တို့ကို ထုတ်ယူရရှိသည့်နေ့မှစ၍ (၁)ပတ်အတွင်း ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆို၍ ဝယ်ယူသူသို့ အဆိုပါမြေအိမ်နှင့်စပ်လျဉ်းသော အထူးကိုယ်စားလှယ်စာတစ်စောင်လွှဲအပ်ပြီး၊ အရောင်းအဝယ် ပြုလုပ်သည့်မြေနှင့်အိမ်ကို လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်းနှင့် ထိုသို့ကိုယ်စားလှယ်စာလွှဲအပ်သည့် အချိန်တွင်ပင် ဝယ်သူက ကျန်ငွေကျပ် ၆၂၀,၀၀,၀၀၀/-(ငွေကျပ်သိန်းခြောက်ရာ့နှစ်ဆယ်တိတိ)ကို ရောင်းသူများထံ အပြေအကျေပေးချေမည်ဖြစ်ကြောင်း အပြန်အလှန်ကတိပြုကြပါသည်”ဟု ဖော်ပြချုပ်ဆိုခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအောင်ဉာဏ်ဇော် [၁၂/မဂတ(နိုင်)၀၇၄၂၆၉]မှ ရောင်းဖိုးအပြီးသတ်ကျန်ငွေ ၆၂၀,၀၀,၀၀၀/-(ငွေကျပ်သိန်းခြောက်ရာ့နှစ်ဆယ်တိတိ)ကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပေးချေရန်အသင့်ရှိပြီး ရောင်းဖိုးအပြီးသတ်ငွေကို လက်ခံရန်နှင့် လူကြီးမင်းဘက်မှ အထက်အပိုဒ်ပါ မြေအိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြေပုံမြေရာဇဝင်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်နှင့် အရောင်းမြေပုံမြေရာဇဝင်မူရင်း၊ ဝယ်သူမှညွှန်ပြသူအား အထူးကိုယ်စားလှယ်လွှဲစာပြုလုပ်လွှဲအပ်ပေးပြီး၊ ရောင်းချသည့်ပစ္စည်းဇယားပါ မြေနှင့်အိမ်ကို လက်ရောက်ပေးအပ်ရန် တောင်းဆိုသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ပျက်ကွက်လျှင်‘‘(၁၅-၁၂-၂၀၂၀)ရက်စွဲပါ မြေနှင့်အိမ်အရောင်းအဝယ်စရန်ပေးကတိစာချုပ်”၏ စာမျက်နှာ (၂)အပိုဒ် (၆)အရ “ရောင်းသူများ၏ ကတိဝန်ခံချက်များနှင့်အညီ ဆက်လက်ရောင်းချရန်ပျက်ကွက်ပါက ဝယ်သူထံမှ ရယူထားသည့်ငွေအားလုံး၏ (၂)ဆကို တစ်ပေါင်းတည်း ချက်ချင်းပေးလျော်မည်ဖြစ်ကြောင်း ကတိပြုပါသည်”ဟု ဖော်ပြချုပ်ဆိုထားချက်အတိုင်း ကျွန်ုပ်မိတ်ဆွေထံမှ လက်ခံရယူထားသော ရောင်းဖိုးငွေကျပ် ၂၀၀,၀၀,၀၀၀/-(ငွေကျပ်သိန်းနှစ်ရာတိတိ)၏ (၂)ဆဖြစ်သော ငွေကျပ် ၄၀၀,၀၀,၀၀၀/-(ငွေကျပ်သိန်းလေးရာတိတိ)ကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပြန်လည်ပေးအပ်ရန် တောင်းဆိုသည်။ အကယ်၍ လူကြီးမင်းတို့ဘက်မှ လိုက်နာခြင်းမရှိ ပျက်ကွက်လျှင် ပြစ်မှုကြောင်း၊ တရားမကြောင်းအရ အရေးယူအပြစ်ပေးနိုင်ရန် လွှဲအပ်ညွှန်ကြားထားကြောင်း ဦးအောင်သန်း [၁၂/ကမတ(နိုင်)၀၀၃၆၃၂]၊ ဒေါ်မြင့်မြင့်မိုး [၁၂/ကမတ(နိုင်)၀၀၂၆၂၈]နှင့် မောင်မျိုးဇေယျာ [၁၂/ကမတ(နိုင်)၀၀၂၆၂၉] တို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဉာဏ်ဇော်[၁၂/မဂတ(နိုင်)၀၇၄၂၆၉]၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ လူနေရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၉၇၄၊ အကျယ်ပေ(၄၀x၆၀) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေ၏ (မြေကွက်အမှတ်-၉၇၃/ခနှင့် ကပ်လျက်ရှိ အနောက်ဘက်ခြမ်း) အကျယ်ပေ(၁၀x၆၀)၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန် မြေပေါ်ရှိ အမှတ် (၉၇၄)၊ ဝေဇယန္တာ(၁၃)လမ်းအရှေ့၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သောမြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးမြသန်း [၁၄/ကလန(နိုင်)၀၃၉၈၇၇]အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်နှင့် (၂၄-၁၀-၂၀၀၈)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်တို့အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးညွန့်အောင် [၁၂/သကတ(နိုင်)၀၁၈၂၂၉] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၃-၈-၂၀၁၃)ရက်စွဲဖြင့် ကျွန်တော် ဦးကိုကိုအောင် (ဘ)ဦးအောင်မြင့်သို့ တပ်သား မျိုးမင်းမင်းကျော် (ဘ) ဦးကျော်ဝင်းမှ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၁၀၉၂/၂၀၁၃)အား (၁၅-၉-၂၀၂၁)ရက်နေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးကိုကိုအောင် [၇/သနပ(နိုင်)၀၆၄၅၂၄]**
**ဖုန်း-09-250297685**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၉-၂၀၁၇) ရက် ကြေးမုံသတင်းစာ ကြော်ငြာ စာမျက်နှာ (၂၄)ပါ အများသိစေရန် ကြေညာခြင်းတွင် ကန့်ထရိုက်တာ ဦးသိန်းမြင့်၏နိုင်ငံသားအမှတ်အား(၇/ဝမန(နိုင်)၀၀၂၂၇၆) ဟုပြင်ဆင်ဖတ်ရှုပါရန်။

# မူးယစ်ကို
# ပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

# Happy Birthday သားကြီးကျော်ကိုကိုဆက်နိုင်

ဘိုးဘိုးကြီး ''သီရိသုဓမ္မမဏိဇောတဓရ ဦးမိုး(ခ)မုံရွာဆရာမိုး"၏ မြေးဦးရတနာ မောင်ကျော်ကိုကိုဆက်နိုင် [Brainwork, Total Learning Academy Primary (6)]၏ ၁၅-၉-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျရောက်သော (၁၃)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ဖေဖေ၊ မေမေ၊ ညီလေးများနှင့်အတူ အသက်ရှည် ကျန်းမာ ချမ်းသာစွာ ဘာသာအကျိုး၊ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော ထူးချွန်ထက်မြက် တတ်သိလိမ္မာသည့် သားကောင်းရတနာလေးဖြစ်ပြီး သက်ဆုံးတိုင် ကောင်းသောဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဖေဖေ – ဦးကျော်ကိုကိုရှိန်း
မေမေ – သီရိသုဓမ္မသိင်္ဂီ ဒေါ်မိုးပြည့်ပြည့်ဖြိုး
ညီလေးများ – မောင်သုဝေယံရှိန်း [Brainwork, Total Learning Academy Primary (5)]
– မောင်မိုးပြည့်စုံဟိန်း [Brainwork, Total Learning Academy Primary (4)]

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်**
**KS Diamond (Diamonds & Jewellery) စိန်ဆိုင်၊ ရွှေသု စိန်ရွှေရတနာဆိုင်နှင့်**
**မိုးပြည့်ဟိန်း ပုံနှိပ်တိုက်မိသားစု**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်(၃)၊ မြေကွက်အမှတ် (၆၄၆/က)၊ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားပေါ်ရှိ အကျယ်အဝန်း အလျား(၂၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ အမှတ်(၆၄၆/ခ)၊ ရန်ပြေ(၁၃)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်စိန် [၂/လကန(နိုင်)၀၂၃၄၅၇]ဟု မှတ်သားတည်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်နေထိုင်သူ ဒေါ်ခင်ဥမ္မာထွန်း [၁၂/သကတ(နိုင်)၀၂၂၅၄၁]မှ ၎င်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အာမခံအဖြစ်တင်သွင်းခြင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်မြင့် [၁၂/မဂတ(နိုင်)၀၄၅၆၀၃]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ကြည်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**
**အမှတ်-၃/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၇၂၇၆၆၇၁၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်(၅)၊ မြေကွက်အမှတ်(၅၆၈)၊ ပါမစ်မြေအမျိုးအစားပေါ်ရှိ အကျယ်အဝန်း ပေ(၄၀x၆၀)၊ ဧရိယာ(၂၄၀၀) စတုရန်းပေရှိ မြေကွက်၏ မခွဲမစိတ်ရသေးသော (ခြေရင်းပိုင်း)ဖြစ်သည့် အမှတ်(၅၆၈/ခ)၊ နီလာ(၄)လမ်း/ကြံ့ခိုင်ရေးလမ်း၊ ၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မြေကွက်အား ပါမစ်အမည်ပေါက် ဦးအေးကြူ (AC-၀၃၉၉၁၇)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်သူ ဦးအောင်မျိုးဦး [၈/မတန(နိုင်)၀၄၃၈၅၄]မှ ၎င်းပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ထွေး [၁၂/ဒပန(နိုင်)၀၂၁၄၃၇]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်တင်တင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**
**အမှတ်-၃/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၇၂၇၆၆၇၁၆**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ လူနေရပ်ကွက်-ကံဘဲ့၊ မြေကွက်အမှတ်(၄၄/ခ၃)၊ ဧရိယာအားဖြင့် (၀.၂၆၀)ကေရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေလိခလမ်း၊ အမှတ်(၄၄/ခ-၁)ဟုခေါ်တွင်သည့် မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မှတ်တမ်းတွင် ဦးလှဘော်[၁၂/မရက (နိုင်) ၀၈၁၇၈၄] အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၎င်းအမည်ပေါက်ထံမှ ဖော်ပြပါမြေကွက်အမှတ်(၄၄/ခ၃)၏ မြောက်ဘက်ခြမ်းရှိ အလျား(၅၀/၅၀ပေ)xအနံ(၉၀/၉၂ပေ)ခန့်ရှိ (တရားဝင်မခွဲစိတ်ရသေးသော) မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မိုး**
**(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၉၀/၈၅)**
**အမှတ်(၁၅/ဓ)၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ ၁၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

# သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ရိုးရာလမ်း၊ မြေကွက်အမှတ်(၁၀၆၃)အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဇော် [၁၂/ဗတထ(နိုင်)၀၁၄၄၆၄]ထံမှ ဝယ်ယူရန် ကျွန်ုပ်က စရန်ငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သက်သက်ဟန်[၉/ဝတန(နိုင်)၁၂၆၁၆၆]**
**ဖုန်း-၀၉-၂၅၀၀၆၄၅၇၁**

## (၁၃-၉-၂၀၂၁)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ-၂၄ပါ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၁၃၇)၊ ပထမထပ် (ခေါင်းရင်းခန်း)နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်အပေါ် နောက်ဆက်တွဲ အမှားပြင်ဆင်ချက်

(၁၃-၉-၂၀၂၁)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ-၂၄ ပါ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၁၃၇)၊ ပထမထပ် (ခေါင်းရင်းခန်း)နှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်၏ ဒုတိယစာပိုဒ်တွင် အမှတ်(၁၃၇)၊ ပထမထပ် (ခြေရင်းခန်း)၊ (၁၀)ရပ်ကွက်၊ (၅)လမ်း၊ တောင်ဥက္ကလာပမြို့နယ်ရှိ တိုက်ခန်းအား အမှတ်(၁၃၇)ပထမထပ်(ခေါင်းရင်းခန်း)၊ (၅)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိတိုက်ခန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

| | |
|---|---|
| **ဒေါ်အေးမြသီတာ** | **ဒေါ်အေးသန္တာမင်းအောင်** |
| **(LL.B)** | **(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၄)** |
| **Ph: 09-421140329** | **Ph: 09-421072494** |

**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**

## ဒေါ်ခင်ဝင်း[၁၂/သကတ(နိုင်)၀၂၄၉၇၆]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော်(ခ) ဦးဇော်လင်း[၁၂/စခန(နိုင်)၀၁၀၅၄၇]ပိုင်ဆိုင်သော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရတနာသိခ်လမ်း၊ အမှတ်-၄၃(၆-လွှာ)(ခြေရင်းခန်း) တိုက်ခန်းကို ဒေါ်ခင်ဝင်းထံသို့ (၂၀-၁-၂၀၂၁)ရက်တွင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆိုပြီး (၃-၄-၂၀၂၁) ရက်တွင် ကျန်ငွေပေးချေ၍ အပြီးသတ် အရောင်းအဝယ်ပြုလုပ်ရန် ဝန်ခံကတိပြုခဲ့သော်လည်း သတ်မှတ်ရက်ကျော်လွန်သည့်အချိန်တွင် ဝယ်ယူသူ ဒေါ်ခင်ဝင်းမှ အဆိုပါအခန်းအား မယူလိုတော့ကြောင်း၊ စရန်ငွေ အဆုံးခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် အရောင်းအဝယ်ပျက်ပြယ်ပြီးဖြစ်ကြောင်းနှင့် အဆိုပါအခန်းအား ကျွန်ုပ်၏ မိတ်ဆွေမှ အခြားသူများသို့ အရှုပ်အရှင်းကင်းစွာဖြင့် လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၅၀/၁၃-၉-၂၀၁၂)**
**အမှတ်-၁၁(ပ-ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်ကျောင်းလမ်း၊ အမှတ်(၁၉)နေ ဒေါ်ဖြူဖြူအောင် [၁၂/သလန(နိုင်)၀၉၂၁၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးခင်မောင်ဇော် [၁၂/သလန(ပြု)၀၀၁၈၁၉]နှင့် ဒေါ်ဖြူဖြူအောင် [၁၂/သလန(နိုင်) ၀၉၂၁၆၃]တို့သည် (၃-၆-၂၀၀၇)ရက်မှစ၍ တရားဝင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။

ခင်ပွန်းဖြစ်သူ ဦးခင်မောင်ဇော်သည် (၂၅-၇-၂၀၂၁)ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ လင်မယားနှစ်ဦး လက်ထပ်ပေါင်းသင်းစဉ် ဖြစ်ထွန်းလာသော လက်ထက်ပွားပစ္စည်းများဖြစ်သည့် အောက်ပါကျန်ရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် ဦးခင်မောင်ဇော် ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်ဖြူဖြူအောင် တစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားနီဘုရားလမ်းသွယ်၊ မြို့ဟောင်းအရှေ့၊ အကွက်အမှတ်(၈-က)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်ကျောင်းလမ်း၊ အမှတ်(၁၉)၊ အကျယ်အဝန်း ပေ(၂၈.၆x၇၀)ရှိ မြေနှင့်အိမ်အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းရပ်ကွက်၊ မြို့ပြကွက်သစ်လမ်း၊ အမှတ်(၆၆၂)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေနှင့်အိမ်(နှစ်ထပ်တိုက်အဆောက်အဦ)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ တံခွန်တိုင်(အင်းစိန်)ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၀၃)အငှားမြေကွက် စုစုပေါင်း(၁၅)ကေပေါ်တွင် ဆောင်ရွက်ထားသော လုပ်ငန်းတန်ဖိုး ကျပ်သိန်း(၅၅၀)ဝန်းကျင်ရှိ ကြက်/ဘဲခြံ အဆောက်အဦ (၃)လုံး၊ ဂိုဒေါင် (၂)လုံး၊ လူနေတဲအိမ်(၂)လုံး၊ မွေးမြူထားသည့် ဘဲများအားလုံး၊ ငါးမွေးကန်(၃)ကန်တွင် မွေးမြူထားသော ငါးများအားလုံးနှင့် ဆိတ်အကောင်ရေ (၁၇)ကောင်အပါအဝင် ရွှေ့ပြောင်းနိုင်သော လုပ်ငန်းသုံးပစ္စည်းများအားလုံး။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဖြူဖြူအောင်** | **ဦးလှဝင်း(စဉ်-၂၇၅၄/၃၁-၈-၁၉၈၄)** |
| **[၁၂/လသန(နိုင်)၀၉၂၁၆၃]** | **B.Sc,H.G.P,R.L,D.B.L,D.M.L,D.I.L,M.Dev.S** |
| | **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်** |
| | **အမှတ်(၂၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့။ ဖုန်း-၀၉-၂၀၉၃၇၉** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၃၃၁/က)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့်တိုက်၏ **(ပဉ္စမထပ်) (၆-လွှာ) (A-၆)** တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား **ဒေါ်နော်ဇင်မင်းသက်လယ်ညီမ်း၊ ဒေါ်နော်ခိုင်သဇင်ညီမ်း၊ ဦးလှမင်းနိုင်**တို့မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်နိုင်၊ ဒေါ်အိအိဖြိုး**တို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့် ဤကြေညာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနုစိုး (LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၂၁/၁၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

## (၂၇-၈-၂၀၂၁)ရက်စွဲပါ ကြေးမုံသတင်းစာတွင် အများသိစေရန် အသိပေးတားမြစ် ကြေညာခြင်းအပေါ် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အေးရီ၊ ဦးမျိုးမြင့်အောင်၊ ဒေါ်အေးအေးသက်၊ ဦးဝင်းအောင်၊ ဦးမြင့်အောင်၊ ဒေါ်နွယ်နွယ်ယဉ်၊ ဒေါ်မိုးမိုးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

(၂၇-၈-၂၀၂၁)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သည့် မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (နှစ်ထပ်)အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဒေါ်ကျော့နှင့် (တူမ)ဒေါ်ခင်စောဦးတို့မှ အမည်ပေါက်ပိုင်ဆိုင်ကြပါသည်ဟု ဖော်ပြကြေညာခဲ့ရာ အမှန်တကယ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဒေါ်ကျော့အမည်တစ်ဦးတည်းသာလျှင် အမည်ပေါက်ပိုင်ဆိုင်ကြောင်း မှတ်တမ်းမှတ်ရာများအရ တည်ရှိနေပါ၍ ယင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၇-၈-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်အား ယခုကြော်ငြာဖြင့် ပြန်လည်၍ ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်လင်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၂၂၃)(၂၈-၆-၁၉)**
**အမှတ်(၄၀၂)၊ ဖိုးဝဇီရာလမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၉၉၂၈၁၉၉**

## (၂၇-၈-၂၀၂၁)ရက်စွဲပါ ကြေးမုံသတင်းစာတွင် အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်းအပေါ် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း


ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အေးရီ၊ ဦးမျိုးမြင့်အောင်၊ ဒေါ်အေးအေးသက်၊ ဦးဝင်းအောင်၊ ဦးမြင့်အောင်၊ ဒေါ်နွယ်နွယ်ယဉ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

(၂၇-၈-၂၀၂၁)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၅၆)ဟုခေါ်တွင်သည့် မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (နှစ်ထပ်)အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အေးကြည်မှ အမည်ပေါက်ပိုင်ဆိုင်လာခဲ့ပြီး (၂၂-၂-၂၀၁၃)ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်ဟု ကြေညာချက်သည် မှန်ကန်နေပြီး ၎င်း၏အမွေဆက်ခံသူများဖြစ်ကြသော ဒေါ်အေးရီ၊ ဦးမျိုးမြင့်အောင်၊ ဒေါ်အေးအေးသက်၊ ဦးဝင်းအောင်၊ ဦးမြင့်အောင်၊ ဒေါ်နွယ်နွယ်ယဉ်တို့မှ အထက်ဖော်ပြပါ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (နှစ်ထပ်တိုက်) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပူးတွဲပိုင်ဆိုင်လျက်ရှိကြပြီး အမွေခွဲဝေရခြင်း မရှိသေးပါကြောင်းဟု ဖော်ပြချက်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကွယ်လွန်သူ ဒေါ်အေးကြည်၏ အမွေဆက်ခံသူမှာ ဒေါ်အေးရီတစ်ဦးတည်းဖြစ်ပါ၍ ယင်းကြေညာချက်အား ပြန်လည်၍ရုပ်သိမ်းကြေညာရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၇-၈-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်အား ယခုကြော်ငြာဖြင့် ပြန်လည်၍ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်လင်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၂၂၃)(၂၈-၆-၁၉)**
**အမှတ်(၄၀၂)၊ ဖိုးဝဇီရာလမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၉၉၂၈၁၉၉**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်အကြောင်းကြားခြင်း







[illegible]



[illegible]

[illegible]

[illegible]

[illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ဘူးလယ်အင်းကျေးရွာအနီး ရောဝတီဘဏ်မှ ငွေသယ်ဆောင်လာသည့် ကား နှစ်စီးအား စားပြတိုက်သည့်ဖြစ်စဉ်မှ တရားခံများ ထပ်မံဖမ်းဆီးရမိ

**တရားခံ ၁၂ ဦး၊ M-79 ဖုံးပစ်လောင်ချာ တစ်လက်၊ AK-47 သေနတ် နှစ်လက်၊ MK-12 သေနတ် ခြောက်လက်၊ Remington model 700 အမျိုးအစား ပြောင်းချောသေနတ် တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၃၉၄၀၀ ကျော် ပြန်လည်သိမ်းဆည်းရမိ**

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ (၁)လမ်းရှိ မီးရထားအိမ်ရာဝင်းအတွင်း ဖမ်းဆီးရမိသည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ



ဟန်ဝင်းဇော်(ခ)ကုလားကြီး
စက် ၁၄ ရက် ၁၃:၂၄ နာရီ



ချစ်လင်းဇော်(ခ)ဘောလုံး
စက် ၁၄ ရက် ၁၃:၂၄ နာရီ



အောင်ကျော်
စက် ၁၄ ရက် ၁၃:၂၄ နာရီ



စည်သူဖြိုး
စက် ၁၄ ရက် ၁၃:၂၄ နာရီ

ပဲခူးမြို့၊ ဇိုင်း/တောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်း ဟောင်း ကားလမ်းဘေးရှိ ကောင်းကြိုက် ဒံပေါက်ဆိုင်ရှေ့ ၌ ဖမ်းဆီးရမိသည့် တရားခံ၏ မှတ်တမ်းဓာတ်ပုံ



ရန်နိုင်
စက် ၁၄ ရက် ၁၄:၃၀ နာရီ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပဲခူးမြို့ ရောဝတီဘဏ်မှ မြန်မာကျပ်ငွေ ၄ ဘီလီယံခန့်အား ဘူးလယ်အင်းကျေးရွာအနီး ကားလမ်းမပေါ်တွင် PDF အကြမ်းဖက်အဖွဲ့တို့က လုယက်သွားမှုအပေါ် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုဖြင့် တရားခံများအား ၉ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှု ဖြစ်စဉ်တွင် ပြန်လည် သိမ်းဆည်းရမိသည့် ငွေစက္ကူများအား စစ်ဆေးရေးဘုတ်အဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၃၈၈၅၀ ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ ပဲခူးမြို့ မဇင်းရပ်ကွက် မီးရထားအိမ်ရာဝင်းအတွင်း နေအိမ်တစ်လုံးအတွင်း၌ ဆက်စပ်တရားခံများ ရောက်ရှိနေကြောင်း သိရှိရသဖြင့် ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ ဟန်ဝင်းဇော်(ခ) ကုလားကြီး (ဘ)ဦးမောင်မောင်စန်း၊ ချစ်လင်းဇော်(ခ) ဘောလုံး (ဘ) ဦးသိန်းဇော်၊ အောင်ကျော် (ဘ) ဦးသက်ဦးနိုင်နှင့် စည်သူဖြိုး (ဘ)ဦးသန်းဌေးတို့အား ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ ပြီး မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးမြို့နယ်၊ ရန်ကုန်- မန္တလေး လမ်းဟောင်းဘေး၊ ဇိုင်းတောင်ရပ်ကွက်

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ☆

## ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို နှစ်ကုန်ပိုင်းတွင် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

အာရှဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ကျင်းပမည့် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်မည်ဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းပြုလုပ်ခဲ့သည့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲမှာ ယခုနှစ်လယ်ပိုင်းတွင် ပြီးဆုံးခဲ့ပြီး အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် Play-off ပွဲစဉ်နှစ်ပွဲ ကစားရမည်ဖြစ်သောကြောင့် အုပ်စုမဲခွဲပွဲကို နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလမှသာ ပြုလုပ်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် တတိယအဆင့် ခြေစစ်ပွဲကို အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ၂၂ သင်း ထွက်ပေါ်ပြီးဖြစ်သောကြောင့် နှစ်သင်းသာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။

ခြေစစ်ပွဲ Play-off အဖြစ် ကမ္ဘောဒီးယားနှင့် ဂူအမ်၊ အင်ဒိုနီးရှားနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲစဉ်များမှ အနိုင်ရသည့်

**စာမျက်နှာ ၂၄ ကော်လံ ၂ သို့** ○

## ဝေါန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် သာပေါင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ကြေးမုံ ယနေ့ ဖတ်စရာ



ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူ ၈၀ ကျော် သေဆုံး
စာမျက်နှာ ၁၂

အင်္ဂလန်နိုင်ငံက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်
စာမျက်နှာ ၁၃

အကြမ်းဖက်သမားများက ကလေးမြို့နယ် ကျောက်ပြုတ်ကျေးရွာရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်
စာမျက်နှာ ၁၅

စက်တင်ဘာ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၄၂၁ ဦး တွေ့ရှိ
စာမျက်နှာ ၂၂




ယဉ်ကျေးလိမ္မာ စာပဒေသာ
စာမျက်နှာ ၂၀၊ ၂၁